The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 36 တနင်္လာနေ့တိုင်းထုတ်ဝေသည် September 23, 2019

# မြန်မာ့ပဲမျိုးစုံ ဈေးကွက်ခိုင်မာမှုနှင့် ရေရှည်ကုန်သွယ်မှုရရှိရေး

စာမျက်နှာ - ၈ ➤






# ဒသမအကြိမ် မြန်မာ – ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးကျင်းပ

စာမျက်နှာ - ၁၈ ➤

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ထပ်မံခွင့်ပြုရန် စီစဉ်

စာမျက်နှာ - ၁၁ ➤

## ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စာမျက်နှာ - ၁၈ ➤

## ပြည်ပမှတင်သွင်းမည့် အသားစား ကြက်ပေါက်များကို ဈေးနှုန်းအပေါ် အခြေခံ၍ တင်သွင်းခွင့်ပြုမည်

စာမျက်နှာ - ၂၆ ➤






**Volkswagen Myanmar**

Service Yangon : 09773591950 Sales Yangon : 09770011177
Service Mandalay : 09765603716 Sales Mandalay : 09770077727



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး (အရာထမ်း) သင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကားပြောကြား



ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး(အရာထမ်း) သင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ရုံးအမှတ်(၅၂)၊ စားသုံးသူရေးရာဦးစီးဌာန၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မိမိဝန်ကြီးဌာနအနေဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်သို့ လျှောက်လှမ်းရာတွင် လူ့စွမ်းအားအရင်းအမြစ် ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်စေရေး၊ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်သင်ကြား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

စာမျက်နှာ ၆ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E. Mr. LEE Sang - hwa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E. Mr. LEE Sang - hwa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက ကိုရီးယားသမ္မတနိုင်ငံသမ္မတ H.E. Mr. Moon Jae-in ဦးဆောင်သော ကိုရီးယားနိုင်ငံကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် အထူးကျေးဇူးတင်ရှိကြောင်း၊ ခရီးစဉ်အတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Memorandum of Understanding on the Establishment of the Korea Desk in Myanmar နှင့် Memorandum of Understanding on Trade and Industrial Cooperation နားလည်မှုစာချွန်လွှာနှစ်စောင် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်း၊ အဆိုပါ MoU များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်သွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Doing Business ကိစ္စရပ်များနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှု အခြေအနေများ ရှင်းလင်းသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် စက်တင်ဘာ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပပြုလုပ်သော Doing Business ကိစ္စရပ်များနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှု အခြေအနေများ ရှင်းလင်းသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် Ease of Doing Business Ranking တိုးတက်ရေးအတွက် အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြု အဖွဲ့များအနေဖြင့် Standard Operating Procedure (SOP) ကို ပြန်လည်ရေးဆွဲနေပြီး အညွှန်းကိန်းတစ်ခုချင်းအတွက် ဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် E-Government ဖော်ဆောင်သော

စာမျက်နှာ ၆ သို့

Commerce JOURNAL

အတိုင်ပင်ခံစာတည်း
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

စာတည်းမှူးချုပ်
အောင်သူရ

အုပ်ချုပ်ရေးမှူး
အေးအေးမော်

တာဝန်ခံစာတည်း
စိန်သံ

စာတည်းအဖွဲ့
ရဲမင်းနိုင်

လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေနိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
ခင်စုစုလှိုင်

ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး

ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

ကွန်ပျူတာ
သင်းသီရိအောင်

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

Vol: 19, No.36 Monday September 23 2019

# တစ်ပတ်အတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန်သုံးသောင်းခုနစ်ထောင်ကျော်တင်ပို့

စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၇၇၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ စခန်းအလိုက် ဆန်တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတန်ချိန် ၅၁၇၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန်၈၃၀ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၇၁၀ နီးပါးဖြစ်သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၄၄၀၀ကျော်ပိုမိုတင်ပို့နိုင်ကြောင်းသိရသည်။ ယခုတစ်ပတ်ဆန်ကွဲတင်ပို့မှုမှာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၀ တန်နှင့် မြဝတီကုန်သွယ်ရေးစခန်းမှ ၁၈၄၅ တန် ဖြစ်သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှစက်တင်ဘာ ၈ ရက်မှ ၁၄ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ခြောက်သန်းကျော်တန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နှင့်ပေါင်းဆန် တန်ချိန်၁၈၂၃၀ကျော်တင်ပို့ခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်ရေကြောင်းမှ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ရုရှား၊ မက်ဒါဂါစကား၊ ဂီနီနှင့်အီးယူနိုင်ငံများသို့တင်ပို့ကြောင်း သိရသည်။ အများဆုံးတင်ပို့သည့်နိုင်ငံများမှာ တရုတ်နိုင်ငံသို့ တန်ချိန် ၉၂၄၀ ၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန်၂၆၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့တန်ချိန် ၅၁၀၊ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၁၇၅၀၊ အီးယူနိုင်ငံများသို့ တန်ချိန်၄၅၇၀၊ ဂီနီသို့ တန်ချိန် ၁၀၀၀တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန်၅၀၀၀ကျော် လျော့ကျခဲ့ကြောင်း သိရသည်။

အလားတူကာလအတွင်း ရေကြောင်းမှ အမေရိကန်ဒေါ်လာနှစ်သန်းကျော်တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၀၀၀၀ ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်ဆန်ကွဲ တင်ပို့မှုများမှာ တရုတ်နိုင်ငံ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အီးယူ၊ဂျီဘူတီနှင့် အီသီယိုးပီးယားနိုင်ငံများဖြစ်သည်။ အင်ဒိုနီးရှားသို့တန်ချိန်၁၃၇၀ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန်၂၅၀၊ ဖိလစ်ပိုင်သို့တန်ချိန်၂၀၀၊ အီးယူသို့ တန်ချိန် ၆၆၇၀ကျော်၊ ဂျီဘူတီသို့တန်ချိန် ၂၅၀နှင့်အီသီယိုးပီးယားသို့တန်ချိန်၁၂၅၀အများဆုံးတင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါကတန်ချိန် ၁၅၀၀ ကျော် လျော့ကျခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ဆန်တန်ချိန် ၂၅၉၃၀ နှင့် ဆန်ကွဲတန်ချိန် ၁၁၈၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# သာယာဝတီခရိုင်၌ ဆန်၊ စပါးဈေးနှုန်းများ တည်ငြိမ်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၏မြို့နယ်များတွင် ဆန်/စပါးဈေးနှုန်းများမှာ ငြိမ်သက်နေပြီး ဈေးအေးလျက်ရှိသည်။ ၄၆ ပေါင်တင်း၁၀၀ လျှင် အနိမ့်ဆုံး ကျပ် ၅၀၆၀၀၀ မှ အမြင့်ဆုံး ကျပ် ၅၁၅၂၀၀ ခန့်သာရှိပြီး အရောင်းအဝယ်မရှိဘဲ စက်တွင်းလက်ကျန်လောက်သာရှိကာ မိုးစပါးများပေါ်ခါနီးအချိန်ဖြစ်ခြင်းကြောင့် ဈေးအေးနေပြီး ဆန်ဈေးနှုန်းများမှာတော့ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ ခန့်မှ ၂၂၅၀၀ ကျပ်ခန့်ရှိကြောင်း သိရသည်။ **ဝေဝေဖြိုး(သာယာဝတီ)**

# ပုသိမ်ဆန်၊ စပါးဈေးကွက် အရောင်းအဝယ်အေးလျက်ရှိ



ပုသိမ်မြို့နယ်ဆန်၊ စပါးဈေးကွက်တွင် ယခင်လထက် ယခုစက်တင်ဘာလတွင် ဈေးနှုန်းဆက်လက်ကျဆင်းကာ အရောင်းအဝယ်အေးလျက်ရှိသည်။ ယခင်ဧရာဝတီပေါ်ဆန်း ၅၂ ပေါင်ခွဲ တင်း ၁၀၀ ကို ၁၁ သိန်း ၁၂ သိန်းကျပ်ဝန်းကျင်မှ ယခုဈေး ကျပ် ၁၀ သိန်း ၁၁ သိန်းကျပ်ခန့် ဆန်တစ်အိတ်ကို ကျပ် ၄၁၀၀၀-၄၁၅၀၀ ဈေးမှ ယခုဈေးကျပ်၄၀၀၀၀ဝန်းကျင်၊ ပေါ်ဆန်းရင်စပါး ၅၂ ပေါင်ခွဲတင်း ၁၀၀ ကို ၁၀ သိန်း၊ ၁၀ သိန်းခွဲဝန်းကျင်မှ ယခုဈေးကျပ် ကိုးသိန်း၊ ကိုးသိန်းခွဲဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၃၈၀၀၀-၃၉၀၀၀ ဈေးမှ ယခု ဈေး ကျပ် ၃၆၀၀၀-၃၇၀၀၀ ဈေးဖြစ်သွား၍ ဒေသတွင်းနှင့်ရန်ကုန်အထက် အညာဒေသမှ ဝယ်လိုအား လျော့နည်းလျက်ရှိပြီး ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ်အေးလျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

ပေါ်ဆန်းစပါး၊ ဆန်ဈေးနှုန်းကျဆင်းမှုနှင့်အတူ မိုးဧည့်မထအုပ်စုဝင်မနောသုခ၊ မျိုးပွားစပါးဈေးနှုန်းမှာလည်း ကျဆင်းလျက်ရှိပြီး ယခင်မိုးစပါး ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၅၀၀၀၀ ဝန်းကျင်ဈေးမှ ယခုဈေးကျပ် ၅၀၀၀၀၀ ဝန်းကျင်ဈေးသာရှိသည်။ ယခုလက်ရှိဈေးကွက်တွင် ကုန်သည်၊ စက်ပိုင်အများစုမှာလှောင်စပါးများရှိနေသည့်အတွက် ၎င်းစပါးများကိုသာ အဓိက ကြိတ်ခွဲရောင်းချလျက်ရှိပြီး လက်ကြီးတောင်သူစပါးများကို ဝယ်ယူမှုမရှိဘဲ အရောင်းအဝယ်အေးသည့်အပေါ် စပါးဈေးနှုန်း များကျဆင်းလျက်ရှိသည်။ ယခုလက်ရှိအချိန်မြို့နယ်အချို့တွင် ရက် ၉၀ စပါးများ အနည်းငယ် စတင်ထွက်နေပြီဖြစ်၍ စပါးသစ်ပေါ်ချိန် ဈေးကွက်မှာ ခန့်မှန်း၍မရကြောင်း မြို့ပေါ်ရှိ ကုန်သည် ဆန်စက်ပိုင်ရှင်အသိုင်းအဝိုင်းမှ သိရသည်။ **မင်းမင်းဦး(ပုသိမ်)**

# ဧရာဝတီတိုင်းဒေသကြီးမှ တရုတ်ပြည်မကြီးသို့ ဆန်တိုက်ရိုက်တင်ပို့မည်

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်ရှိ လယ်ယာသုံးစက်ကိရိယာ တင်သွင်းရောင်းချလျက်ရှိသော God Father Company သည် တရုတ်နိုင်ငံမှလယ်ယာသုံးစက်ကိရိယာများကို တင်သွင်းရောင်းချလျက်ရှိပြီး ယခုအခါ ၎င်းတို့နှင့်ကုန်သွယ်ဖက်တရုတ်နိုင်ငံမှကုမ္ပဏီသည် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်ဝယ်ယူ၍ ရှန်ဟိုင်းသို့တင်ပို့ရန် စတင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ တရုတ်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် God Father Companyမှ တာဝန်ရှိသူများသည် စက်တင်ဘာ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ ဆန်စက်များကို လာရောက်လေ့လာပြီး အောင်ရတနာသိန်းဆန်စက်နှင့် အောင်သိဒ္ဓိဆန်စက်များကို အရည်အသွေးမီ ကြိတ်ခွဲထုတ်လုပ်နိုင်သောဆန်စက်များအဖြစ် အသိအမှတ်ပြုပြီးနောက် လာမည့်စပါးရာသီတွင် စတင်ကြိတ်ခွဲထုတ်လုပ်ကာ စတင်တင်ပို့ရန် လျာထားသည်။ ဆင်းသုခနှင့် ပခန်းရွှေဝါဆန်များကို တင်ပို့ရန် ရည်ရွယ်ထားပြီး စတင်တင်ပို့ချိန်တွင် ကွန်တိန်နာဖြင့် တိုက်ရိုက်တင်ပို့မည်ဖြစ်ပြီး ပထမဆုံးအကြိမ်အဖြစ် ကွန်တိန်နာ ငါးလုံး ဦးစွာတင်ပို့မည်ဖြစ်ကြောင်းသိရသည်။**နေဝင်းစိုး (ဧရာကုန်သွယ်မှုဗဟိုဌာန)**

# အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၂၀-၉-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၈ | ၄၀၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၈ | ၃၉၅ | ▽ | ၃၁၈ | ၃၁၅ | ▽ | ၃၉၈ | ၄၀၅ | △ | ၃၇၃ | ၃၆၅ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၇ | ၃၉၄ | ▽ | ၃၁၆ | ၃၁၃ | ▽ | - | - | - | ၃၆၈ | ၃၆၀ | ▽ |
| ဆန်ဖြူ ၁၅% | ၃၉၆ | ၃၉၃ | ▽ | ၃၁၃ | ၃၁၀ | ▽ | - | - | - | ၃၆၃ | ၃၅၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၉၃ | ၃၈၈ | ▽ | ၃၀၅ | ၃၀၅ | □ | ၃၆၃ | ၃၆၃ | □ | ၃၄၀ | ၃၃၁ | ▽ |
| ပေါင်းဆန် | ၄၃၂ | ၄၃၃ | △ | - | - | - | ၃၆၈ | ၃၆၈ | □ | ၃၉၃ | ၃၉၃ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၂၀-၉-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၀၀၀ | ▽ | ၁၈၅၀၀ | ▽ | ၉၂၀၀ | □ | ၄၂၀၀၀ | □ |
| ပုသိမ် | ၅၃၃၀ | ▽ | ၂၂၅၀၀ | ▽ | ၈၇၀၀ | ▽ | ၃၈၀၀၀ | ▽ |
| ပဲခူး | ၅၂၀၀ | □ | ၂၁၀၀၀ | □ | ၉၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၀၀၀ | □ | ၁၇၀၀၀ | □ | ၅၂၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၉၆၀၀ | □ | ၄၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၉၀၀၀ | △ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၀၀၀ | □ | ၂၉၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| မန္တလေး | ၇၂၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၃၀၀ | △ | ၂၄၀၀၀ | ▽ | - | - | ၆၀၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၂၂၀၀၀ | □ | ၉၃၀၀ | □ | ၄၀၀၀၀ | □ |
| လှိုင်ကော် | ၈၉၄၀ | △ | ၄၄၀၀၀ | △ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၂၀၀ | ▽ | ၂၃၀၀၀ | ▽ | - | - | ၄၄၀၀၀ | ▽ |
| ဘားအံ | ၆၃၀၀ | △ | ၂၄၀၀၀ | □ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| ၁၃-၉-၂၀၁၉ မှ ၁၉-၉-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း | | | | | | | |
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 674 | 38 | - | - | - | **712** |
| | Form AANZ | 5 | 1 | - | - | - | 6 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 176 | 8 | - | - | - | 184 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 21 | 2 | - | - | - | 23 |
| | Form AK | 270 | 14 | - | - | - | 284 |
| | Form D | 81 | 3 | - | - | - | 84 |
| | Form DFTP | 3 | - | - | - | - | 3 |
| | Form E | 157 | 8 | - | - | - | 165 |
| | Form Korea | 80 | 1 | - | - | - | 81 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1474 | 75 | - | - | 0 | 1549 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၀-၉-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၃/၉ | ၂၀/၉ | ပြောင်းလဲမှု | ၁၃/၉ | ၂၀/၉ | ပြောင်းလဲမှု | ၁၃/၉ | ၂၀/၉ | ပြောင်းလဲမှု | ၁၃/၉ | ၂၀/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၆၇ | ၁၂၆၅ | ▼ | ၁၂၃၃ | ၁၂၅၀ | ▲ | ၁၁၅၀ | ၁၁၅၀ | ■ | ၁၁၇၅ | ၁၁၇၅ | ■ |
| ပဲစင်းငုံ | ၁၃၅၉ | ၁၃၉၆ | ▲ | ၁၄၁၇ | ၁၄၅၀ | ▲ | ၁၄၂၅ | ၁၄၆၅ | ▲ | ၁၃၇၅ | ၁၄၅၀ | ▲ |
| ပဲတီစိမ်း | ၁၈၀၀ | ၁၉၁၅ | ▲ | ၁၈၈၄ | ၁၉၀၂ | ▲ | ၁၈၁၆ | ၁၈၁၆ | ■ | ၁၆၆၀ | ၁၇၆၅ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၃၈၉ | ၁၃၈၀ | ▼ | ၁၃၇၉ | ၁၃၆၈ | ▼ | ၁၃၅၅ | ၁၃၈၀ | ▲ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၁၃၀ | ■ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၁၀၅ | ၁၁၀၅ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၈၁၃ | ၁၇၇၈ | ▼ | ၁၄၇၄ | ၁၄၂၂ | ▼ | ၁၅၉၅ | ၁၅၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၇.၉.၁၉)ထိ | ယခုတစ်ပတ် (၁၄.၉.၁၉)ထိ | (၁.၁.၁၉) မှ (၁၄.၉.၁၉) ထိ |
| မတ်ပဲ | ၂၇၄၈၆၄ | ၁၃၉၈၇ | ၂၉၈၈၅၁ |
| ပဲတီစိမ်း | ၁၈၃၁၂၉ | ၂၃၃၃ | ၁၈၅၄၆၂ |
| ပဲစင်းငုံ | ၁၀၅၇၄၃ | ၁၂၈၈၅ | ၁၁၈၆၂၈ |
| ကုလားပဲ | ၄၈၁၁၅ | ၁၆ | ၄၈၁၃၁ |
| ပဲလွန်းဖြူ | ၃၂၅၉၇ | ၈၀၂ | ၃၃၃၉၉ |
| မြေထောက်ပဲ | ၉၀၉၂ | ၅၅ | ၉၁၄၇ |

## ဟင်္သာတမတ်ပဲ ဈေးအနည်းငယ်တက်၍ ပဲတီစိမ်းမျိုး ရောင်းအားကောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတကုန်စည်ဒိုင်တွင် စက်တင်ဘာ ဒုတိယပတ် တစ်တင်း ကျပ် ၂၄၇၀၀ ဖြစ်ခဲ့သော မတ်ပဲသည် ဈေးဆက်လက်တက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ကျပ် ၂၅၃၀၀ ထိ ဈေးအနည်းငယ် ဆက်တက်ခဲ့ပြီး တစ်နေ့လျှင် အိတ် ၂၀၀၀ မှ ၃၀၀၀ ကြား အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ကျပ် ၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ ခန့် ကျဆင်းခဲ့သည်။ ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၁၀၃၀၀ ဈေးဖြစ်ပြီး ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ ခန့် ကျဆင်းခဲ့သည်။

ပဲငါးပိ (ဆီတိုးလုံးကြီး) တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့်လည်းကောင်း၊ ပဲကြီးတစ်တင်းလျှင် ကျပ် ၂၈၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်နေပြီး ပဲတီစိမ်းမျိုး ဝယ်လိုအား မြင့်တက်နေသည့်အတွက် ပဲတီစိမ်း(ဆီပြောင်) မျိုးတစ်တင်းလျှင် ကျပ် ၄၄၀၀၀၊ ပဲတီစိမ်း(ဝါးခယ်မ) တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဈေးဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မောင်မောင်မြတ်ခိုင်**

## ပြည်ဈေးကွက်တွင် မိုးနှမ်းအသစ်ပေါ်ချိန် နှမ်းဈေးများ ပြန်ကျလာ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်မိုးနှမ်းအသစ်များ ဝင်ရောက်မှု လှိုင်လာချိန်ဖြစ်၍ နှမ်းနီ၊ နှမ်းနက်နှင့် စမုံနက်နှမ်းများ ဈေးပြန်ကျလာသည်။ မိုးနှမ်းအသစ်များကိုပေါင်းတည်၊ နတ်တလင်း၊ ပေါက်ခေါင်း၊ မိုးညိုနှင့်မြန်အောင်ဘက်မှ တစ်နေ့လျှင် သုံးတင်းဝင်အိတ် ၇၀၀ ခန့် ဝင်ရောက်လျက်ရှိသည်။

ဝင်ရောက်လာသည့် နှမ်းများထဲမှာ နှမ်းနက်က ပိုများပြီး နှမ်းနီမှာအိတ်အနည်းငယ်သာ ဝင်ရောက်လာသည်ကိုတွေ့ရသည်။ မန္တလေးဝယ်လက်များက နှမ်းနက်ကို ဦးစားပေးဝယ်ယူနေသလို မြို့တွင်းဆီစက်လုပ်ငန်းရှင်များက နှမ်းနီကို ဝယ်ယူလျက်ရှိသည်။

ယခုတစပတ် မိုးနှမ်းအသစ်ဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၄၅၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၆၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၈၀၀၀၀ မှ ကျပ် ၈၅၀၀၀ အထိ ဝယ်ယူမှုရှိကာ တစ်နေ့လျှင်အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ယခင်အပတ်ထက်စာရင် မိုးနှမ်းအသစ်ဈေးများ ပြန်ကျလာသည်ကိုတွေ့ရသည်။

**ဝေဝေမင်း(ပြည်)**

## တညင်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၇၀၀ မှ ၁၂၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၃၀၀ မှ ၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၃၀၀ မှ ၄၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၁၀၀၀ မှ ၁၂၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၂၀၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၅၀၀ မှ ၂၅၀၀ အတွင်း၊ ဘူးသီး (လုံး) ကျပ် ၅၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညင်း(ထုပ်) ကျပ် ၁၂၀၀ မှ ၁၅၀၀အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၉၀၀ မှ ၁၀၀၀အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း) (ပိဿာ) ကျပ် ၂၃၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်)(ပိဿာ)ကျပ်၃၂၀၀မှ ၄၀၀၀အတွင်း၊ ချင်း (ပိဿာ)ကျပ် ၃၂၀၀ မှ ၃၅၀၀ အတွင်း၊ ဆလတ်ရွက် (စီး) ကျပ် ၁၅၀ မှ ၁၇၀၊ ရုံပတီသီး (တောင့်) ကျပ် ၁၃ မှ ၁၅ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀ မှ ၂၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၅၀ မှ ၈၀ အတွင်း၊ ခရမ်းသီး (ရှည်)(လုံး)ကျပ် ၁၀၀ မှ ၂၀၀ အတွင်း၊ သံပရာသီး (လုံး) ကျပ် ၃၀ မှ ၅၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၅၀ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း) (ပိဿာ) ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ဖရဲသီး(လုံး)ကျပ် ၈၀၀ မှ ၂၅၀၀ အတွင်း၊ ယခုရက်သတ္တပတ်အတွင်း ရွှေဖရုံသီး၊ ချင်း၊ ဆလတ်ရွက်၊ ချဉ်ပေါင်ရွက်နှင့် ခရမ်းသီး(ရှည်)တို့မှာ အနည်းငယ် ဈေးတက်နေခဲ့ကြောင်း သိရသည်။

ဖရဲသီးမှာလည်း အဝင်များနေသောကြောင်း ဈေးအနည်းငယ်ကျနေသည်။ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံးပေါင်း ၄၄၀၀၀၀ ကျော်၊ ခရမ်းသီး (ရှည်)(လုံး) ၈၃၄၀၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၂၉၆၀၀ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၃၇၈၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၈၆၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၅၂၃၀၀ ကျော်နှင့် မုန်ညင်း (ထုပ်) ပေါင်း ၂၀၃၀၀ ကျော်၊ ဖရဲသီးအဝင် စုစုပေါင်း ၂၅၀၀၀၀ ကျော် အဝင်ရှိကြောင်း သိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနှင့်ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေ



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ) မှာအရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၅၃၀၀၀- ၇၀၀၀၀-၇၃၀၀၀ ဈေးဖြင့်အိတ်ရေ ၁၀၀ မှ ၉၀၀ ထိအရောင်းအဝယ်ဖြစ်နေသည်။ နှမ်းနက်(ဂွ)မှာတစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ ၁၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၅၆၀၀၀-၅၆၅၀၀ ဈေးဖြင့် အိတ်ရေ ၁၀၀၊ နှမ်းညို တစ်တင်းလျှင် ကျပ် ၅၃၀၀၀ ဈေးဖြင့် အိတ် ၁၀၀၊ နှမ်းနီ တစ်တင်းလျှင် ကျပ် ၅၃၅၀၀ ဈေးဖြင့် အိတ် ၅၀ အရောင်းအဝယ်ဖြစ်နေသည်။

၂၀၁၈ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဈေးဖြင့် အိတ်ရေ၅၀၊ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ (အသစ်) တစ်တင်းလျှင် ကျပ် ၂၅၃၀၀-၂၅၈၀၀-၂၆၀၀၀ ဈေးဖြင့် အိတ် ၅၀ မှ ၁၀၀၊ ကုလားပဲသုံးမျိုးမှာ ဈေးအနည်းငယ်ကျနေပြီး ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဈေးဖြင့် အိတ် ၅၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဈေးဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး ၉၂၉ တစ်တင်းလျှင် ကျပ် ၂၄၅၀၀ဈေးဖြင့် အိတ် ၅၀ ၊ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၂၉၀၀၀-၃၀၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၇၉၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## နတ်တလင်းကုန်စည်ဒိုင်တွင် မတ်ပဲနှင့်ကုလားပဲ ဈေးငြိမ်နေ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ နတ်တလင်းမြို့ကုန်စည်ဒိုင်မှာ မတ်ပဲနှင့်ကုလားပဲဈေး ယခင်တစ်ပတ်ကအတိုင်း ဈေးပုံမှန်ဖြစ်နေသည်။ မတ်ပဲလက်ကျန်နှင့်ကုလားပဲလက်ကျန်မှာ နည်းနေသည့်အတွက် ဝယ်လိုအားရှိသော်လည်း ဈေးအေးနေသည်ကို တွေ့ရသည်။ ရန်ကုန်ဝယ်လက်အဝယ်ရှိနေသော်လည်း တစ်နေ့လျှင် ပျမ်းမျှ အိတ် ၆၀ လောက်သာ အရောင်းအဝယ်ဖြစ်လျက်ရှိနေသည်။ ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၂၃၈၀၀ ဖြစ်ပြီး ကုလားပဲဈေးမှာတစ်တင်းလျှင် ကျပ် ၂၈၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေကြောင်းသိရှိရသည်။

**ခင်ခင်ထိုက်(သာယာဝတီ)**

## ငမြှောင်တောင်ပိုး ကျရောက်မှုမရှိသောကြောင့် ဖူးစားပြောင်းများ အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ငမြှောင်တောင်ပိုးကျရောက်မှုမရှိသောကြောင့် ဖူးစားပြောင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို သီးညှပ်အဖြစ်လည်းကောင်း၊ သီးသန့်အဖြစ်လည်းကောင်း စိုက်ပျိုးကြကြောင်း ပြောင်းဖူးကို သွားရေစာဈေးကွက်သို့ရောင်းချပြီး ဖူးစားပြောင်း အပင်ကို နွားစာအဖြစ် ကျွေးမွေးရန်အတွက် စိုက်ကြကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် လက်ရှိစိုက်ပျိုးရေးအခြေအနေအားရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား မေးမြန်းရာ'ကျွန်တော်တို့အုပ်စုမှာမိုးသီးနှံတွေဖြစ်တဲ့ မြေပဲ၊ ဝါ၊ ဖူးစားပြောင်းတွေ စိမ်းစိုစိုပါပဲ။ အောင်မြင်ဖြစ်ထွန်းနေပါတယ်'ဟု ပြောသည်။

'အားသာချက်ကတော့ ငမြှောင်တောင်ပိုးကျရောက်မှု မရှိဘူးလေ။ ဒါကြောင့် ပြောင်းတွေ ကောင်းတယ်။ ဖူးစားပြောင်းစောစောစိုက်သည့် တောင်သူတွေ လက်ရှိရောင်းနေကြပြီ။ ပြောင်းဖူးဈေးကလည်းကောင်းတဲ့အတွက် ဝင်ငွေရတယ်'ဟု တောင်သူဦးသန်းထွန်းက ပြောသည်။ ရေနံချောင်းမြို့နယ်တွင် မိုးနှင့်ဆောင်း၌ ဖူးစားပြောင်းဧက ၈၅၀၀ကျော်စိုက်ပျိုးလျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

Vol: 19, No.36 Monday September 23 2019

# အာဆီယံ စဉ်ဆက်မပြတ် စားသုံးမှုဆိုင်ရာ ဒေသတွင်းဖိုရမ်ကျင်းပ

စဉ်ဆက်မပြတ် စားသုံးမှု၏အရေးပါမှုကိုသိရှိမြှင့်တင်နိုင်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဩဂုတ် ၂၉ ရက်မှ ၃၀ရက်အထိ အာဆီယံ စဉ်ဆက်မပြတ် စားသုံးမှုဆိုင်ရာ ဒေသတွင်းဖိုရမ်ကို ကျင်းပခဲ့သည်။

ဖိုရမ်တွင် အာဆီယံသည် စဉ်ဆက်မပြတ် စားသုံးမှုကို ဆောင်ရွက်နေသည့်အတွက် လိုအပ်သော မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးနှင့် အုပ်ချုပ်မှုဆိုင်ရာအထောက်အပံ့များနှင့် စဉ်ဆက်မပြတ် စားသုံးမှုကို တွန်းအားဖြစ်စေသည့် စားသုံးသူများ၏ အပြုအမူနှင့် စားသုံးမှုပုံစံ ပြောင်းလဲလာမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးရလဒ်အပေါ် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာပညာရှင်များမှ ဆွေးနွေးခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဦးစီးဌာန၊ စားသုံးသူကာကွယ်ရေးအဖွဲ့မှ Undersecretary Ms.Ruth B Castelo က ဝင်ငွေတိုးတက်လာသည့်အတွက် စားသုံးမှုပမာဏတိုးလာပြီး အရင်းအမြစ်နှင့် စွမ်းအင်ဆိုင်ရာ လိုအပ်ချက်များ တိုးပွားလာကြောင်း၊ စဉ်ဆက်မပြတ် စားသုံးမှုနှင့် ထုတ်လုပ်မှု ပုံစံများပိုမိုလုပ်ဆောင်လာမှုကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရသည့် ကုန်ကျစရိတ်သည် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ပြန်လည်သက်ရောက်စေသည့်အတွက် အမျိုးသား အဆင့်စီးပွားရေးမူဝါဒများကို ဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ (ACCP) ဥက္ကဋ္ဌ Ms. Rasamee Vistaveth က ယခုကျင်းပသည့် ဖိုရမ်သည် 'အာဆီယံစဉ်ဆက်မပြတ်စားသုံးမှုမြှင့်တင်ရေး' ခေါင်းစဉ်ဖြင့် ဆောင်ရွက်နေသော စီမံကိန်းအောက်ရှိ ဒုတိယအဆင့်လုပ်ငန်းဖြစ်ပြီး စားသုံးသူများအားရင်းတို့၏စားသုံးမှုအပေါ် ရွေးချယ်ပိုင်ခွင့်နှင့် စဉ်ဆက်မပြတ်စားသုံးမှုဆိုင်ရာမူဝါဒများ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ကြောင်းပြောကြားခဲ့သည်။

ဖိုရမ်ကျင်းပခြင်းဖြင့် အာဆီယံ၏ စဉ်ဆက်မပြတ်စားသုံးမှုလမ်းညွှန်ချက်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများ တိုးတက်လာမှုကို အထောက်အပံ့ဖြစ်စေသည့်အပြင် သဘာဝအရင်းအမြစ်များအား စဉ်ဆက်မပြတ် အကျိုးရှိစွာ သုံးစွဲမှု၏အရေးပါမှုနှင့်စဉ်ဆက်မပြတ်စားသုံးမှု နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက် မည့်နည်းလမ်းများကို ဖော်ထုတ်ရရှိခဲ့သည်။

အာဆီယံ စဉ်ဆက်မပြတ်စားသုံးမှုဆိုင်ရာ ဒေသတွင်းဖိုရမ်ကို အာဆီယံစဉ်ဆက်မပြတ် စားသုံး မှုမြှင့်တင်ရေးစီမံကိန်းအောက်ရှိ အာဆီယံ-ဂျပန် ပူးပေါင်းရေးရန်ပုံငွေ (JAIF) အထောက်အပံ့ဖြင့် ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဦးစီးဌာနမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်ကာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ (ACCP) က ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းဖြစ် ပါသည်။ အဆိုပါဖိုရမ်သို့ အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံမှ ကိုယ်စားလှယ်များနှင့် ဖိလစ်ပိုင်နိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဦးစီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ **Poe Zar Chi Than Htwe**

## တောင်ကြီးမြို့ စားသုံးသူရေးရာဦးစီးဌာနတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုဆောင်ရွက်လာစေရန်အတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း (Mobile Training) (၃/၂၀၁၉) ကို စက်တင်ဘာလဒုတိယပတ်အတွင်းက တောင်ကြီးမြို့ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဖွင့်လှစ်ခဲ့ သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ စီမံရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းကျော်က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ရှမ်းပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦးက ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (Mobile Training) (၃/၂၀၁၉) တွင် ညွှန်ကြားရေးမှူး ဦးဟန်ဝင်းကျော်က စီမံရေးရာဌာနခွဲ ဘာသာရပ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းမြင့်က စားသုံးသူရေးရာဌာနခွဲ ဘာသာရပ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်းက ထုတ်ကုန်လုံခြုံ စိတ်ချရမှုဌာနခွဲဘာသာရပ်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာသိန်းက မူဝါဒလေ့လာရေးနှင့်စီမံကိန်း စာရင်းအင်း ဌာနခွဲဘာသာရပ်၊ ဦးစီးအရာရှိ ဒေါ်ပန်းအိစံက ငွေစာရင်းဌာနခွဲ ဘာသာရပ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးမိုးက ယှဉ်ပြိုင်မှုဥပဒေဘာသာရပ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေရည်လင်းက သတင်းအချက်အလက်နည်းပညာ နှင့် အရည်အသွေး စီမံခန့်ခွဲမှုဘာသာရပ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မိုးအောင်က ပြည်တွင်း ကုန်သွယ်ရေး ဖွံ့ဖြိုးမှုနှင့် သုတေသနဌာနခွဲဘာသာရပ်နှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆိုင်ရာဘာသာရပ်များကို ပို့ချခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြသည်။ **စောမောင်(တောင်ကြီး)**

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန . . . မှ အဆက်**

နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရေးကြီးကြောင်း၊ ဝန်ထမ်းများ အင်္ဂလိပ်စာစွမ်းရည်နှင့် နည်းပညာမြှင့်တင်ရေးဆိုင်ရာ သင်တန်းများအပါအဝင် ဌာန၏လိုအပ်ချက်နှင့်ကိုက်ညီသော သင်တန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများ တီထွင်ဆန်းသစ်မှု ပူးပေါင်းဆောင်ရွက်တတ်မှု ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာများ အားပေးမြှင့်တင်နိုင်ရန် ဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများရေးဆွဲ၍ ကဏ္ဍအလိုက် ချိတ်ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **MOC(IR)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၉.၉.၂၀၁၉ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT ROYAL-79 | P.Oil(In Bulk) ၆၅၀၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - UNI ANGEL | TEU 615 တင် TEU 559 ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - KOTA HADIAH | TEU 925 တင် TEU 765 ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - ISEACO GENESIS | TEU 742တင် TEU717 ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - BIPL BLESSING | TE450တင် TEU 465 ချဆဲ |
| အလုံဆိပ်ကမ်း(၂) | - DOL PHIN 89 | Yellow Maize ၇၆၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်း(၃) | - ALS SUZUKI | TEU 703တင် TEU 634 ချဆဲ |
| စက်မှုဆိပ်ကမ်း(၄) | - MAERSK ABERDEEN | TEU 439တင် TEU 336 ချဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - SPM BANG KOK | SteeL Rail ၃၈၃ ချဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - ALEA | ဆန်တန် ၂၂၀၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - AREZOO | TEU 250 တင် TEU 516 ချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - FILO TIMO | TEU 26 တင် TEU 191 ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - NORWID | Iron Pipe& G/C ၃၈၀၃ ချဆဲ |
| MMTM JETTY | - MT.SUPER STAR | Diesel Oil ၁၈၃၄၈ ချဆဲ |
| Regency Spc JETTY | - MT.YU HAI | Diesel+Mogas92Ron ၁၈၆၇၉ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| VENUS TRIUMPH | PKG Project Cargo ၅၁ ချရန် | UK RAINE | ၂၀.၉.၂၀၁၉ |
| ROYAL VENUS | X BLOCK ၁၅၂၄ ချရန် | B'DESH | ၂၁.၉.၂၀၁၉ |
| BLUE LOTUS | Urea(In Bulk) ၁၂၀၀၀ ချရန် | MALAYSIA | ၂၁.၉.၂၀၁၉ |
| BAIHUA | Steel Product ၅၀၀၀ ချရန် | MALAYSIA | ၂၁.၉.၂၀၁၉ |
| INDUSTRIL GUIDE | Steel Rebar's ၁၂၃၆၆ ချရန် | TURKEY | ၂၁.၉.၂၀၁၉ |
| UNI PROFIT | Steel Product ၈၃၀၀ ချရန် | MALAYSIA | ၂၁.၉.၂၀၁၉ |
| MODERN LINK | Unit Vehicle(RO/RO)၉၀၄ ချရန် | JAPAN | ၂၁.၉.၂၀၁၉ |
| UNIVERSE HARMONY | Vehicle D 'Bar ၅၅၈၂ ချရန် | KOREA | ၂၁.၉.၂၀၁၉ |
| SANTA VITORIA | Wheat& Grain(In Bulk) ၁၄၃၀၀ ချရန် | UK RAINE | ၂၂.၉.၂၀၁၉ |
| HIMALA | Unit 485 PKG Rail TRUCK& Steel Rails ၂၉ ချရန် | JAPAN | ၂၃.၉.၂၀၁၉ |
| UCKY CATHERINE | Unite +PKG&Vehicle&Steel Rail ၄၇၀ချရန် | JAPAN | ၂၄.၉.၂၀၁၉ |
| SOPHIA OCEAN | Coal (In Bulk) ၂၄၃၆၀ ချရန် | INDONISIA | ၂၅.၉.၂၀၁၉ |
| KEREM | ဆန် တန် ၂၃၅၀၀ တင်ရန် | W'AFERICA | ၂၆.၉.၂၀၁၉ |
| WOOH YUN GREEN | Steel Plate ၂၀၂၈ ချရန် | JAPAN | ၆.၁၀.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၀.၉.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၉.၂၀၁၉ |
| KUO HSIUNG | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၉.၂၀၁၉ |
| TORRES STRAIT | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၁.၉.၂၀၁၉ |
| SINARBADUNG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၂.၉.၂၀၁၉ |
| SINAR SOLO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၉.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU DONG | Diesel Oil | ELITE JETTY | ၁၉.၉.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၂၀.၉.၂၀၁၉ |
| MT.AUVIRGO | P.Oil(In Bulk) | INDONESIA | ၂၀.၉.၂၀၁၉ |
| MT.FLY GARNARD | Diesel Oil | SINGAPORE | ၂၀.၉.၂၀၁၉ |
| MT.GLORY OCEAN | Diesel Oil | SINGAPORE | ၂၁.၉.၂၀၁၉ |
| MT.SENNA | LPG Gas | SINGAPORE | ၂၂.၉.၂၀၁၉ |
| MT.AU GEMINII | P.Oil(In Bulk) | INDONESIA | ၂၃.၉.၂၀၁၉ |
| MT.OCEAN MANTA | MOGAS (92Ron) | SINGAPORE | ၂၃.၉.၂၀၁၉ |
| MT.CHAO ANOMA | Diesel Oil | SINGAPORE | ၂၄.၉.၂၀၁၉ |
| MT.OCEAN SEAL | MOGAS (92Ron) | SINGAPORE | ၂၄.၉.၂၀၁၉ |
| MT.KIRANA HASTA | MOGAS (92Ron) | SINGAPORE | ၂၇.၉.၂၀၁၉ |
| MT.DENKO BRIGHT | Diesel Oil | SINGAPORE | ၃၀.၉.၂၀၁၉ |

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး. . . မှအဆက်**

Diagram ကို အညွှန်းကိန်းအလိုက် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင်များမှ စုစည်း တာဝန်ယူရေးဆွဲနေပြီဖြစ်ကြောင်း၊ E-Government စနစ်အသုံးချနိုင်လျှင် မြန်မာနိုင်ငံ၏ Doing Business အဆင့်နှင့် ရမှတ်သည် မလွဲမသွေ ကောင်းမွန်လာမည်ဖြစ်သည့်အတွက် E-Government စနစ်တိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ Doing Business နှင့် ပတ်သက်ဆက်နွှယ်နေသည့် Secured Transaction Law နှင့် Insolvency Law တို့ကိုလည်း ပြဋ္ဌာန်းပြီး အာဏာသက်ဝင် အကောင်အထည်ဖော်နိုင်သည့်အချိန်တွင် Getting Credit နှင့် Resolving Insolvency Indicator တို့အတွက် အမှတ်ရရှိလာမည်ဖြစ်ကြောင်း၊ အများပြည်သူသိစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Public awareness ပေးသည့်အနေဖြင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွင် TV Talk–show၊ Interview များ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍကပါ ပူးပေါင်းပြီး အင်တိုက်အားတိုက်နှင့် ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် လိုက်ပါဆောင်ရွက်သွားကြလျှင် Doing Business အဆင့်နှင့်ရမှတ်များ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် Team leader of DFID Myanmar Inclusive and Livelihood Team မှ Tom Coward က လည်းကောင်း၊ IFC မှ Senior Private Sector Specialist ဖြစ်သူ Jose Ricardo Silva က လည်းကောင်း၊ အညွှန်းကိန်းအထောက်အကူပြုအဖွဲ့ခေါင်းဆောင်များက အညွှန်းကိန်းအလိုက်ဆောင်ရွက်ထားရှိမှု အခြေအနေများအားလည်းကောင်း အသီးသီးရှင်းလင်းတင်ပြ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ညနေ ၅ နာရီခွဲတွင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

## ကြက်သွန်နီ

# ပြည်ကြက်သွန်ဖြူ ပုံမှန်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

ယခုအပတ် ကြက်သွန်ပွဲရုံများသို့ ကြက်သွန်ဖြူအိတ်များ ပုံမှန်ဝင်ရောက်နေပြီး ရှမ်းရော၊ ကြူကုတ်ပါ အရည်အသွေးကောင်းမွန်ကာ ဈေးနှုန်းမပြောင်းဘဲ ပုံမှန်ဈေးဖြင့်ရောင်းဝယ်နေကြောင်းသိရသည်။ဒေသတွင်းလက်လီသမားများနှင့်ခရိုင်တွင်း ရောင်းဝယ်ရေးသမားတို့အစွဲများခြင်းကြောင့် အရောင်းအဝယ်ဖြစ်နေသည်။

ယခုအပတ် ကြက်သွန်ဖြူပေါက်ဈေးများမှာ (ပွဲရုံဈေး) (ရှမ်းစ)တစ်ပိဿာ ကျပ် ၂၆၀၀၊ ကျပ် ၂၈၀၀ ဈေးနှင့် (ကြူကုတ်စ) ကျပ် ၂၆၀၀၊ ကျပ် ၂၇၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ လက်လီဈေးများတွင် (ရှမ်းစ) တစ်ပိဿာလျှင် ၃၀၀၀၊ ၃၂၀၀၊ ၃၄၀၀ ကျပ်နှင့်ဆိုဒ်စုံရောင်းချလျက်ရှိသည်။ (ရှမ်းရှယ်) ကိုတော့ ကျပ် ၃၆၀၀ ဈေးတို့ဖြစ်သည်။ (ကြူကုတ်စ) တစ်ပိဿာ ကျပ် ၃၂၀၀ မှ ကျပ် ၃၆၀၀ ဈေးထိရောင်းချလျက်ရှိသည်။

**နီနီဝင်း(ပြည်)**

# ပခုက္ကူနှင့်ဆိပ်ဖြူကုန်စည်ဒိုင်တို့တွင် မိုးစိုက် ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်



ယခုတစ်ပတ်ပခုက္ကူခရိုင်အတွင်းသို့ မိုးစိုက်(ဉစိုက်) ကြက်သွန်နီအသစ်များ လှိုင်လှိုင်ဝင်ရောက်နေသည်။ ကြက်သွန်နီ စိုက်ပျိုးထွက်ရှိရာဒေသများဖြစ်သော ပေါက်၊ ရေပြာ၊ ကမ္မ၊ ရေပြာနယ်များနှင့် ပခုက္ကူကျွန်းများမှ ကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ နေ့စဉ် ကုန်ချိန်တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်နေသည်။ ပခုက္ကူကျွန်းများမှ မြိတ်စားကြက်သွန်နီများ တစ်ဆယ်ကျပ်သားတစ်စည်းလျှင် ၇၅ ကျပ်မှ ကျပ် ၁၀၀ ဈေးဖြင့် ပခုက္ကူမြို့မဈေးနှင့် အမှတ်(၂) ဈေးတို့တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကြက်သွန်နီ ကုန်ဝယ်ဒိုင်၏ လက်ကားဈေးနှုန်းများမှာ ထိပ်စ တစ်ပိဿာလျှင် ၇၁၅-၇၂၅-၇၃၅ ကျပ်၊ အလတ်စတစ်ပိဿာလျှင် ၅၀၀-၅၅၀ ၊ အနိမ့်စ တစ်ပိဿာလျှင်ကျပ် ၁၀၀-၂၀၀-၃၀၀ ဈေးဖြင့် ကုန်ချိန် ၈၀၀၀၀ မှ ၁၃၈၀၀၀ ခန့် ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါပြီး မန္တလေး၊ ရန်ကုန်နှင့် မြန်မာပြည်အောက်ပိုင်းဒေသများသို့ တင်ပို့လျက်ရှိသည်။ ကြက်သွန်နီ စိုက်တောင်သူများအနေဖြင့်လည်း ယခုနှစ်တွင် ကြက်သွန်နီ ဈေးမကောင်းသော်လည်း ထိုက်သင့်သည့်အလျောက် အမြတ်အစွန်းရနေကြောင်းကိုလည်း ကြက်သွန်နီ စိုက်တောင်သူများထံမှ သိရသည်။

ဆိပ်ဖြူကုန်စည်ဒိုင်၏ ယခုတစ်ပတ် ကြက်သွန်နီ ဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင်ကျပ် ၅၅၀၊ အလတ်စ တစ်ပိဿာလျှင် ၄၂၅ ကျပ်၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၃၀၀ ဈေးဖြင့် နေ့စဉ် ကုန်ချိန် ၁၅၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေပြီး ဆိပ်ဖြူဒေသမှ ထွက်ရှိသည့် ကြက်သွန်နီများကို ရန်ကုန်၊ မူဆယ်၊ မော်လမြိုင်၊ ပုသိမ်မြို့များသို့ ကုန်ချိန်တစ်သိန်းကျော်တင်ပို့လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ဩဇာသီး

# ပြည်သစ်သီးဝလံဈေးကွက်၌ ဒေသထွက် ဩဇာသီးမှည့်များ ဝင်ရောက်

ယခုအပတ် ပြည်သစ်သီးဝလံဈေးကွက်သို့ ပန်းတောင်း၊ ဆင်တဲ၊ ဖိုးဦးတောင်၊ ရွှေဘုံသာ၊ မော်ဇာ၊ ဇီးအုပ်၊ဝက်ထီးကန်အစရှိသောဒေသများမှ ဩဇာသီးများဝင်ရောက်လာသည်။ ယခုရက်ပိုင်းတွင်း အနောက်ဘက်ကမ်း ဆင်တဲနှင့်ပန်းတောင်းတို့ဘက်မှ စတင်ဝင်လာပြီး (လုံးချော)ရာ ခြင်းဈေးတစ်လုံးလျှင် ကျပ် ၂၅၀ မှ ကျပ် ၃၀၀ ဈေးဖြစ်ပြီး (လက်ချော) ကျပ် ၂၀၀တို့ဖြစ်သည်။ လက်ဆောင်ပေးရန်အတွက် အလုံး ၂၅လုံးပါ တစ်ခြင်း (ချော) ကျပ် ၈၀၀၀ နှင့် (လက်ချော) ကျပ် ၇၀၀၀ ဈေးတို့ဖြင့် ခြင်းလိုက်ထုပ်ပိုးရောင်းချလျက်ရှိနေသည်။ ဒေသတွင်း လက်လီဈေးများတွင်တစ်လုံး ကျပ် ၂၀၀၊ ကျပ် ၂၅၀၊ ကျပ် ၃၅၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။

**နီနီဝင်း(ပြည်)**

# တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကျင်းပ

ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်မင်း ဦးစီး၍ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကန်ပိုက်တီနယ်စပ်ကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံ၊ ဟိုချောင်စစ်ဆေးရေးဂိတ်တာဝန်ခံ၊ မစ္စတာရန်ရှုံ ဦးစီးပြီး တာဝန်ရှိသူ ၁၅ ဦးခန့်တို့ဖြင့် စက်တင်ဘာ ၁၀ ရက်တွင် ဟိုချောင်စစ်ဆေးရေးဂိတ်၊ အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေး ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သော ဘိန်းအစားထိုး သီးနှံများဖြစ်သည့် တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ပြောင်းဖူးစေ့၊ ဆန်လေးမျိုး တင်ပို့/တင်သွင်းရန် ခွင့်ပြုထားမှုအခြေအနေ၊ Quota သတ်မှတ်ပေးထားသော ပစ္စည်းများအနက် တစ်သျှူးငှက်ပျောတစ်မျိုးတည်းကိုသာ ကန်ပိုက်တီနယ်စပ်ဂိတ်မှသာ တင်သွင်းခွင့်ပေးထားမှုအခြေအနေ၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ဆိုင်ရာ ကိစ္စရပ်များ၊ လူ၊ တိရစ္ဆာန်နှင့် အပင်တို့တွင် ဖြစ်ပွားတတ်သော ကပ်ရောဂါ၊ ဖျက်ပိုးများ၊ မှိုရောဂါနှင့် အခြားရောဂါများ ပြန့်ပွားမှုများကို အချိန်မီ ကြိုတင်ပူးပေါင်းကာကွယ်နိုင်ရန် အပြန်အလှန်ချိတ်ဆက်အသိပေးရေးကိစ္စများ၊ လူဝင်/လူထွက်ဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass) ဖြင့် နှစ်နိုင်ငံဝင်/ထွက်သွားလာနေသည့် မြန်မာ-တရုတ်နိုင်ငံသားများအနေဖြင့် သတ်မှတ်ထားသော တရားဝင်နယ်စပ်ဖြတ်သန်း ဂိတ်မှသာ အဝင်/ထွက် ပြုလုပ်စေရေး စိစစ်ကြပ်မတ်ပေးရေးကိစ္စရပ်များအား ချစ်ကြည်ရင်းနှီးစွာအပြန်အလှန် ညှိနှိုင်းဆွေးနွေးကြသည်။ ယခုကဲ့သို့ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးအား လေးလတစ်ကြိမ် အပြန်အလှန်ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ကိုလတ်(ကန်ပိုက်တီ)**

## နနွင်း

# နနွင်းတန်ချိန် ၂၀၀ ကျော် တင်ပို့

စက်တင်ဘာ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း နနွင်း၂၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၃၂ တန်၊ စင်ကာပူနိုင်ငံသို့ ၅၆ တန်၊ ဩစတြေးလျနိုင်ငံသို့ ၈၁ တန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ဩစတြေးလျနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က နနွင်း၁၅၉ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၆၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ နနွင်းတစ်တန်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၅၀-၅၉၀ ဝန်းကျင်ရရှိခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၈၅၉၀ ဒေါ်လာ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

# အရောင်းအဝယ်ဖြစ်နေသည့် ရှမ်းနနွင်း

ယခုတစ်ပတ် ဟိုပုံးဈေးကွက်တွင် ရှမ်းနနွင်းလည်း အရောင်းအဝယ်ဖြစ်နေသည်။ ပြည်ပသို့ ပင်လယ်ရေကြောင်းဖြင့် တင်ပို့ရန်အတွက် ပြည်တွင်းဝယ်လက်များဖြစ်သည့် ရန်ကုန်ဝယ်လက်က အဓိက ဝယ်ယူနေသည်။ တစ်ပတ်ကို ပိဿာချိန် တစ်သောင်းခန့်ဝယ်ယူမှုရှိနေသည်။

အောင်ပန်ဈေးကွက်၌လည်း ချင်းကဲ့သို့ အလုံးအရင်းအလိုက် ရောင်းဝယ်မှု မဖြစ်သော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ဒေသခံပွဲရုံများထံမှသိရသည်။ ပြည်တွင်းဝယ်လက်များကသာ ဝယ်ယူမှုရှိနေပြီး ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ တပ်ကုန်းနှင့် စစ်တွေမြို့ စသည့် မြို့များက ပုံမှန်ဝယ်ယူနေကြခြင်းကြောင့် ယခုလ လဆန်းပိုင်းကနေ ၁၅ရက်အတွင်း နနွင်းပိဿာချိန်ပေါင်း ၁ဒသမ၉ သိန်း အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခုတစ်ပတ် နနွင်းတစ်ပိဿာပေါက်ဈေးက ဟိုပုံးဈေးကွက်မှာ (ကြမ်းစ)က ကျပ်၁၀၀၀နှင့် (ချောစ)ကျပ်၁၆၀၀၊ အောင်ပန်းဈေးကွက်တွင် (ကြမ်းစ)က ကျပ်၁၀၀၀နှင့် ဆင်တောင်နနွင်းက ကျပ်၂၀၀၀ ဈေးရှိကြောင်း သိရသည်။

**ဧခိုင်(တောင်ကြီး)**

## ချင်း

# ယခုတစ်ပတ် ချင်းတန်ချိန် ၅၀ ကျော်သာ တင်ပို့

စက်တင်ဘာ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း ချင်း ၅၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သာ တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က ချင်း ၃၅၁ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၉၀ ကျော် တင်ပို့မှုလျော့နည်းခဲ့သည်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁၆၀၀ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# နေ့စဉ်အဝင်ပုံမှန်ရှိနေသည့် ပြည် ချင်းဈေးကွက်

ပြည်ဈေးကြီးနှင့်ပွဲရုံများသို့ ချင်းအိတ်အဝင် ပုံမှန်ရှိနေသည်။ ဓားလွီး (ချင်း) ရောင်းဝယ်သူများနှင့် နယ်အရောင်း အဝယ်သမားများ အဝယ်လိုက်နေခြင်းကြောင့် အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ် ချင်းဈေးတစ်ပိဿာလျှင် (ပွဲရုံ အိတ်စွဲ) ကျပ် ၂၈၀၀၊ (လက်ကားသန့်ပြီး) ကျပ် ၃၂၀၀ ဈေးတို့ဖြစ်ပြီး လက်လီဈေး များတွင် ကျပ် ၃၆၀၀ မှ ကျပ် ၄၀၀၀ ဈေးအထိ ရောင်းဝယ်လျက်ရှိနေသည်။ (ဓား လွီးချင်း) ဖတ် တစ်ပိဿာ (ပွဲရုံဈေး) ကျပ် ၃၃၀၀ နှင့် (လက်လီဈေး) ကျပ် ၄၀၀၀ ဖြစ်ကြောင်းလည်း တွေ့ရသည်။

**နီနီဝင်း(ပြည်)**

# ယခုတစ်ပတ် မန်ကျည်းတန်ချိန် ၃၅၀ တင်ပို့


စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း မန်ကျည်းသီး တန်ချိန် ၃၅၀ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ယီမင်နိုင်ငံသို့ ၂၅ တန်၊ စင်ကာပူနိုင်ငံသို့ ၁၂၅ တန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၂၀၀ တင်ပို့ခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ ယခင် သီတင်းပတ်က မန်ကျည်းတန်ချိန် ၂၀၀ တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၅၀ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

# မြန်မာ့ပဲမျိုးစုံ ဈေးကွက်ခိုင်မာမှုနှင့် ရေရှည်ကုန်သွယ်မှုရရှိရေး

[ စိန်သံ ]



မြန်မာ့လယ်ယာ ထွက်ကုန်ကဏ္ဍတွင် ပဲသီးနှံမှာ ဒုတိယအများဆုံး စိုက်ပျိုးထုတ်လုပ်နေခြင်းဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံတွင် လယ်ယာထွက်ကုန် သီးနှံအမျိုးပေါင်း ၆၀ ကျော်အထိ စိုက်ပျိုးထုတ်လုပ်လျက်ရှိနေကြောင်း သိရသည်။ ယင်းသီးနှံအမျိုးပေါင်း ၆၀ ကျော်တွင် ပဲသီးနှံ အမျိုးပေါင်း ၁၉ မျိုးအထိ မြန်မာ့တောင်သူများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်ဟု ဆိုသည်။

မြန်မာ့ပဲမျိုးစုံ စိုက်ပျိုးမှုကို ဧကအနေဖြင့် တွက်ချက်မည်ဆိုပါက လယ်ယာထွက် သီးနှံစိုက်ပျိုးမှု၏ ၂၁ ရာခိုင်နှုန်းကျော်အထိ ရှိနေကြောင်း သိရသည်။ မြန်မာ့ပဲ စိုက်ပျိုးမှုများထဲတွင် ပဲသီးနှံ အမျိုးပေါင်း ၁၉ မျိုးတွင် နိုင်ငံခြားဈေးကွက်၌ တွင်တွင်ကျယ်ကျယ်ရောင်းချနေရသည့် ပြည်ပဈေးကွက်ဝင် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့မှာ ပဲစိုက်ပျိုးမှု၏ ၇၀ ရာခိုင်နှုန်းနီးပါးပင် ရှိနေသည်။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ပါကစ္စတန်စသည့် နိုင်ငံများအပြင် အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ပါ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် အခြားပဲမျိုးစုံကို အဓိက တင်ပို့ လျက်ရှိနေသည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ပဲမျိုးစုံ တင်ပို့မှုနှင့်ပတ်သက်ပြီး ကုန်သွယ်ရေးဆက်ဆံမှုမှာ နှစ်ပေါင်း ၃၀ ကျော်ပင် ရှိလာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံအပြင် အခြားနိုင်ငံများသို့လည်း ပဲမျိုးစုံတင်ပို့ရာတွင် ရေရှည်ကုန်သွယ်မှု ဆက်ဆံရေး ရရှိရန်နှင့် အရည်အသွေးကောင်းမွန်သည့် ပဲများကို ပိုမိုတင်ပို့နိုင်ရန် G to G ချိတ်ဆက်ပြီး တောင်သူများ၏ ရေရှည်အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အဓိကပဲမျိုးစုံ တင်ပို့နေသည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ပေါ်လစီအပြောင်းအလဲကလည်း မြန်မာ့ပဲဈေးကွက်ကို ထိခိုက်မှုရှိနေသည်။ ပြောရမည်ဆိုလျှင် အိန္ဒိယနိုင်ငံ၏ ပေါ်လစီအပြောင်းအလဲက မြန်မာ့ပဲဈေးကွက်နှင့် တိုက်ရိုက်သက်ဆိုင်မှုများ ရှိနေသည်။

ယခုနှစ်တွင် မြန်မာ့ပဲများကို အိန္ဒိယနိုင်ငံသို့ တရားဝင် တင်ပို့ခွင့်သည် အောက်တိုဘာ ၃၁ ရက် နောက်ဆုံးဖြစ်သည်။ ထို့ကြောင့် မြန်မာ့ပဲများ အိန္ဒိယနိုင်ငံသို့ တင်ပို့ခွင့်မှာ ရက်သတ္တ ငါးပတ်ခန့်သာ ကျန်ရှိတော့ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ အနေအထားမျိုးတွင် လက်ရှိပြည်တွင်းပဲဈေးကွက်အတွင်း၌ အရောင်းအဝယ် ကောင်းလာပြီး ပဲဈေးများ ပြန်တက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

စက်တင်ဘာ ဒုတိယပတ်တွင် ပဲဈေးပြန်ကောင်းလာကြောင်း၊ ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအား များလာခြင်းကြောင့် ပဲဈေးပြန်တက်လာကြောင်း၊ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား အိန္ဒိယနိုင်ငံကို တင်ပို့ကြရမည်ဖြစ်ခြင်းကြောင့် ကုမ္ပဏီများက ပြန်ဝယ်နေကြကြောင်း၊ အိန္ဒိယအစိုးရကလည်း ကုမ္ပဏီ ၁၀၀၀ ကျော်ကို ပဲတင်သွင်းခွင့်ပေးထား၍ တချို့ကုမ္ပဏီများက မဝယ်သေးဘဲ စောင့်နေကြခြင်းများရှိနေသည့်အတွက် ဈေးကွက်ပုံမှန်ရှိနေသော်လည်း ဈေးကျခဲ့ကြောင်းနှင့် လတ်တလောကာလတွင် အရောင်းအဝယ်ပြန်တက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားထားသည်။

ပဲမျိုးစုံတင်ပို့မှုတွင် မြန်မာနိုင်ငံနှင့် ကာလရှည်ကြာစွာ လက်တွဲလာခဲ့သည့် အိန္ဒိယအစိုးရသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ပမှ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲစသည့် ပဲမျိုးစုံကို တန်ချိန် ငါးသိန်း တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အိန္ဒိယအစိုးရအနေဖြင့် ထိုကဲ့သို့ ပြည်ပမှ ပဲတင်သွင်းခွင့်ပြုသည့်အထဲတွင် မြန်မာနိုင်ငံက မတ်ပဲ တန်ချိန် တစ်သိန်းခွဲတင်သွင်းခွင့် ရရှိထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲများကို တိုက်ရိုက်တင်ပို့ရာတွင် ဘဏ်စနစ်များကြောင့် အဆင်မပြေနိုင်သေးသည့်အတွက် အိန္ဒိယကုမ္ပဏီများကို အဓိကထား တင်သွင်းခွင့် ပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ပဲတင်သွင်းခွင့်တင်ထားသည့် အိန္ဒိယပဲကုမ္ပဏီမှာ ၆၀၀၀ ခန့်ရှိကြောင်း သိရပြီး အဆိုပါ ကုမ္ပဏီ ၆၀၀၀ ခန့်ထဲမှ ကုမ္ပဏီပေါင်း ၁၁၀၀ ကျော်ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ပဲဈေး ပြန်တက်လာခြင်းကြောင့် တောင်သူများ၊ ပွဲရုံများနှင့် ကုန်သည်များ အဆင်ပြေကြောင်း၊ ဈေးမှာ ထပ်တက်၊ မတက်ကို ပြော၍ မရကြောင်း၊ လတ်တလောအချိန်တွင် ကုမ္ပဏီများက ပြန်ဝယ်နေခြင်းကြောင့် ဈေးပြန်တက်နေကြောင်း ဦးမင်းကိုဦးက ပြောထားသည်။

မြန်မာ့ပဲများကို တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ပါကစ္စတန်စသည့် နိုင်ငံများအပြင် ဥရောပနိုင်ငံများသို့ပါ တင်ပို့နေသော်လည်း အိန္ဒိယနိုင်ငံသည်သာ မြန်မာ့ပဲကို အများဆုံး ဝယ်ယူနေခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာ့ပဲလောကသည်လည်း တည်ငြိမ်မှုမရှိဘဲ တောင်သူများအတွက် အမြဲလိုလိုပင် စိုးရိမ်သောကများဖြစ်နေကြရသည်။ ဈေးကောင်းရရှိရေးအတွက်လည်း အမြဲမျှော်လင့်၍ ရနိုင်သည့် အနေအထားမျိုး မဟုတ်သည်ကိုလည်း မြန်မာ့ပဲစိုက်တောင်သူများ နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေရသည်။

အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၁၇ ခုနှစ် ဩဂုတ်လကလည်း ပြည်ပမှ ပဲတင်သွင်းခွင့်ကို ကန့်သတ်ခဲ့ရာ ပဲစိုက်သည့်မြန်မာတောင်သူများနှင့် ပဲကုန်သည်များ အခက်တွေ့ခဲ့ကြရသည်။ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချနေသည့် မတ်ပဲနှင့် ပဲစင်းငုံတို့ကို အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူနေကြခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။


မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံသို့ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ တင်ပို့မှုကို ပြန်ကြည့်မည်လျှင် ၂၀၁၆-၂၀၁၇ ခုနှစ် စာရင်းများအရ ယင်းပဲ သုံးမျိုးပေါင်း တန်ချိန် ၁၀ သိန်းနီးပါး တင်ပို့နိုင်ခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်ရရှိခဲ့ကြောင်း သိရပါသည်။ ပဲမျိုးစုံ ပြည်ပသို့ တင်ပို့မှု၏ ၇၇ ဒသမ ၀၃ ရာခိုင်နှုန်းသည် မတ်ပဲဖြစ်ပြီး တင်ပို့ခဲ့သည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်သည်။ ထို့ပြင် ပဲစင်းငုံ တင်ပို့မှု၏ ၉၁ ဒသမ ၉၈ ရာခိုင်နှုန်းနှင့် ပဲတီစိမ်းတင်ပို့မှု၏ ၈ ရာခိုင်နှုန်းသည်လည်း အိန္ဒိယနိုင်ငံသို့ပင် တင်ပို့ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲမျိုးစုံကို ပြည်ပသို့တင်ပို့နေရာတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့မှာ အဓိကတင်ပို့နေသည့် ပို့ကုန်များပင်ဖြစ်သည်။ မြန်မာ့ပဲမျိုးစုံကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့နေသကဲ့သို့ ပင်လယ်ရေကြောင်းမှလည်း များစွာတင်ပို့မှုများ ရှိနေပါသည်။ ပြည်ပနိုင်ငံများသို့ မတ်ပဲတင်ပို့နိုင်မှုအနေအထားကို ကြည့်မည်ဆိုလျှင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၈၃၂၅၂ မက်ထရစ်တန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၆၁၇၆၆ မက်ထရစ်တန်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅၂၇၉၆၅ မက်ထရစ်တန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၁၃-၉-၂၀၁၉ ရက်ထိ)တွင် ၅၈၂၃၈၂ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တင်ပို့နိုင်ခဲ့မှုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်(၁၃-၉-၂၀၁၉ ရက်ထိ) မတ်ပဲ တင်ပို့နိုင်မှု အနေအထားကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၅၄၄၁၃ မက်ထရစ်တန် ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရသည်။


ထို့အတူ ပြည်ပနိုင်ငံများသို့ ပဲတီစိမ်း တင်ပို့နိုင်မှုအနေအထားကို ကြည့်မည်ဆိုလျှင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၃၃၀၈၃၈ မက်ထရစ်တန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်တွင် ၄၀၇၅၉၅ မက်ထရစ်တန်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၃၅၀၀၅၇ မက်ထရစ်တန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၁၃-၉-၂၀၁၉ရက်ထိ)တွင် ၄၆၂၀၅၇ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တင်ပို့နိုင်ခဲ့မှုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၁၃-၉-၂၀၁၉ ရက်ထိ) ပဲတီစိမ်းတင်ပို့နိုင်မှု အနေအထားကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၁၁၂၀၀၀ မက်ထရစ်တန် ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

စာမျက်နှာ ၁၇ သို့

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် (၁၃-၉-၂၀၁၉)အထိပဲမျိုးစုံတင်ပို့မှုတန်ချိန်




၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် (၁၃-၉-၂၀၁၉)အထိပဲမျိုးစုံတင်ပို့မှုတန်ဖိုး(ဒေါ်လာသန်း)




Source : Customs

## ယခုတစ်ပတ် ဓာတ်ဆီတစ်မျိုးတည်းသာ တင်သွင်း

စက်တင်ဘာ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၆၀၁၉၂၅ တန်ဖိုးရှိ ဓာတ်ဆီ ၅၁၃၆၈ ဒသမ ၆၂ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန်၃၁၉၈၀ ကျော်အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၉၃၈၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ဓာတ်ဆီတစ်မျိုးတည်းသာ တင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၄၄၆၃၈ တန်ဖိုးရှိဒီဇယ် ၁၁၇၉ ဒသမ ၅၄ တန်နှင့် အမေရိကန်ဒေါ်လာ ၅၄၈၅၁၅ တန်ဖိုးရှိ ဓာတ်ဆီ ၁၁၄၂ ဒသမ ၁၅ တန်ကို တင်သွင်းခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

## သီပေါမြို့၌ လယ်ယာသုံး စက်ကိရိယာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

လယ်ယာသုံးစက်ကိရိယာများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခြင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ နှစ်ဆင့်ချေးငွေအခမ်းအနားနှင့်ပူးပေါင်း၍ စက်တင်ဘာ ၁၂ ရက်နံနက် ၁၀ နာရီတွင် သီပေါမြို့ စိုက်/ဘဏ် ရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ သမဝါယမ ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်း၇၃ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန သီပေါမြို့ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာရီက တက်ရောက်လာသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများအား လယ်ယာသုံးစက်ကိရိယာများ ရောင်းဝယ်မှုပြုလုပ်ရာတွင် အရောင်းအဝယ်စာချုပ်၌ လက်မှတ်မရေးထိုးမီ စာချုပ်ပါ အချက်အလက်များအား နှစ်ဦးနှစ်ဖက်ညီညွတ်မျှတလက်ခံနိုင်မည့် အနေအထား ရှိ/မရှိ၊ ရောင်းသူဘက်က တစ်ဖက်သတ်ထည့်သွင်းရေးထားသည့် အချက်အလက်များပါဝင်မှု ရှိ/မရှိ၊ ရောင်းသူဘက်က ဝယ်ယူတောင်သူများသို့ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုနှင့် အပိုပစ္စည်းရရှိနိုင်မှု၊ စက်အပေါ်အာမခံချက်များ ကျိုးကြောင်းဆီလျော်မှု ရှိ၊မရှိ အစရှိသည်များကို သိရှိထားရန်နှင့်သက်ဆိုင်ရာ ဥပဒေပညာရှင်များ၊ စက်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များထံ အကြံဉာဏ်ရယူပြီးမှသာ ဝယ်ယူသုံးစွဲကြရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ခင်မာရီ(သီပေါ)**

## Energy NYMEX 20-9-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 58.68 | 0.55 | 0.95 |
| Brent Crude Futr (USD/bbl) | 64.74 | 0.34 | 0.53 |
| Gasoline Rbob Fut (Cent/gal) | 169.83 | -0.24 | -0.14 |
| Natural Gas Futr (USD/MMBtu) | 2.54 | 0.00 | -0.12 |
| Heating Oil Futr (Cent/gal) | 201.22 | 0.73 | 0.36 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 16-September | 17.81 | 2349.02 | 1766.95 | 5869.03 | 950.00 |
| 17-September | 17.77 | 2303.62 | 1759.67 | 5807.98 | 930.00 |
| 18-September | 17.89 | 2325.44 | 1751.74 | 5781.53 | 936.00 |
| 19-September | 17.71 | 2321.03 | 1750.42 | 5773.38 | 928.00 |
| 20-September | 17.93 | 2317.29 | 1753.50 | 5760.82 | 942.00 |

## ပြည်တွင်းငွေလဲနှုန်း စျေးမြင့်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲစျေးကွက်သည် စက်တင်ဘာလတတိယပတ်အတွင်း စျေးမြင့်နေခဲ့သော်လည်း အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်ရက်သတ္တပတ်ကအမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၀ကျပ် သတ်မှတ်ခဲ့ရာမှ ယခုရက်သတ္တပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၄ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းစျေးကွက်အတွင်း အမေရိကန်ဒေါ်လာကို ရောင်းလိုအားများသော်လည်း ဝယ်လိုအားနည်းခဲ့သောကြောင့် အရောင်းအဝယ်နည်းခဲ့ကြောင်း၊ အခွန်နှင့်ပတ်သတ်၍ ပြောင်းလဲမှုများ ထွက်ပေါ်လာရာ မြန်မာ့စီးပွားရေးအင်ဂျင်နှိုးဆွမှုကို ပိုမိုအားကောင်းလာစေနိုင်မည်ဟူသောအမြင်များရှိလာကြောင်း၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဘယ်လောက်အတိုင်းအတာထိ ရှေ့ဆက်နိုင်မည်ကို စောင့်ကြည့်ရန်လိုအပ်ကြောင်း၊ နိုင်ငံတကာတွင်လည်း အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကိုလျှော့ချလိုက်ခြင်းကြောင့် အမေရိကန်ဒေါ်လာများစျေးကွက်အတွင်းသို့ ပြန်လည်စီးဆင်းလာနိုင်မည့်အခြေအနေရှိကြောင်း၊ နှစ်လတာနီးပါးရပ်တန့်နေခဲ့သည့် အမေရိကန်-တရုတ်ကုန်သွယ်ရေးဆွေးနွေးမှုမှာလည်း ယခုရက်ပိုင်းအတွင်း ပြန်လည်စတင်နိုင်ခဲ့သည်မှာလည်း အမေရိကန်ဒေါ်လာအပေါ် သက်ရောက်မှုရှိကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းစျေးကွက်တွင် စက်တင်ဘာ၁၆ရက်က အမေရိကန်တစ်ဒေါ်လာရောင်းစျေး၁၅၃၄ကျပ်၊ဝယ် စျေး ၁၅၃၀ကျပ်မှ စက်တင်ဘာ၁၈ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၅၃၇ကျပ်၊ဝယ်စျေး၁၅၃၃ကျပ်သို့ ရောက်ရှိလာခဲ့ပြီး စက်တင်ဘာ ၂၀ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းစျေး ၁၅၃၆ကျပ်၊ဝယ်စျေး၁၅၃၂ကျပ်ရှိခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## အကျစျေးဖြင့်သာ ငြိမ်သက်နေခဲ့သည့် ပြည်တွင်းရွှေ

ယခင်ရက်သတ္တပတ်မှစတင်ကာ စျေးပြန်လည်ကျဆင်းလာခဲ့သောပြည်တွင်းရွှေစျေးနှုန်းသည် စက်တင်ဘာ တတိယပတ်တွင်လည်း စျေးဆက်လက် ကျဆင်းခဲ့ကြောင်း သိရသည်။

"အရင်တစ်ပတ်က သုံးသပ်ခဲ့သလိုပဲ ပြည်တွင်းရွှေစျေးကဆက်ကျလာတယ်။ စျေးကွက်ကအရင်ကလောက်တော့ အရမ်းကြီးသွက်နေတာမျိုး မဟုတ်တော့ဘူး။ အဓိကကတော့ အခုဆိုပြည်တွင်းမှာ အခွန်နဲ့ပတ်သတ်ပြီး အလျှော့အတင်းတွေရှိလာတော့ မြေကဏ္ဍကို လူတွေစိတ်ပြောင်းသွားတာမျိုးရှိတယ်။ ကုန်သွယ်ရေးစစ်ပွဲကာလမှာ တရုတ်ဆီက လုပ်ငန်းတွေဝင်လာမယ်ဆိုတဲ့ မျှော်လင့်တာမျိုးပေါ့။ အခုချိန်က ရွှေတို့ဒေါ်လာတို့စုရမယ့်အချိန်မျိုးမဟုတ်သေးဘူး။ မြန်မာငွေကို ပြန်ကိုင်ရမယ့်သဘောဖြစ်သွားတယ်။ကမ္ဘာ့ရွှေကတော့ ဆော်ဒီနိုင်ငံက ရေနံချက်စက်ရုံတွေတိုက်ခိုက်ခံရအပြီး ရေနံစျေးကအမြင့်ဆုံးထိတက်လာလို့ ရွှေကလည်း လိုက်တက်လာတယ်။ ကျရိပ်ပြပြီးမှ ပြန်တက်လာတယ်။ ကုန်သွယ်ရေးဆွေးနွေးမှုပြန်လည်စတင်ပေမယ့် ရလဒ်ကိုလည်း စောင့်ကြည့်ရဦးမှာဖြစ်တယ်"ဟု ပြည်တွင်း ရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေစျေးကွက်တွင် စက်တင်ဘာ၁၆ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ် ၁၂၂၇၀၀၀ရှိခဲ့ရာမှ စက်တင်ဘာ ၁၈ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၃၄၀၀၀ သို့ မြင့်တက်ခဲ့သော်လည်းစက်တင်ဘာ၂၀ရက်တွင် ကျပ် ၁၂၃၂၀၀၀သို့ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေစျေးကွက်၌ စက်တင်ဘာ၁၆ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၀၅ ဒေါ်လာရှိခဲ့ရာမှ စက်တင်ဘာ၁၈ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၀၂ဒေါ်လာသို့စျေးကျဆင်းခဲ့သော်လည်း စက်တင်ဘာ၂၀ရက်တွင်တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၅၀၃ဒေါ်လာဖြင့် ရောင်းဝယ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Open a (MSEC) Stock Trading Account ဆွေးနွေးပွဲပြုလုပ်မည်

Myanmar Securities Exchange Centre Co.,Ltd. က စီစဉ်ကျင်းပသောOpen a (MSEC) Stock Trading Accountဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ Yangon Stock Exchange ၌ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုတွင် ဝယ်ယူမည့် စတော့ရှယ်ယာ၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များဖြစ်သော Balance Sheet, Income Statement, Cash Flow Statement များအနက် အရေးကြီး အချက်အလက်များကို သုံးသပ်၍ စတော့ရှယ်ယာဝယ်ယူရန် ဆုံးဖြတ်ခြင်းနည်းလမ်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆွေးနွေးပွဲသို့တက်ရောက်ရန် စာရင်းပေးသွင်းတက်ရောက်သူများအတွက်လည်း Lucky Draw အစီအစဉ်ကို ပြုလုပ်ထားကြောင်း၊ Securities Account ဖွင့်လှစ်လိုသူများအနေဖြင့် ဆွေးနွေးပွဲအတွင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ တက်ရောက်ရန် စာရင်းပေးသွင်းလိုပါက စက်တင်ဘာ ၂၆ ရက်နောက်ဆုံးထား၍ ဖုန်း-၀၁-၃၇၆၈၂၂(သို့မဟုတ်) https://www.msecmyanmar.comတို့တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

September 20, 2019
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.47 |
| BDT | Bangladesh Taka | 84.49 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 7.08 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.83 |
| I NR | India Rupees | 70.85 |
| I DR | Indonesia Rupiahs | 14059.60 |
| JPY | Japan Yen | 107.87 |
| MYR | Malaysia | 4.17 |
| PKR | Pakistan Rupees | 156.70 |
| PHP | Philippines Pesos | 52.03 |
| RUB | Russia Rubles | 63.95 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1188.31 |
| LKR | Sri Lanka Rupe | 180.93 |
| THB | Thailand Baht | 30.47 |
| GBP | United Kingdom Pounds | 0.79 |
| VND | VietnamDon | 23173.89 |

*Source:xe.com*

## World Gold Price

September- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 16 | 1507 | 1504 | 1504 |
| 17 | 1498 | 1497 | 1497 |
| 18 | 1505 | 1503 | 1504 |
| 19 | 1496 | 1498 | 1498 |
| 20 | 1509 | 1508 | 1505 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 16-9- 2019 | 1232.00 | 1231.00 |
| 17-9- 2019 | 1228.00 | 1226.00 |
| 18-9- 2019 | 1232.00 | 1232.00 |
| 19-9- 2019 | 1233.00 | 1233.00 |
| 20-9- 2019 | 1233.00 | 1232.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 16 | 7.07 | 30.48 | 84.54 | 71.37 |
| 17 | 7.09 | 30.57 | 84.57 | 71.81 |
| 18 | 7.09 | 30.53 | 84.55 | 71.27 |
| 19 | 7.10 | 30.56 | 84.47 | 71.16 |
| 20 | 7.08 | 30.47 | 84.49 | 70.85 |

## ဘိလပ်မြေ

# ရေကြောင်းလမ်းမှ ဘိလပ်မြေအဝင်မရှိဘဲ နယ်စပ်လမ်းမှသာ တင်သွင်းခဲ့

စက်တင်ဘာ ၈ ရက် မှ ၁၄ ရက် သီတင်းပတ်အတွင်းမှာ ဘိလပ်မြေတင်သွင်းမှု ရပ်နားခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်မှာလည်း ဘိလပ်မြေအဝင်မရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်နှင့်ဆိုလျှင် နှစ်ပတ်ဆက်တိုက် အဝင်နားခဲ့ကြောင်းသိရသည်။

စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၃၀၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၇၂၃၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၉၃၀ ကျော် အဝင်လျော့ခဲ့သည်။ ယခုတစ်ပတ် ရေလမ်းမှဘိလပ်မြေအဝင်မရှိဘဲ နယ်စပ်လမ်းမှသာ အဝင်ရှိခဲ့ကြောင်း သိရသည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ



**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးရာသီဖြစ်နေသောကြောင့် အရောင်းအဝယ်ပါးကြောင်းသိရသည်။ ယခင်တစ်ပတ်မှာ ဈေးအနည်းငယ် မြင့်ခဲ့သော်လည်း ယခုတစ်ပတ်မှာ ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** မိုးမပြတ်သေးသောကြောင့် အရောင်းအဝယ်ပါးကြောင်းသိရသည်။ ဈေးကွက်ထဲ စိန်ဘိလပ်မြေနှင့်ကျားခေါင်း ဘိလပ်မြေတို့က ပစ္စည်းပြတ်နေပြီး ကမ္ဘောဇနှင့် ကြံ့ဘိလပ်မြေတို့က ကျပ် ၃၀၀ ဈေးကျကာ ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်းအရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန် (ထိုင်း) ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၁၀၀၊ ကမ္ဘောဇ ကျပ် ၄၉၀၀၊ ကြံ့ကျပ် ၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ကောင်းကြောင်းသိရသည်။ ဈေးကွက်ထဲအယ်လ်ဖာ ဘိလပ်မြေနှင့်ကြံ့ဘိလပ်မြေများက ပစ္စည်းပြတ်နေပြီး ခရောင်းဘိလပ်မြေက ကျပ် ၃၀၀ ဈေးကျလာကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၀၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ခရောင်း(၅၂၅) ကျပ် ၅၃၀၀၊ ခရောင်း(၄၂၅)ကျပ် ၄၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၄၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၆၀၀၊ အယ်လ်ဖာ ကျပ် ၆၂၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၁၂၀၀၀ နီးပါးသာဝင်

စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၁၅၉၄၈ တန်ဖိုးရှိ မြေဩဇာ ၁၁၉၂၈ ဒသမ ၈၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၈၉၇ ဒသမ ၅ တန်၊ တရုတ်နိုင်ငံမှ ၃၄၁၄ ဒသမ ၆၅ တန်၊ အီဂျစ်နိုင်ငံမှ ၃၁၅ တန်၊ အီရန်နိုင်ငံမှ ၁၉၉၃ ဒသမ ၈၀ တန်၊ ကိုရီးယားနိုင်ငံမှ ၄၄၉ ဒသမ ၅၉ တန်၊ နယ်သာလန်နိုင်ငံမှ ၁၉၈ ဒသမ ၃၉ တန်၊ နော်ဝေနိုင်ငံမှ ၄၉၈ ဒသမ ၃၈ တန်၊ ရုရှားနိုင်ငံမှ ၁၄၃၂ဒသမ ၂၆ တန်၊ ထိုင်းနိုင်ငံမှ ၅၁၃ တန် ၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၁၀၀၆ ဒသမ ၂၈ တန်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ဘီလာရုစ်နိုင်ငံမှ ဒုတိယ အများဆုံး တင်သွင်းခဲ့ကြောင်း သိရသည်။

တင်သွင်းခဲ့သည့်တံဆိပ်များမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား၊ ကွန်ပေါင်း(၁၃း၅း၇)၊ကွန်ပေါင်း(ရွှေပျား)၊ယူရီးယား(၄၆%)၊ကွန်ပေါင်း (၁၆း၁၆း၁၆)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ အော်ဂဲနစ်၊ ပုလဲမြေဩဇာတို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၁၂၂၆၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၃၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

# မန္တလေးမြေဩဇာဈေးကွက် အရောင်းအေး

စက်တင်ဘာ ၇ ရက်မှ ၁၃ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန် ၂၀၁၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၁၇၈၉၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၂၂၃၀ ကျော် အဝင်ပိုခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့် မကွေးနှင့် မန္တလေးတို့၌ အရောင်းပုံမှန်ရှိပြီး မော်လမြိုင်နှင့် တောင်ကြီးတွင် အရောင်းပါးကြောင်းသိရသည်။

**တောင်ကြီးဈေးကွက်၌** စိုက်ပျိုးရာသီလည်းမဟုတ်သောကြောင့် အရောင်းအဝယ်ပါးကြောင်းသိရသည်။ ယခုတစ်ပတ် တီစူပါ(၂၀%) (တရုတ်) နှင့် တီစူပါ (၁၀း၁၀း၅)က ကျပ် ၅၀၀ ဈေးမြင့်ပြီး တီစူပါ (၁၅) ပတ်လည်က ကျပ် ၇၀၀၊ ဓာတ်ဆားက ကျပ် ၅၀၀ ဈေးကျကာ ကျန် မြေဩဇာ များက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၅၈၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၉၈၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ်၁၆၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၇၀၀၀၊ မြွားကမ္ဘာကျပ် ၁၉၅၀၀၊ ပုလဲ-မြင်းပျံ ကျပ် ၂၉၅၀၀၊ ရွက်ဖျန်း ကျပ်၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

**မန္တလေးဈေးကွက်၌** ယခုတစ်ပတ်မှာလည်း အရောင်းအဝယ်ကောင်းကြောင်း သိရသည်။ ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ် ၁၅၀၀၊ ပိုတက်က ကျပ် ၁၃၀၀ ဈေးမြင့်ပြီး အာမို(၁၅)ပတ်လည်က ကျပ် ၅၀၀ ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ (၄၆%-တရုတ်)ကျပ် ၂၄၅၀၀၊ မြွားသီးစုံကျပ် ၁၈၄၀၀၊ ပန်းသီးစုံကျပ် ၁၈၅၀၀၊ အာမို(၁၆း၁၆း၈) ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၀၀၀၊ ပိုတက် ကျပ် ၂၇၇၀၀၊ မြွားကမ္ဘာ ကျပ် ၁၈၄၀၀၊ မြွား(၁၅း၇း၈) က ကျပ်၂၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ် ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် မြွားကမ္ဘာ(တရုတ်)(၁၂း၁၃)က ကျပ်၆၀၀၊ ဆင်(၁၀း၁၀း၅)က ကျပ် ၅၀၀၊ ယူရီးယား-ပုလဲက ကျပ် ၂၀၀၊ တီစူပါက ကျပ် ၇၀၀၊ မြွားကမ္ဘာ (၁၅း၇း၈)က ကျပ် ၃၀၀၊ အာမို(၁၀း၁၀း၅)က ကျပ် ၇၀၀ ဈေးမြင့်ပြီး အာမို (၁၆း၁၆း၈)က ကျပ် ၃၀၀ ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၂၀၀ ကျော်နှင့် နို့မှုန့် တန်ချိန် ၂၇၀ ကျော်တင်သွင်း

စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၅၈၀၀၀ တန်ဖိုးရှိနို့ဆီ ၂၁၈ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ အိုကေနို့ဆီတစ်မျိုးတည်းသာ တင်သွင်းခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က နို့ဆီ တန်ချိန် ၇၂၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၅၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၄၇၆၉၇၇ တန်ဖိုးရှိ နို့မှုန့် ၂၇၃ ဒသမ ၃၅ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ်ပြင်သစ်နိုင်ငံမှ တန်ချိန် ၁၀၀၊ နယူးဇီလန်နိုင်ငံမှ ၇၃ ဒသမ ၃၅ တန်နှင့် ယူကရိန်းနိုင်ငံမှ တန်ချိန် ၁၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် တန်ချိန် ၁၇၀ ကျော် အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင်တန်ချိန် ၁၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်လျော့ခဲ့ပြီး နို့မှုန့်အဝင်ပိုခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၁/၈ မှ ၆/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၈ မှ ၃၀/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၇.၅၀ | ၄၀.၅၀ | (-) | ၃.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | ၂၄၅.၀၀ | (-) | ၂၄၅.၀၀ |
| ၅။ | တာချီလိတ် | ၄၈၀၀.၀၀ | ၂၅၀၀.၀၀ | (+) | ၂၃၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၂၄၀၀.၀၀ | ၁၈၀၀.၀၀ | (+) | ၆၀၀.၀၀ |
| | စုစုပေါင်း | ၇၂၃၇.၅၀ | ၄၅၈၅.၅၀ | (+) | ၂၆၅၂.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၉ မှ ၁၃/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၁/၈ မှ ၆/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၃၁၁.၈၅ | ၃၈၁.၉၀ | (+) | ၃၉၃၉.၈၅ |
| ၂။ | လွယ်ဂျယ် | ၄၀၆၇.၇၀ | ၄၂၁၇.၈၅ | (-) | ၁၅၀.၁၅ |
| ၃။ | ချင်းရွှေဟော် | ၉၄၅၃.၆၅ | ၇၃၄၂.၁၅ | (+) | ၂၁၁၁.၅၀ |
| ၄။ | ကန်ပိုက်တီ | ၆၇၈.၀၀ | ၉၆၈.၀၀ | (-) | ၂၉၀.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၆၁၅.၀၀ | ၅၀၀၀.၀၀ | (-) | ၃၃၈၅.၀၀ |
| ၉။ | တမူး | ၉.၀၀ | - | (+) | ၉.၀၀ |
| | စုစုပေါင်း | ၂၀၁၃၅.၁၀ | ၁၇၈၉၉.၉၀ | (+) | ၂၂၃၅.၂၀ |

ခင်မိုးသူ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၅)မှ မြေ (သုည ဒသမ ဝ၅၃)ဧကပေါ်ရှိ နှစ်ထပ်လူနေအိမ် အဆောက်အအုံ တစ်လုံးအား (မြေမပါ) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ အဆိုပါရောင်းချခြင်းအား (၂၅-၉-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုလွှာက်လွှာတင်ပြရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposite ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ Tender တင်ဒါယှဉ်ပြိုင်ရမည့်နေ့ရက်အချိန် အား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ စိတ်ပါဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာတင်သွင်းနိုင်ပြီး ၎င်းရက်ထက် ကျော်လွန်ပါက လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၄၂-၂၄၅၂၃၊ ၀၄၂-၂၄၅၂၀ နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**
**ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ထပ်မံခွင့်ပြုရန် စီစဉ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုပေးရန် စီစစ်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်အေးဟန်က ပြောသည်။

စက်တင်ဘာ ၁၇ရက်က ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

“အခုထိ ဝင်ရောက်ထားတဲ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုထဲမှာ စင်ကာပူကတော့ ထိပ်ဆုံးပေါ့။ ဒီဘဏ္ဍာနှစ်အနေနဲ့ အခုလက်ထဲမှာ ခွင့်ပြုဖို့ အတည်ပြုဖို့ရှိတာ အားလုံးပေါင်းမယ်ဆိုရင် ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံရရှိမှာဖြစ်တယ်။အများဆုံးကတော့ စက်မှုလုပ်ငန်းများဖြစ်ပါတယ်”ဟု ဒေါ်တင်အေးဟန်က ပြောသည်။

ယင်းသို့ ထပ်မံ ဝင်ရောက်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အခြေခံအဆောက်အအုံလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများ ဖြစ်ကြောင်း ၎င်းက ပြောသည်။

လက်ရှိ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံ ဝင်ရောက်ထားပြီးဖြစ်သည်ဟု ဆိုသည်။ ဘဏ္ဍာနှစ်ကုန်ခါနီးအချိန်တွင် ထပ်မံဝင်ရောက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ တစ်ဘီလီယံကျော်ကြောင့် ယခုဘဏ္ဍာနှစ်အတွင်း စုစုပေါင်း ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံခန့်ရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

သို့သော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ လျာထားချက် ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ဒေါ်လာ တစ်ဘီလီယံကျော် လိုအပ်နေမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

“လျာထားချက် မပြည့်တာက အကြောင်းအမျိုးမျိုးရှိတယ်။ တိုက်ပွဲတွေကြောင့်လည်းပါတယ်။ စီးပွားရေးလုပ်တဲ့သူက အေးအေးချမ်းချမ်းနဲ့ အမြတ်ရမှ လုပ်ချင်တာ”ဟု ၎င်းက ဆက်လက် ပြောကြားသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် စင်ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၇၇ ဘီလီယံကျော်ဖြင့် အများဆုံး ဝင်ရောက်ထားပြီး တရုတ်နိုင်ငံမှ ဒေါ်လာ ၃၆ ဒသမ ၉ ဘီလီယံနှင့် ဟောင်ကောင်မှ ၁၂ ဒသမ ၁၉ ဘီလီယံ အသီးသီး ဝင်ရောက်ထားကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ လယ်ယာကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍများတွင် ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ပြည်တွင်း၊ ပြည်ပ လုပ်သားကိုးသောင်းကျော်တို့ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း DICA စာရင်းများအရ သိရသည်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်းပေါင်း ၁၆၅ ခုမှ တိုးမြှင့်ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် ဒေါ်လာ ၄၆၉ သန်းနှင့် ကျပ်ငွေ ၁၆၇၇ ဒသမ ၃၄ ဘီလီယံဝင်ရောက်ထားကြောင်း သိရသည်။

ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုပေးရာတွင် လုပ်ငန်း၏ စီးပွားရေး တွက်ခြေကိုက်မှု၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှု၊ အမျိုးသားဝင်ငွေနှင့် အခွန်တိုးတက်ရရှိနိုင်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်အခြေအနေ၊ ပြည်တွင်းစားသုံးရန် လိုအပ်ချက်၊ နည်းပညာဆီလျော်မှု၊ တီထွင် ဆန်းသစ်မှု၊ နည်းပညာလွှဲပြောင်းရရှိမှု၊ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် ထိန်းသိမ်းကာကွယ်ရေးဆောင်ရွက်မှုအစီအမံများ၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းနှင့် တည်ဆဲဥပဒေများကို လိုက်နာခြင်း စသည့်အချက်များကို အခြေခံပြီး ခွင့်ပြုပေးခြင်းဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## ကျောက်ပန်းတောင်း၌ တိုင်းရင်းကြက်မွေးမြူသူများ တွက်ခြေကိုက်နေ

ရေနံချောင်းမြို့နယ်၌ တိုင်းရင်းကြက်မွေးမြူရေးလုပ်ကိုင်သူများ တွက်ခြေကိုက်နေကြောင်း ဒေသခံများထံမှ သိရသည်။ “ကျွန်မတို့ဒေသမှာတော့ တိုင်းရင်းကြက်လို့ ခေါ်ပြီး အသားဈေးကွက်မှာတိုင်းရင်းကြက်ကို ဗမာကြက်ခေါ်တယ်။ လက်ရှိကြက်သားတစ်ပိဿာ ကျပ် ၇၅၀၀ ဈေးရောင်းရတယ်။ အသားဈေးကလည်း စီပီကြက်သားထက် ဈေးကောင်းတာကြောင့် တစ်နှစ်လျှင် ပိဿာ ၅၀ ရောင်းပါက အနည်းဆုံးကျပ် ၃၅၀၀၀၀ကနေ ကျပ် ၆၀၀၀၀၀ ဝင်ငွေရတယ်”ဟု ဒေသခံကြက်မွေးသူကိုဝင်းဌေးက ပြောဆိုသည်။

တိုင်းရင်းကြက်ကိုမွေးမြူရာတွင်အစားအစာသီးသန့်ကျွေးမွေးစရာမလိုဘဲမိမိတို့လယ်ယာကိုင်းကျွန်းများမှ ထွက်ရှိသော ကောက်ပဲသီးနှံများအား စားသောက်သောကြောင့်အပိုဝင်ငွေရကြောင်း သိရသည်။ **ရွှေဇင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၀-၉-၂၀၁၉)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၅၀၀ | ၈၀၀၀ | △ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၇၈၀၀ | ၈၀၀၀ | △ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၆၆၀၀ | ၆၆၀၀ | □ | ၆၆၀၀ | ၆၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၇၅၀၀ | ၇၅၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၀-၉-၂၀၁၉ **US$/Ton**

| အမျိုးအစား | စက်တင်ဘာပထမပတ် | စက်တင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၂၂.၀၀ | ၅၂၆.၅၀ | △ |
| **RBD P.Olein** | ၅၂၉.၅၀ | ၅၃၃.၅၀ | △ |
| **RBD P.Stearin** | ၅၃၁.၀၀ | ၅၃၈.၅၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၀-၉-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၆၄.၁၇ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၃၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၆၅ |
| ဆီကန်သို လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၄.၀၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၃၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၃ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၆၁၃.၅၆၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၀-၉-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 583 ဒေါ်လာနှင့် USD ဈေး ၁၅၃၇ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၀-၉-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၇ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ဗီယက်နမ်နိုင်ငံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှု ဆက်လက်ကျဆင်း



ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမ ရှစ်လအတွင်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှုမှ ကန်ဒေါ်လာ ၂ ဒသမ ၅၃ ဘီလီယံရရှိပြီး တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းလာကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးရေးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

အဆိုပါရရှိသည့်ကိန်းဂဏန်းသည် ဩဂုတ်လတွင် ရရှိသည့် ကန်ဒေါ်လာ ၂၄၆ သန်း ပါဝင်သည်။ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ဗီယက်နမ်နိုင်ငံ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၏ ၇၀ ဒသမ ၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၆၅ ဘီလီယံရရှိကာ တင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တရုတ်နိုင်ငံပြီးလျှင် အမေရိကန်သည် ဒုတိယအများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်ကာ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၈၄ ဒသမ ၀၇ သန်းရရှိပြီး ၁၂ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ကိုရီးယားနိုင်ငံသည် တတိယနေရာလိုက်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၇၆ ဒသမ ၉၁ သန်း၊ ၁၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံသည် ဩဂုတ်လတွင် အခြားသောနိုင်ငံများမှလည်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို တန်ဖိုး ကန်ဒေါ်လာ ၁၃၄ သန်းဖိုး ဝယ်ယူခဲ့ပြီး ရှစ်လအတွင်း တင်သွင်းမှုမှာ ကန်ဒေါ်လာ ၁ဒသမ ၂၈ ဘီလီယံရရှိခဲ့သည်။ မြောက်များစွာသော ဈေးကွက်များတွင် အစားအစာ လုံခြုံစိတ်ချမှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေး စံချိန်စံညွှန်းများ၏ သတ်မှတ်ချက်များတိုးမြှင့်ခြင်း၊ အမေရိကန်နှင့် တရုတ်တို့၏ ကုန်သွယ်ရေး တင်းကျပ်မှုများ ပိုမိုပြင်းထန်လာခြင်း၊ ကမ္ဘာ့စီးပွားရေး မသေချာ မရေရာမှုများကြောင့် ယခုနှစ်ကျန်ရှိနေသော လများတွင် ပို့ကုန်တင်ပို့မှုမှာ အခက်အခဲများစွာ ဆက်လက် ရင်ဆိုင်ရဖွယ်ရှိလိမ့်မည်ဟု ဗီယက်နမ်နိုင်ငံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးရေးဌာနမှ ခန့်မှန်းထားကြောင်း သိရသည်။

**နှင်းပန်းဖြူ(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# သဇင်မြေ ကုန်သွယ်မှုဗဟိုဌာန၏ ကုန်သွယ်မှု အခြေအနေ

စက်တင်ဘာ ၇ရက်မှ ၁၃ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်း ကီလိုဂရမ် ၂၉၃၁၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၀၆၆၀ ဒေါ်လာရရှိခဲ့သည်။ ယခင်တစ်ပတ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ငါးမြစ်ချင်း ကီလိုဂရမ် ၁၉၂၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၇၇၇၆ ဒေါ်လာ ရရှိခဲ့သည်ဟု သိရှိရသည်။

ယခုတစ်ပတ် စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ကြက်သွန်နီ ကီလိုဂရမ် ၂၀၀၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၆၀၀ ဒေါ်လာရရှိခဲ့သည်ဟု သိရှိရသည်။ ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အတွင်း တင်ပို့နိုင်မှုထက် ယခုတစ်ပတ်တွင် ကြက်သွန်နီ ပိုမိုတင်ပို့နိုင်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိစစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ အမှန်တင်ပို့ ကုန်ပစ္စည်းများအနေဖြင့် ဆီးဖတ်၊ မန်ကျည်းစေ့၊ ကြက်သွန်နီ၊ ငါးသိုင်းခေါင်းပွနှင့် ငါးမြစ်ချင်းတို့ တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၉၃၃၆၉ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ရခိုင်ပြည်နယ်၊ ဆန်၊ စပါးဈေးကွက်အခြေအနေမှာ အရောင်းအဝယ်အေးပြီး ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း သိရသည်။ ဧည့်မထစပါးတင်း ၁၀၀ ကို ကျပ် ၅၂၀၀၀၀ဖြစ်ပြီး ဆန်တစ်အိတ်ကို ကျပ် ၂၄၀၀၀ ရှိကြောင်း သိရသည်။ **နီလာ(သဇင်မြေကုန်သွယ်မှုဗဟိုဌာန)**

# မြန်မာ့ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့မှုပမာဏနှင့် ဝင်ငွေ ယခင်နှစ်အတိုင်းသာ ရရှိနိုင်မည်

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်အထိ မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု ပမာဏမှာ မက်ထရစ်တန် ၅၅၈၅၇၆ ဒသမ ၂၉၆ တန် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအဖြစ် အမေရိကန် ဒေါ်လာ ၆၈၉ ဒသမ ၉၈ သန်းရရှိခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီမှ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ ရေထွက်ပစ္စည်းတင်ပို့မှုတွင် မက်ထရစ်တန် ၅၉၀၀၉၄ ဒသမ ၀၉၃ တန်နှင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၂၀ သန်း ရရှိခဲ့သည်။ အဆိုပါ ပို့ကုန်ပမာဏနှင့်ဝင်ငွေမှာ မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းတင်ပို့မှုတွင် အများဆုံးတင်ပို့နိုင်ခဲ့သည့် စံချိန်ဖြစ်သည်။

ယခုနှစ်တွင် ဘဏ္ဍာနှစ်သတ်မှတ်ချက်ကို ပြောင်းလဲသတ်မှတ်ထားသည့်အတိုင်း ပို့ကုန်ပမာဏနှင့် ဝင်ငွေကို ပေါင်းစုတင်ပြရာ၌ ဩဂုတ်လတွင် တရုတ်၊ မြန်မာကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် ဖြစ်ပေါ်ခဲ့သည့် အခက်အခဲများကြောင့် တရုတ်နိုင်ငံသို့ ရေချို ရေငန်ငါး၊ ပုစွန်များ၊ ကဏန်း၊ ငါးရှဉ့်များတင်ပို့မှု ရပ်ဆိုင်းခဲ့ရသည်။

မြန်မာ့ပင်လယ်ပြင် သယံဇာတထိန်းသိမ်းရေး အစီအစဉ်အရ ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလတာကာလကို ငါးမဖမ်းရ ရာသီ သတ်မှတ်ပိတ်ပင်ခဲ့သဖြင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများသည် စက်တင်ဘာ ၁ ရက်မှသာ ပင်လယ်ပြင်သို့ စတင်ထွက်ခွာကြသည့်အတွက် ပင်လယ်ငါး၊ ပုစွန် ပြည်ပတင်ပို့မှုပမာဏနှင့် ဝင်ငွေမှာ တိုးမြှင့်ရရှိခြင်းမရှိသေးကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုပမာဏနှင့် ဝင်ငွေမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ယခင်နှစ်အတိုင်း(သို့မဟုတ်) ယခင်နှစ်နီးပါးခန့်သာ ရရှိနိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။ **ခိုင်သဥ္ဇာဦး၊ (မြှင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်တင်ပို့ ကြက်သွန်နီဈေး အနည်းငယ်ကျ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်သို့စားဖိုဆောင်သီးနှံများဖြစ်သည့်ကြက်သွန်နီ၊ နနွင်းတက်၊ ငရုတ်သီးခြောက်တို့ တင်ပို့လျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၁၇ ရက်အထိ တင်ပို့တန်ချိန်များမှာ ကြက်သွန်နီ ၅၀၄၉ တန်၊ နနွင်းတက် ၅၈၇ ဒသမ ၉ တန်၊ ငရုတ်သီးခြောက် ၃၄၀ တန် တင်ပို့ရောင်းချနိုင်ခဲ့သည်။

ဩဂုတ် ၁ ရက်မှ ၁၇ရက်အတွင်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်သို့စားဖိုဆောင်သီးနှံတင်ပို့မှုမှာ ကြက်သွန်နီ ၄၀၅၇ တန်၊ နနွင်းတက် ၄၁၂ ဒသမ ၉ တန်၊ ငရုတ်သီးခြောက် ၁၃၆ တန်တင်ပို့ခဲ့ပြီး ဩဂုတ်လတင်ပို့မှုနှင့်စက်တင်ဘာလတင်ပို့မှုနှင့် ကာလတူနှိုင်းယှဉ်လျှင် စက်တင်ဘာလအတွင်း ကြက်သွန်နီ၊ နနွင်းတက်နှင့် ငရုတ်ခြောက်တင်ပို့မှုသည် ဩဂုတ်လအတွင်း တင်ပို့မှုထက် ပိုမိုခဲ့သည်။

ငွေဈေးမှာ တစ်ဒေါ်လာ ကျပ် ၁၅၂၀၊ မြန်မာကျပ်ငွေ ၁၀၀ လျှင် သုညဒသမ ဝ၄၆၈ ယွမ်၊ တစ်ယွမ်လျှင် ၂၁၅ ကျပ် ပေါက်ဈေးရှိခဲ့ပြီး ယခင် ကြက်သွန်နီ တစ်တန်ဈေးမှာ တရုတ်ငွေ ၁၇၆၇ ယွမ်၊ မြန်မာငွေကျပ် ၃၈၀၀၀၀၊ တစ်ပိဿာ ၂ ဒသမ ၈ယွမ်၊ မြန်မာငွေ ကျပ် ၆၁၀ ဈေးနှုန်းဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ရာမှ ဩဂုတ် ၁၀ ရက်နောက်ပိုင်းတွင် ငွေဈေးမပြောင်းသော်လည်း ကြက်သွန်နီ တစ်တန်ဈေးမှာ တရုတ်ငွေ ၁၇၂၀ ယွမ်၊ မြန်မာငွေ ကျပ် ၃၇၀၀၀၀၊ တစ်ပိဿာ ၂ ဒသမ ၇ယွမ်၊ မြန်မာငွေ ကျပ် ၆၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့၍ ဈေးအနည်းငယ်ကျဆင်းခဲ့သည်။



ကြက်သွန်နီဈေးမှာ ဩဂုတ် ၁ ရက်မှ ၁၇ ရက်အတွင်း တစ်ပိဿာ ၆၄၀ ကျပ်ဝန်းကျင်ရှိပြီး စက်တင်ဘာ ၁ ရက်မှ ၁၇ ရက်အတွင်း တစ်ပိဿာ ကျပ် ၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သောကြောင့် ကာလတူဈေးနှုန်းနှိုင်းယှဉ်လျှင်လည်း ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၄၀ ဝန်းကျင်ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင် စာရင်းအရသိရသည်။

**ထွန်းမင်းထွန်း**
**(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# ဘုတလင်မြို့နယ်ထွက် မြန်မာ့ကျောက်စိမ်း ဖီးကြမ်းငှက်ပျော

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငှက်ပျောကို အများအပြား စိုက်ပျိုးနေသော်လည်း မုံရွာခရိုင်၊ ဘုတလင်မြို့နယ်အတွင်းရှိ အိုင်ဌအိုင်ကျေးရွာ၊ ချပ်ခလေးရွာနှင့် ဂွေးပင်ကျင်းရွာများတွင် မြန်မာ့ကျောက်စိမ်း ဖီးကြမ်းငှက်ပျောဧက ၁၅၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရှိရသည်။

မြန်မာ့ကျောက်စိမ်း ဖီးကြမ်းငှက်ပျောကို အစေ့မှမစိုက်ပျိုးကြဘဲ အပင်အတက်များကိုတူးဖော်၍ စိုက်ပျိုးကြသည်။ ငှက်ပျောစိုက်ပျိုးရာ၌ တစ်ကျင်းထဲတွင် ငှက်ပျောပင်နှစ်ပင်စိုက်ပြီး တစ်ပင်နှင့်တစ်ပင်ကို တစ်တောင်၊ တစ်ထွာစီခြား၍ စိုက်ပျိုးကြကြောင်း သိရသည်။ ငှက်ပျောကို တစ်သီးစားစနစ်ဖြင့် စိုက်ပျိုးပြီး မြန်မာ့ကျောက်စိမ်း ဖီးကြမ်းငှက်ပျောသည် တစ်ဧကလျှင် အပင် ၈၀၀ စိုက်ပျိုးကြောင်း၊ တစ်ဧကကုန်ကျစရိတ်မှာ ၁၀သိန်းခန့် ကုန်ကျပြီး ငှက်ပျောမှ ထွက်ရှိမှု ရောင်းရငွေမှာ တစ်ဧကလျှင် ငွေကျပ် ၂၅-၃၀သိန်းခန့် ပြန်လည်ရရှိကြောင်း ဘုတလင်မြို့နယ် ငှက်ပျောစိုက်တောင်သူတစ်ဦးထံမှသိရသည်။

ဘုတလင်မြို့နယ်မှထွက်ရှိသော မြန်မာ့ကျောက်စိမ်း ဖီးကြမ်းငှက်ပျောကို ရန်ကုန်၊ ဖားကန့်မြို့များမှ အများဆုံး လာရောက်ဝယ်ယူနေကြောင်း သိရှိရသည်။ ဝယ်လက်များက ငှက်ပျောစိုက်ခြံများထိ ကိုယ်တိုင်ခုတ်၊ ကိုယ်တိုင်သယ်စနစ်ဖြင့် ဝယ်ယူကြသောကြောင့် ငှက်ပျောစိုက်တောင်သူများ ပို၍အဆင်ပြေကြောင်းသိရှိရသည်။ မြန်မာ့ကျောက်စိမ်း ဖီးကြမ်းငှက်ပျော လက်ကားတစ်ဖီးဈေးမှာ ကျပ် ၈၀၀မှ ၉၀၀ ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ပြီး၊ လက်လီ တစ်ဖီးချင်းဈေးအနေဖြင့် ကျပ် ၁၁၀၀ မှ ၁၃၀၀ ကျပ်အထိရှိနေကြောင်း ငှက်ပျောစိုက်တောင်သူတစ်ဦးထံမှသိရှိရသည်။

**ထက်ထက်မိုး(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

## တမူးနယ်စပ်မှအိန္ဒိယသို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းအမျိုးအစားများ

စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အတွင်း တမူးနယ်စပ်မှ အိန္ဒိယသို့ တင်ပို့လျက်ရှိသည့်ကုန်ပစ္စည်းအမျိုးအစားများမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် အခြားပစ္စည်းများ တင်ပို့ကြောင်းသိရသည်။

လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ပြောင်း၊ ကုလားပဲ၊ ပဲပုပ်စေ့၊ စားတော်ပဲ၊ ကွမ်းသီး၊ ကြက်သွန်ဖြူစသည့်ပစ္စည်းများ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်းပေါင်း ၁ ဒသမ ၂၆၄၊ ရေထွက်ပစ္စည်းများမှာငါးတန်၊ ငါးမြစ်ချင်း၊ ငါးမုတ်စသည်တို့၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၀၂၃၊ စက်မှုကုန်ကြမ်းပစ္စည်းများမှာ သကြားဖြူ၊ စီးကရက်၊ ဖျော်စက်စသည့်တို့၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၀၈၂ နှင့် နန့်ဖာလုံဈေးမှ အခြားပစ္စည်းများ တန်ဖိုးမှာအမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၃၀၆ တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်း တင်ပို့ခဲ့သည့် ပစ္စည်းများ တန်ဖိုးမှာအမေရိကန်ဒေါ်လာသန်းပေါင်း ၁ ဒသမ ၆၇၅ တင်ပို့နိုင်ခဲ့သည်။ ယခင်တစ်ပတ်အတွင်း တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁ ဒသမ ၃၇၂ တန်ဖိုး တင်ပို့နိုင်ခဲ့၍ ယခုတစ်ပတ်ပို့ကုန်တန်ဖိုးမှာ ယခင်တစ်ပတ်ထက်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဇုန်ဌာန)**

## မန္တလေးပြောင်းဈေးနှုန်း အနည်းငယ်ကျဆင်း

ယခုရက်ပိုင်းတွင် မန္တလေးကုန်စည်ဒိုင်ဈေးကွက်၌ ရှမ်းပြောင်း(သစ်) နှင့် စီပီပြောင်း ယခင်လထက် ဈေးအနည်းငယ် ကျဆင်းပြီး အထွက်တိုးပြောင်းအနီနှင့် ဆန်ပြောင်းတို့မှာ ယခင်လအတိုင်း ဈေးငြိမ်နေလျက်ရှိသည်။

ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံဘက်မှ အဝယ်အေးလာပြီး ရန်ကုန်ဝယ်လက်နှင့် ကြက်စာသမားများသာ ဝယ်ယူမှုရှိလာသော်လည်း ပြောင်းသစ်ဝင်ချိန်ဖြစ်သောကြောင့် ပြောင်းဈေးနှုန်းမှာ ယခင်လထက် အနည်းငယ်ကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ယခုတစ်ပတ်ပြောင်းဖူးစေ့ ၅၄ ပိဿာဝင် သုံးတင်းဝင်တစ်အိတ် ဈေးနှုန်းမှာ ရှမ်းပြောင်း (သစ်) ကျပ် ၂၁၀၀၀ မှ ၂၂၀၀၀၊ စီပီပြောင်းကျပ် ၂၁၀၀၀ မှ ၂၃၀၀၀၊ အထွက် တိုးပြောင်း အနီကျပ် ၃၀၀၀၀ မှ ၃၂၄၀၀၀၊ ဆန်ပြောင်းကျပ် ၄၂၀၀၀ မှ ၄၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်လကာလတူပေါက်ဈေးနှုန်းမှာ ရှမ်းပြောင်း (သစ်)ကျပ် ၂၃၀၀၀ မှ ၂၄၀၀၀၊ စီပီပြောင်းကျပ် ၂၄၃၀၀ မှ ၂၃၀၀၀၊ အထွက် တိုးပြောင်းအနီ ကျပ် ၃၀၀၀၀ မှ ၃၂၄၀၀၊ ဆန်ပြောင်းကျပ် ၄၂၀၀၀မှ ၄၃၀၀၀ဖြစ်ခဲ့၍ ယခင်လကာလတူပေါက်ဈေးထက် ရှမ်းပြောင်း (သစ်) ကျပ် ၂၀၀၀၊ စီပီပြောင်းကျပ် ၃၃၀၀ ကျဆင်းလာပြီး အထွက်တိုးပြောင်းအနီ နှင့် ဆန်ပြောင်းတို့မှာ ယခင်လအတိုင်း ဈေးနှုန်း ငြိမ်လျက်ရှိကြောင်း သိရသည်။

**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဇုန်ဌာန)**

## ဝဥသီးနှံ ဈေးကွက်ထဲ စတင်ဝင်ရောက်

ကရင်ပြည်နယ် မြဝတီဈေးကွက်၌ ဒေသအနီးတစ်ဝိုက်မှ ဒေသထွက် ဝဥအစိုသီးနှံများဈေးကွက်ထဲသို့ ယခုစက်တင်ဘာလဆန်းပိုင်းမှစ၍ တဖြည်းဖြည်း ဝင်ရောက်လာပြီး တစ်ပိဿာကို ကျပ်၁၆၀၀ ဈေးဖြင့် ဈေးဖွင့် အဝယ်ရှိနေသလို အရောင်းအဝယ်လည်း များလာကြောင်း သိရသည်။

ဝဥသီးနှံအဝယ်ဒိုင်များကလည်း ဝင်ရောက်လာသမျှ ဝဥအစိုသီးနှံများကို အရည်အသွေး အပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိသလို ဒေသခံ စိုက်ပျိုးသူတောင်သူများကလည်း လက်ရှိပေါက်ဈေးနှင့် အရောင်းများနေကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ယခင်နှစ်က ဝဥသီးနှံအစို တစ်ပိဿာကို ကျပ်၁၀၀၀ ဝန်းကျင်ဖြင့် ဈေးဖွင့်ခဲ့ပြီး ဈေးကွက်ပိတ်ချိန်မှာ တစ်ပိဿာကို ကျပ်၁၈၀၀ ဈေးအထိ ရခဲ့ကြောင်း၊ ယခုနှစ်အစတွင် ဝဥအစိုသီးနှံ တစ်ပိဿာကို ကျပ်၁၆၀၀ ဈေးဖြင့်နေ့စဉ်ပိဿာချိန် ၃၀၀၀မှ ၅၀၀၀ကြား အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ခင်မောင်မောင်အုန်း(ဖွဲ့ကပင်)**

## မွန်ပြည်နယ်၏ ပဲမျိုးစုံစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

မွန်ပြည်နယ်တွင် ပဲအမျိုးအစားခြောက်မျိုး (ပဲတီစိမ်း၊ ပဲလွန်း၊ မတ်ပဲ၊ ဘိုကိတ်၊ ထောပတ်နှင့်ပဲပုပ်) စိုက်ပျိုးပြီး ၂၀၁၆-၂၀၁၇ စုစုပေါင်းစိုက်ဧက ၅၈၀၀၀ ကျော်၊ ၂၀၁၇-၂၀၁၈ ဧက ၅၄၀၀၀ ကျော်နှင့် ၂၀၁၈-၂၀၁၉ တွင် ဧက ၅၇၀၀၀ ကျော် စိုက်ပျိုးကြောင်း၊ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလေ့ရှိပြီး နှစ်စဉ် ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးကြောင်း၊ ပဲတီစိမ်းဧက ၃၅၀၀၀ ကျော်ဖြင့် အများဆုံးစိုက်ပျိုးပြီး ပဲပုပ်ဧက ၁၀၀၀ ကျော်ဖြင့် အနည်းဆုံးစိုက်ပျိုးကြောင်း သိရှိရသည်။

မော်လမြိုင်မြို့ပေါ်တွင် ရောင်းချနေသော ဩဂုတ် ၃၁ ရက် တွင် ပဲတစ်တင်းဈေးနှုန်းမှာ ပဲတီစိမ်း ကျပ် ၃၄၀၀၀၊ ပဲလွန်း ကျပ် ၂၀၅၀၀၊ မတ်ပဲ ကျပ် ၂၄၆၀၀၊ ဘိုကိတ်ကျပ်၂၀၅၀၀၊ ပဲထောပတ် ကျပ် ၃၈၂၀၀ နှင့် ပဲပုပ်ကျပ် ၂၂၅၀၀ ရှိပြီး ယခုစက်တင်ဘာ ၁၆ ရက်ဈေးနှုန်းမှာ ပဲတီစိမ်း ကျပ် ၃၄၅၀၀၊ ပဲလွန်းကျပ် ၂၀၅၀၀၊ မတ်ပဲကျပ် ၂၄၆၀၀၊ ဘိုကိတ်ကျပ် ၂၀၅၀၀၊ ပဲထောပတ်ကျပ် ၃၈၀၀၀နှင့် ပဲပုပ် ကျပ် ၂၂၀၀၀ ဖြစ်ပေါ်နေသည့်အတွက် ပဲတီစိမ်းတစ်တင်း ကျပ် ၅၀၀ နှုန်း ဈေးတက်ပြီး ပဲထောပတ်တစ်တင်း ကျပ် ၂၀၀ နှင့် ပဲပုပ်တစ်တင်းကျပ် ၅၀၀ ဈေးနှုန်းကျဆင်းကြောင်း ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ရှိကြောင်း ပဲဈေးကွက်မှလေ့လာသိရှိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဇုန်ဌာန)**

## မန္တလေးကြက်သွန်နီ ပုံမှန်အရောင်းအဝယ်ဖြစ်နေ

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင်တစ်ပတ်အတွင်း ကြက်သွန်နီဈေးကွက်အခြေအနေမှာ ဈေးပုံမှန်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

မန္တလေးဈေးကွက်တွင် ယခုတစ်ပတ် ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးနှုန်းများမှာ ထိပ်စကျပ် ၉၀၀၊ အလတ်စကျပ် ၈၀၀၊ အနိမ့်စကျပ် ၇၀၀၊ လက်လီဈေးနှုန်းများမှာ ထိပ်စကျပ် ၁၂၀၀၊ အလတ်စကျပ် ၁၀၀၀၊ အနိမ့်စကျပ် ၈၀၀ ဖြင့် နေ့စဉ် ကုန်ချိန်ပိဿာ ၄၀၀၀၀ မှ ၆၀၀၀၀ ကြားတွင် ဝင်ရောက်မှုရှိနေကြောင်းသိရသည်။

မန္တလေးတိုင်းအတွင်း အရည်သွေးကောင်းသော ကြက်သွန်နီထွက်ရှိသည့်ကျောက်ဆည်ဈေးကွက်တွင် လက်ကားဈေးမှာတစ်ပိဿာလျှင် အမြင့်စကျပ် ၉၀၀၊ အလတ်စကျပ် ၇၀၀၊ အနိမ့်စကျပ် ၅၀၀၊ လက်လီဈေးနှုန်း တစ်ပိဿာလျှင် ထိပ်စကျပ် ၁၀၀၀၊ အလတ်စကျပ် ၈၀၀၊ အနိမ့်စကျပ် ၆၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

မြင်းခြံကုန်စည်ဒိုင်ဈေးကွက်သို့ မြင်းခြံ၊ တောင်သာနှင့် အနီးတစ်ဝိုက်မှ ကြက်သွန်နီ အများအပြား စိုက်ပျိုးသည့် ရွာများမှ နေ့စဉ်ကုန်ချိန်ပိဿာ ၆၈၀၀၀ မှ ၁၀၄၀၀၀ ထိ ဝင်ရောက်မှုရှိပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကုန်ချိန် အဝင်များလာကြောင်း၊ ယခုတစ်ပတ်က လက်ကားဈေး တစ်ပိဿာလျှင်ကျပ် ၅၀၀မှ ၇၃၅ ကျပ်ရှိပြီး ယခင်တစ်ပတ်ပေါက်ဈေးနှင့် ကျပ် ၁၀ ခန့်တက်၍ အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

မန္တလေးခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့တွင် တစ်ပတ်အတွင်းကြက်သွန်နီဈေးကွက်အခြေအနေမှာ ယခင်တစ်ပတ်နှင့်ဈေးပြောင်းလဲခြင်းမရှိဘဲ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **ချောစုဝင်း(ရတနာပုံကုန်သွယ်မှုဇုန်ဌာန)**



## တင်ပို့မှုပိုမိုသော်လည်း ဈေးကျ၍ ပို့ကုန်ဝင်ငွေလျော့နည်း

စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၁၃၉၈၇ ဒသမ ၉၉၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၆၂၆၀၄၇ ဒသမ ၅၉ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၆ နိုင်ငံရှိပြီး ကနေဒါ၊ အိန္ဒိယ၊ ဩစတြေးလျ၊ မလေးရှား၊ နီပေါ၊ ကာတာ၊ အစ္စရေး၊ ဂျပန်၊ ပါကစ္စတန်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ထိုင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ယူနိုက်တက်ကင်းဒမ်းနှင့်အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြသည်။ အများဆုံး တင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၁၁၂၈၀ ဒသမ၉၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၆၁၈၃၈၃၃ ဒသမ ၃၄ ဖြစ်ပြီး အနည်းဆုံး တင်ပို့ခဲ့သောနိုင်ငံမှာအမေရိကန်ပြည်ထောင်စုဖြစ်၍ တန်ချိန် ၁ ဒသမ ၁၀၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၂၃ ဒသမ ၂၂ ဖြစ်ကြောင်းသိရသည်။

ယခင်အပတ်တင်ပို့မှုမှာ တန်ချိန် ၁၃၅၄၉ ဒသမ ၀၇၃၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၇၇၀၇၉၁၃ ဒသမ ၇ ဖြစ်သောကြောင့် ယခုအပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၄၃၈ ဒသမ ၉၁၇ ပိုမို ဆောင်ရွက်နိုင်ခဲ့သော်လည်း၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၈၁၈၆၆ ဒသမ ၁၁ လျော့နည်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်အပတ်က အမေရိကန်ဒေါ်လာ ၅၆၉ခန့်ဖြစ်ပြီး ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၅၄၅ ရရှိသောကြောင့် ယခုအပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၄ ခန့် ကျဆင်းခဲ့ကြောင်း သိရသည်။ **စန်းစန်းမော်(မြှင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံ ပေါင်း ၁၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Australia နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာ၊ နယ်သာလန်၊ ကင်ညာ၊ ကူဝိတ်၊ အီဂျစ်၊ နော်ဝေ၊ ကာတာ၊ ဂရိ၊ ဘာဘေဒိုနှင့် နယူးဇီလန် စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၉၃ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဂျပန်၊ ဆွစ်ဇာလန်၊ ဘရာဇီးနှင့် ဘူလ်ဂေးရီးယား စသည့် နိုင်ငံပေါင်း ခုနစ်နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်း အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၈ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Sweden နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာ၊ ကင်ညာ၊ ကူဝိတ်၊ အီဂျစ်၊ နော်ဝေ၊ ကာတာ၊ ဘာဘေဒိုနှင့် နယူးဇီလန် စသည့်နိုင်ငံများ အပါအဝင် ၈၉ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘရာဇီးနှင့် ဘူလ်ဂေးရီးယား စသည့် နိုင်ငံ ငါးနိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်း အနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် လေးရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ဖြစ် ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၇ | ၀.၅၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၀ | ၀.၈၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၆ | ၀.၈၅ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ညှော်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃ ဖြင့် လည်းကောင်း၊ ညှော့ မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဖြင့် လည်းကောင်းဖြစ်ပေါ်ခဲ့ပြီး ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၈ ဖြင့်လည်းကောင်း၊ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၈ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၂ ဒေါ်လာဖြင့် လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၈ ဖြင့်လည်းကောင်း၊ ညှော့ မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၅ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ မှတ် ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်း ကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်နိုင်ငံတွင် ညှော့မထ ၅ မှတ်ဆန်နှင့် ညှော့မထ ၂၅ မှတ်ဆန်များမှာ ဈေးအနည်းငယ် မြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ အနည်းငယ် ကျဆင်းခဲ့သည်ကိုလေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ရူပီးငွေတန်ဖိုးကျဆင်းမှုကြောင့် အိန္ဒိယဆန်ပို့ကုန်ဈေးများကို နိမ့်ကျစေပြီး အိန္ဒိယနိုင်ငံတွင် အာဖရိကနိုင်ငံများထံမှ ဆန်ဝယ်လိုအားကောင်းနေသော်လည်း ငါးမှတ်ပေါင်းဆန်ဈေး မှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၃၇၃-၃၇၈ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၆၈-၃၇၂ ဒေါ်လာသို့လျှော့ကျလာခဲ့သည်ကို တွေ့ရှိရသည်။ ရူပီး တန်ဖိုးကျဆင်းမှုကြောင့် ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း ဆန်စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံတောင်ပိုင်း၊ အန္ဒရပြည်နယ်၊ ကာကီနာဒါမြို့ အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။ ပြီးခဲ့သည့် သုံးလပတ်အတွင်း အိန္ဒိယနိုင်ငံ၏စီးပွားရေးသည် ခြောက်နှစ်ကျော်အတွင်း အနှေးကွေးဆုံးနှုန်းဖြင့်သာ တိုးတက်ခဲ့ခြင်းကြောင့် ၎င်း၏အကျိုးဆက်အနေဖြင့် ရူပီးငွေတန်ဖိုးမှာ ယခုနှစ်အတွင်း အားအပျော့ဆုံးအဖြစ် အမေရိကန်တစ်ဒေါ်လာလျှင် ၇၂ ဒသမ ၄ ရူပီးနှုန်းတွင် ရပ်တည်ခဲ့ကြောင်း သိရှိရသည်။

ဆန်တင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် ငါးမှတ်ဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၄၁၀-၄၃၀ ဒေါ်လာ၌ ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၄၀၈-၄၂၂ ဒေါ်လာ၌ ရပ်တည်ခဲ့ကြောင်း ကုန်သည်များထံမှ သိရှိရသည်။ ထိုင်းဆန်ဈေးသည် ပျမ်းမျှအားဖြင့် တစ်တန်လျှင် ၄၁၆ ဒေါ်လာ၌ ရပ်တည်နေပြီး ရောင်းလိုအား ရုတ်တရက်မြင့်တက်လာ၍ ဆန်ဈေးကျခဲ့သော ၂၀၁၈ ခုနှစ် ဇွန်လနောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်လာခဲ့သည်ကို တွေ့ရှိရသည်။ ထိုင်းနိုင်ငံတွင် ဘတ်ငွေအားကောင်းမှုကြောင့် ဆန်ဈေးများ တစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ပြိုင်ဘက်အာရှနိုင်ငံများထက် ဈေးနှုန်းပိုမိုကြီးမြင့်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယခုနှစ်တွင် ထိုင်းဘတ်ငွေသည် အာရှ၏ဈေးအမာဆုံး ငွေကြေးအဖြစ် ရပ်တည်နေခြင်းကြောင့် ထိုင်းဆန်ဈေးသည် ယခုနှစ် ဆန်းပိုင်းကတည်းက အဓိကပြိုင်ဘက် ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးများထက် ကြီးမြင့်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံရှိ စပါးစိုက်ဧရိယာများတွင်လည်း လအတန်ကြာ မိုးခေါင်ခဲ့ခြင်းနှင့် လတ်တလော ရေကြီးနေခြင်းများကြောင့် ဆန်ရောင်းလိုအား နိမ့်ကျမည်ကို စိုးရိမ်၍လည်း ထိုင်းဆန်ဈေးများမှာ ဈေးကြီးမြင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြည်တွင်းဆန်စပါးဈေးကွက်နှင့် ပတ်သက်သည့် သတင်းများအနေဖြင့် အာဖရိကဈေးကွက်သို့ ဆန်နှင့် ဆန်ကွဲတိုးတက်တင်ပို့နိုင်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလအတွင်း အိုင်ဗရီကို့စ်၊ ဂါနာနှင့် ဘီနင် အပါအဝင် အခြားအာဖရိကနိုင်ငံ အချို့သို့သွားရောက်ရန် စီစဉ်နေကြောင်း ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးလူမော်က ပြောကြားခဲ့သည်ကို သိရှိရသည်။ အာဖရိကဈေးကွက်သည် ဆန်အကျိုးအကြေများကို ဝယ်လိုအားများသည့် နိုင်ငံဖြစ်သော်လည်း ယခုနောက်ပိုင်းတွင် အဆင့်မြင့်ဆန်အမျိုးအစားများကို ဝယ်ယူရန် စိတ်ဝင်စားမှုရှိနေခြင်းကြောင့် သွားရောက်၍ ဈေးကွက်ရှာဖွေရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် ဩဂုတ်အထိ အာဖရိကနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ငါးသိန်းခန့် တင်ပို့ထားနိုင်ခဲ့ပြီး အာဖရိကဆန်ဈေးကွက်သည် ကျယ်ပြန့်သည့်အတွက် ဈေးကွက်သစ်အနေဖြင့် ရှာဖွေသင့်သည့် အနေအထားရှိခြင်းကြောင့် သွားရောက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ အနည်းငယ်သာ တင်ပို့နိုင်ခြင်းကြောင့် ပြည်တွင်း၌ ဆန်တန်ချိန် သုံးသန်းခန့် လက်ကျန်ရှိနေကြောင်း သိရှိရသည်။ အာဖရိကဈေးကွက်သို့ ဆန်တင်ပို့ရာတွင် ကုန်သွယ်ရေးလမ်းကြောင်း အလှမ်းကွာဝေးခြင်းကြောင့် တစ်ဆင့်ခံတင်ပို့ခြင်းဖြစ်ပြီး လုပ်ငန်းစီမံခန့်ခွဲမှုကျွမ်းကျင်သည့် ကုမ္ပဏီကြီးလေးခုမှ အဓိကထားကိုင်တွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန် စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းက ပြောကြားခဲ့ သည်ကို သိရှိရသည်။

ပြည်ပသို့တင်ပို့သည့် မြန်မာ့ဆန်အများစုသည် ဆန်အမှတ်အဆင့်အလယ်နှင့် အနိမ့်အမျိုးအစား အမှတ်များဖြစ်ပြီး အာဖရိကသို့ ဒုတိယအများဆုံး တင်ပို့လျက်ရှိကြောင်း သိရှိရသည်။ ဆန်တင်ပို့ရာ၌ ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ရန်အတွက် ဈေးကွက်သစ်ရှာဖွေရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ချမှတ်ထားသည့်စည်းမျဉ်းများကို လိုက်နာကြရမည်ဖြစ်ပြီး ဆန်တင်ပို့နိုင်ငံ အများစုက သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ နှစ်စဉ်အလိုက် ကြိုတင်စီမံချက်ရေးဆွဲခြင်း၊ ဈေးကွက်ပုံမှန်ရောင်းချပေးနိုင်သည့် ကုမ္ပဏီများကို ဦးစားပေးထည့်သွင်းစဉ်းစားရခြင်း၊ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ငြင်းဆန်ဖြေရှင်းနိုင်မည့်မူဝါဒများ ကြိုတင်ချမှတ်ထားရခြင်း၊ ဖြည့်ဆည်း ပေးနိုင်မည့် အာမခံနိုင်သည့် ဝယ်ယူသူများနှင့် ချိတ်ဆက်ထားရခြင်း၊ ပုံမှန်ဖောက်သည်နိုင်ငံများ၏ ပထဝီအနေအထား၊ ရာသီဥတု၊ နိုင်ငံစီးပွားရေး အစရှိသည်များကို တွက်ဆထားရကြောင်း သိရှိရသည်။

ပြည်ပဆန်တင်ပို့မှုကဏ္ဍတွင် အရေးကြီးသည့် ဆန် အရည်အသွေးဆန်းစစ်ခြင်းသင်တန်းကို ကျွမ်းကျင်ပညာရှင်များက ပြည်တွင်းရှိ ဆန်စက်လုပ်ငန်းရှင်၊ ဆန်ကုန်သည်နှင့် ပို့ကုန်လုပ်ငန်းများကို ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း

စာမျက်နှာ ၁၆ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၈ | ၀.၇၀ |
| ၅ | စင်ကာပူ | လီတာ | ၁.၅၅ | ၁.၂၈ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၈ | ၀.၇၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၆ | ၀.၈၄ |
| ၉ | လာအို | လီတာ | ၁.၂၃ | ၀.၉၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီတစ် လီတာတွင် အမေရိကန်ဒေါ်လာတစ်ဒေါ်လာရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီ ဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၂၁ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၁ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Monaco | လီတာ | ၁.၉၀ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Iceland | လီတာ | ၁.၈၈ |
| ၄ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | ဘာဘေဒို | လီတာ | ၁.၈၈ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၇ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | ဟောင်ကောင် | လီတာ | ၁.၈၃ |
| ၂ | Cuba | လီတာ | ၀.၀၈ | Monaco | လီတာ | ၁.၈၁ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၇၉ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၇၄ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွီဒင် | လီတာ | ၁.၇၃ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၀ | ၀.၈၉ |
| ၂ | ဂျပန် | လီတာ | ၁.၂၈ | ၁.၁၁ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၄ | ၀.၉၄ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၃.၉.၂၀၁၉ | စည် | ၅၅.၀၉ |
| ၂ | ၁၆.၉.၂၀၁၉ | စည် | ၆၂.၉၀ |
| ၃ | ၁၇.၉.၂၀၁၉ | စည် | ၅၉.၃၄ |
| ၄ | ၁၈.၉.၂၀၁၉ | စည် | ၅၈.၁၁ |
| ၅ | ၁၉.၉.၂၀၁၉ | စည် | ၅၈.၁၃ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာ ၁၂ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၅၀၃ ဒေါ်လာ ဖြစ်ပေါ်ခဲ့ရာမှ စက်တင်ဘာ ၁၉ ရက် ညနေပိုင်း ဈေးပိတ်ချိန်တွင် ၁၄၉၆ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ကမ္ဘာ့ရွှေဈေး ပြန်လည်ကျဆင်းလာခြင်းကြောင့် ပြည်တွင်း ရွှေဈေးနှုန်းသည်လည်း အနည်းငယ် ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်း ရွှေဈေးနှုန်းအနေဖြင့် စက်တင်ဘာလ ၁၂ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၂၄၂၀၀၀ ကျပ် ဖြစ်ပေါ်ခဲ့ရာမှ စက်တင်ဘာလ ၁၉ ရက်တွင် ၁၂၃၂၅၀၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ရွှေဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများ အနေဖြင့် ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများ နှင့်ဟောင်ကောင်သို့ ရွှေဆိုင်းနှင့် အခေါက်ရွှေများ တင်ပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားခဲ့သည်ကို သိရှိရသည်။ စတင်တင်ပို့နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ခွင့်ပြုလိုက်ပြီဖြစ်ပြီး ပြည်တွင်းကုမ္ပဏီနှစ်ခုက ချိတ်ဆက်တင်ပို့ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရှိရသည်။ ရွှေဆိုင်းကို အီးယူသို့တင်ပို့မည်ဖြစ်ပြီး အီးယူတွင် ရွှေဆိုင်းကို စားပွဲ၊ ကုလားထိုင်ပစ္စည်းများတွင် အသုံးပြုမည် ဖြစ်ကြောင်း သိရှိရသည်။

ဟောင်ကောင်သို့ အခေါက်ရွှေကိုတင်ပို့ပြီး 3D လက်ဝတ်လက်စားများအနေဖြင့် ပြန်လည်တင်သွင်းမည်ဖြစ်ကြောင်း သိရှိရပါသည်။ 3D ပစ္စည်းများသည် တစ်လလျှင် ဒီဇိုင်းလေးမျိုးခန့်ထွက်ရှိပြီး ဒီဇိုင်းထွက်သလောက် တင်သွင်းမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တင်သွင်း၊ တင်ပို့ခြင်းများ ပြုလုပ်နိုင်ရန်အတွက် ဈေးနှုန်း၊ အချိန်နှင့် ငွေပေးငွေယူ စသည့် အရောင်းအဝယ် ကိစ္စများအတွက်

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာ တွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၂-၉-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၀၉ ဒသမ ၁၅ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ် ပေါ်လျက်ရှိပြီး ၁၈-၉-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၂၃ ဒသမ ၅၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 18-Sep-19 | 11.75 cts/lb | 11.74 cts/lb | 323.55 $/T | 14.68 cts/lb |
| 17-Sep-19 | 11.75 cts/lb | 11.77 cts/lb | 323.40 $/T | 14.67 cts/lb |
| 16-Sep-19 | 11.90 cts/lb | 11.79 cts/lb | 323.95 $/T | 14.69 cts/lb |
| 13-Sep-19 | 11.62 cts/lb | 11.80 cts/lb | 319.15 $/T | 14.48 cts/lb |
| 12-Sep-19 | 11.52 cts/lb | 11.84 cts/lb | 312.50 $/T | 14.17 cts/lb |
| 11-Sep-19 | 11.55 cts/lb | 11.90 cts/lb | 309.35 $/T | 14.03 cts/lb |
| 10-Sep-19 | 11.60 cts/lb | 11.94 cts/lb | 303.70 $/T | 13.78 cts/lb |
| 9-Sep-19 | 11.62 cts/lb | 11.98 cts/lb | 305.45 $/T | 13.85 cts/lb |
| 6-Sep-19 | 11.69 cts/lb | 12.02 cts/lb | 306.85 $/T | 13.92 cts/lb |
| 5-Sep-19 | 11.67 cts/lb | 12.07 cts/lb | 306.15 $/T | 13.89 cts/lb |
| 4-Sep-19 | 11.74 cts/lb | 12.11 cts/lb | 307.00 $/T | 13.93 cts/lb |
| 3-Sep-19 | 11.88 cts/lb | 12.15 cts/lb | 308.80 $/T | 14.01 cts/lb |
| 2-Sep-19 | 11.90 cts/lb | 12.19 cts/lb | 309.15 $/T | 14.02 cts/lb |

သကြားဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် သကြားတင်ပို့၊ တင်သွင်းခြင်းဆိုင်ရာ မူဝါဒများ ပါဝင်မည့် သကြားဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပြီး ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းသတ်မှတ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြားခဲ့သည်ကို သိရှိရသည်။ သကြား ဥပဒေမူကြမ်းကို စိုက်ပျိုးရေးဦးစီးဌာန၊ ကြံသီးနှံဌာနခွဲနှင့် မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း

စာမျက်နှာ ၁၆ သို့

# ပြည်ဈေးကွက်တွင် မိုးမြေပဲများ အဝင်လျှိုင်လာ၍ ဈေးပြန်ကျ

ပြည်ဈေးကွက်သို့ မြေပဲဆန်အသစ်များကို ဝက်ထီးကန်၊ မြန်အောင်၊ ကြံခင်း၊ ပေါက်ခေါင်းနှင့် ရွှေတောင်၊ ကျီးသဲဘက်မှ တစ်နေ့လျှင် အိတ် ၁၀၀၀ ကျော် ဝင်ရောက်လျက်ရှိသည်။ မိုးမြေပဲအသစ်များ ဈေးကွက်သို့ အများအပြား ဝင်ရောက်လာလို့ ဈေးပြန်ကျလာခြင်းဖြစ်သည်။

လုံးဆန် (ဖြူ)ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိပြီး လုံးဆန် (နီ)ကိုအကြော်ဖိုသမားများက အဝယ်ရှိသလို ဆီဆန်ကိုဆီစက်သမားများက အဝယ်ရှိလို့ တစ်နေ့လျှင်အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်။

ယခုတစ်ပတ် မိုးမြေပဲဆန် (အသစ်)ဈေးများမှာဆီဆန်(ဖြူ)တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၃၃၀၀ ဖြစ်ပြီး လုံးဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၃၂၅၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၃၅၅၀ ဖြင့်ပြည်ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း (ပြည်)**

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၄၇၂၅ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ကလေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၅၅၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၉၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ၄၁၃၉ ကျပ်၊ ပုသိမ်မြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ်၄၀၅၀ နှင့် ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၉၀၀၊ ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၃၂၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် Yangon Denko စက် သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၅၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၆၀၊ အောက်တိန်း-92 တစ် လီတာလျှင်ကျပ် ၈၅၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၉၄၀ ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်း အတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းရေးဆွဲနေခြင်းဖြစ်ပြီး ဥပဒေတွင် သကြားစက်ရုံပိုင်းဆိုင်ရာ မူဝါဒများ၊ ကြံဝယ်ယူရေးနှင့် သက်ဆိုင်သည့်မူဝါဒများ၊ ဘုတ်အဖွဲ့ ဖွဲ့စည်းနိုင်ရေး စသည့်အချက်များ ပါဝင်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

မူကြမ်းရေးဆွဲမှုတွင် ခေတ်နှင့်မကိုက်ညီသည့် အချက်များကို ဖယ်ထုတ်၍ ခေတ်နှင့်လျော်ညီသည့် အချက်များကို ထည့်သွင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဘုတ်အဖွဲ့ ဖွဲ့ပြီး သကြားတစ်တန်အပေါ်တွင် အခွန်အကောက်ဆိုင်ရာ သတ်မှတ်ချက်များ၊ သကြားဈေးများကျဆင်းလျှင် တောင်သူများကို ထောက်ပံ့ကြေးများ ပေးအပ်ဆောင်ရွက်မှုများ ပါဝင်လာမည်ဖြစ်ကြောင်း၊ မူကြမ်းရေးဆွဲပြီးပါက ရှေ့နေချုပ်ရုံးသို့ တင်ပြ၍ ဥပဒေမူကြမ်းပြုစုရေးကော်မရှင်သို့ ဆက်လက်တင်ပြကာ နောက်ဆုံးအဆင့်အနေနှင့် လွှတ်တော်သို့တင်ပြ၍ ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းထံမှ သိရှိရသည်။

စက်တင်ဘာလ ၁၀ ရက်ကလည်း နေပြည်တော်တွင် Myanmar Sugar Forum ပြုလုပ်ခဲ့ပြီး ယင်းဖိုရမ်တွင် ကြံစိုက်ခင်းများမှ စက်ရုံသို့ကြံသယ်ယူရာတွင် တိုးဂိတ်ဖြတ်သန်းခ၊ တံတားဖြတ်သန်းခနှင့် မြို့ဝင်ကြေးများ ကင်းလွတ်ခွင့်ရရှိရေး၊ ပြည်တွင်းသကြား လုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကာလအထိ Re-Export သကြားတင်သွင်းခွင့်ကို ပိတ်ပင်ထားရေး၊ တရားမဝင် သကြားများဝင်ရောက်နေမှုကို တရားမဝင် ကုန်သွယ်မှု တားဆီးရေးကော်မတီမှ ပိုမိုထိရောက်စွာ တားဆီးပေးရေး စသည့်အချက်များ ဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံသို့ သကြားတင်ပို့ရောင်းချနိုင်ရေးအတွက် အစိုးရချင်းချိတ်ဆက် ရောင်းချခွင့်ရရှိရေး၊ လယ်မြေတွင် ကြံသီးနှံ ပြောင်းလဲစိုက်ပျိုးခွင့် ရရှိရေး၊ ပုံစံ ၇ မရှိသော်လည်း နှစ်စဉ်ကြံစိုက်ပျိုးနေသည့်မြေများကို လုပ်ပိုင်ခွင့်ရရှိရေး၊ ကြံစိုက်တောင်သူများ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အငှားလိုက်စနစ် သို့မဟုတ် နှစ်ဆင့်ချေးငွေဖြင့် ဝယ်ယူရေးအတွက် သတ်မှတ်ချက်များ ဖြေလျှော့ပေးရန် စသည့်အချက်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းထံမှ သိရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာတတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၀ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၁၅ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၅၆-၄၆၆၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၇၄-၅၉၁ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများတွင် သကြားဈေးနှုန်း အနည်းငယ်မြင့်တက်လာခဲ့ပြီး အမေရိကန်နိုင်ငံတွင် သကြားဈေးနှုန်း အနည်းငယ် ကျဆင်းလာခဲ့ကြောင်း သိရှိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၆၂၀ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလ တတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၃၂ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၀ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၅၈ ဒေါ်လာ ဈေးနှုန်း ကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၄ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၈ ဝန်းကျင် ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကိုလေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့်အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီး၊ ပျဉ်းမနား၊ ထားဝယ်၊ မော်လမြိုင်နှင့် မန္တလေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ ဘားအံမြို့ တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၂ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။ စက်တင်ဘာ ၃ ရက်ကစပြီး သင်တန်းဖွင့်လှစ်ထားကာ ရှစ်ရက်ကြာ သင်တန်းဖြစ်ကြောင်း သိရှိရသည်။ ယခင်က တရုတ်နယ်စပ်မှ ဆန်အမြောက်အမြား တင်ပို့ခဲ့ခြင်းဖြစ်ပြီး တင်ပို့သည့်အခါ တရုတ်နိုင်ငံဘက်မှ တရားမဝင် ဝယ်ယူခြင်းဖြစ်သည့်အတွက် အရည်အသွေးပိုင်းတွင် အလေးအနက်မထားခဲ့သော်လည်း ယခုအချိန်တွင် ဆန်တင်ပို့မှုကဏ္ဍ တိုးတက် လာခဲ့ပြီး ပင်လယ်ရေကြောင်းမှ တင်ပို့မှုများပြားလာကြောင်း တွေ့ရှိရသည်။

ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့ရာတွင် အရည်အသွေးစစ်ဆေးသည့်အပိုင်းသည် အရေးကြီးလာကြောင်း၊ ဆန်စက်ပိုင်ရှင် အများစုသည် ဆန်အရည်အသွေးကောင်းရစေရန် ကြိတ်ခွဲနည်းများကို သိရှိမှုအားနည်းခြင်းကြောင့် သင်တန်းများပေးရခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် သင်တန်းတက်ရန် စာရင်းပေးအဆိုပြုထားသူများပြားသည့်အတွက် ဆန်အရည်အသွေးသင်တန်းကို အောက်တိုဘာလတွင် ထပ်မံဖွင့်လှစ်ရန်ရှိပြီး ယခုပထမဆုံးအကြိမ်တွင် ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်နှင့် ပို့ကုန်လုပ်ငန်းရှင် စုစုပေါင်း ၅၀ ကို သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့ရာတွင် သင်္ဘောတင်သည့်အခါ ဆန်အရည်အသွေးနှင့် ပတ်သက်သော စာရွက်စာတမ်းများ မည်ကဲ့သို့ လုပ်ဆောင်ပေးရသည်ကို ရှင်းလင်းပြမည့် ဆိပ်ကမ်းအကောက်ခွန် ရှင်းလင်းရေးအေဂျင်စီနှင့် ဂျပန်ကုန်ပစ္စည်းစစ်ဆေးရေးကုမ္ပဏီ တစ်ခုတို့ကလည်း သင်တန်းပို့ချရာတွင် ပါဝင်မည်ဖြစ်ပြီး အလားတူ အတွေ့အကြုံရင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်ကြီးများ၊ စိုက်ပျိုးရေးဦးစီးဌာန အောက်ရှိ စပါးသီးနှံဌာနခွဲ၊ အပင်ရောဂါပိုးမွှား ကာကွယ်ရေးဌာနခွဲ၊ ရိတ်သိမ်းချိန်လွန် နည်းပညာဌာနခွဲ၊ မြန်မာ့ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးရေးလုပ်ငန်း စသည့်ကဏ္ဍအလိုက် ပညာရှင်များ သင်တန်းပို့ချရာတွင် ပါဝင်ခဲ့ကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ဖြစ်ပေါ် နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၁၇ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၁၉၅၃၀ မှ ၂၀၁၈၁ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် စက်တင်ဘာ ၁၉ ရက်တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်းပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၁၃.၉.၂၀၁၉ | ၁၆.၉.၂၀၁၉ | ၁၇.၉.၂၀၁၉ | ၁၈.၉.၂၀၁၉ | ၁၉.၉.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၁၉၃၀၀ | ၁၉၃၀၀ | ၁၉၃၀၀ | ၁၉၃၀၀ | ၁၉၃၀၀ |
| ၃ | သီးထပ် | 90(Raw) | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၇၅၀၀ | ၁၈၀၀၀ | ၁၇၇၀၀ | ၁၇၇၀၀ | ၁၇၇၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၇၂၀၀ | ၁၇၅၀၀ | ၁၇၃၀၀ | ၁၇၂၀၀ | ၁၇၂၀၀ |
| ၇ | ကရင်မ | 90(Raw) | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၈ | ကရင်မ | 80(Raw) | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၃၀၀၊ ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး စစ်တွေနှင့် မြိတ်မြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၁၀၀၊ မော်လမြိုင်မြို့တွင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၈၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာ တတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။ ဟောင်ကောင်သို့ အခေါက်ရွှေများ တင်ပို့ကာ အသစ်အဆန်းထွက်ရှိသည့် လက်ဝတ်လက်စားများကို ပြန်လည်တင်သွင်းရောင်းချ မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရှိရသည်။

ရွှေကို နိုင်ငံတကာနှင့်ချိတ်ဆက်၍ တင်ပို့ တင်သွင်းမှုများ ပြုလုပ်နိုင်ပါက ပြည်တွင်းတွင် အရောင်းအဝယ်များ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံများလည်း ရရှိလာမည်ဖြစ်ကာ အလုပ်အကိုင်များလည်း ပိုမိုရရှိလာမည်ဖြစ် ကြောင်း ရွှေလုပ်ငန်းရှင်များက သုံးသပ်ပြောကြားကြသည်။ ရွှေလက်ဝတ်ရတနာ၊ ရွှေနှင့်ပြုလုပ်သည့် အနုပညာပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်း လုပ်ငန်းစင်တာ (OSSC) ကိုလည်း ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ် ငါးလွှာရှိ မြန်မာ့ရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်တွင် ဖွင့်လှစ်ထားကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၁၉ ရက်အတွင်း ကမ္ဘာ့ရွှေ ဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိ ရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၉.၂၀၁၉ | ၁၂၅၂၀၀၀ | ၁၅၂၀ |
| ၂ | ၂.၉.၂၀၁၉ | ၁၂၆၅၀၀၀ | ၁၅၂၅ |
| ၃ | ၃.၉.၂၀၁၉ | ၁၂၇၃၀၀၀ | ၁၅၃၂ |
| ၄ | ၄.၉.၂၀၁၉ | ၁၂၈၀၀၀၀ | ၁၅၄၀ |
| ၅ | ၅.၉.၂၀၁၉ | ၁၃၀၇၀၀၀ | ၁၅၄၂ |
| ၆ | ၇.၉.၂၀၁၉ | ၁၂၅၈၀၀၀ | ၁၅၀၇ |
| ၇ | ၈.၉.၂၀၁၉ | ၁၂၅၅၀၀၀ | ၁၅၀၇ |
| ၈ | ၉.၉.၂၀၁၉ | ၁၂၄၅၀၀၀ | ၁၅၁၀ |
| ၉ | ၁၀.၉.၂၀၁၉ | ၁၂၂၄၀၀၀ | ၁၄၉၄ |
| ၁၀ | ၁၁.၉.၂၀၁၉ | ၁၂၂၇၀၀၀ | ၁၄၉၂ |
| ၁၁ | ၁၂.၉.၂၀၁၉ | ၁၂၄၂၀၀၀ | ၁၅၀၃ |
| ၁၂ | ၁၄.၉.၂၀၁၉ | ၁၂၂၄၀၀၀ | ၁၄၈၈ |
| ၁၃ | ၁၅.၉.၂၀၁၉ | ၁၂၂၄၀၀၀ | ၁၄၈၈ |
| ၁၄ | ၁၆.၉.၂၀၁၉ | ၁၂၂၇၀၀၀ | ၁၅၀၅ |
| ၁၅ | ၁၇.၉.၂၀၁၉ | ၁၂၂၇၀၀၀ | ၁၄၉၈ |
| ၁၆ | ၁၈.၉.၂၀၁၉ | ၁၂၃၄၀၀၀ | ၁၅၀၂ |
| ၁၇ | ၁၉.၉.၂၀၁၉ | ၁၂၃၂၅၀၀ | ၁၄၉၆ |

Source: estimate of world's exchange rate and gold price page

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ပြီးဆုံးခဲ့သည့် အမေရိကန်ဗဟိုဘဏ် အစည်းအဝေးတွင် ဘဏ်တိုးနှုန်းကို အများမျှော်လင့်ထားသည့်အတိုင်း လက်ရှိသတ်မှတ်ထားသည့် အတိုးနှုန်းဖြစ်သည့် ၂ ဒသမ ၂၅ ရာခိုင်နှုန်း မှ ၂ ရာခိုင်နှုန်းသို့ လျှော့ချခဲ့သည်ကို သိရှိရပါသည်။ သို့သော် အမေရိကန်ဗဟိုဘဏ် ဥက္ကဋ္ဌ Mr. Jerome Powell သည် အစည်းအဝေးအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ၂၀၁၉ ခုနှစ် လက်ကျန်ကာလများအတွင်း၌ ဘဏ်တိုးနှုန်း ထပ်မံလျှော့ချရေးမှာ မသေချာကြောင်း ပြောကြားခဲ့ပြီး ဗဟိုဘဏ်ကော်မတီဝင်အများစုကလည်း လိုအပ်ပါက ဘဏ်တိုးနှုန်း ထပ်မံလျှော့ချခြင်းကို ၂၀၂၀ ခုနှစ် အတွင်းမှသာ လုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။ ထို့ကြောင့် အမေရိကန် ဗဟိုဘဏ် အစည်းအဝေးအပြီးတွင် အမေရိကန် ဒေါ်လာတန်ဖိုး မြင့်တက်ကာ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ကျဆင်းသွားခဲ့သည်ကို တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နံနက်ပိုင်းတွင် ကမ္ဘာ့ဈေးကွက်အတွင်း အမေရိကန်ဒေါ်လာ တန်ဖိုးမှာ သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အညွှန်းကိန်းအမှတ် ၉၈ ဒသမ ၄၅ သို့ ရောက်ရှိလာခဲ့သည်ကိုတွေ့ရှိရပြီး အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာသည့်အတွက် ကမ္ဘာ့ရွှေဈေးနှုန်းမှာ ၁ ရာခိုင်နှုန်းကျဆင်းပြီး တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၄၉၄ ဒသမ ၀၅ သို့ရောက်ရှိလာခဲ့ကြောင်း www.reuters.com အင်တာနက် website တွင် ဖော်ပြပါရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၅၀ရာခိုင်နှုန်း၊ Annual Rate of Inflation ၈ ဒသမ ၀၈ ရာခိုင်နှုန်း၊ Year on Year Inflation ၉ ဒသမ ၅၁ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၃-၉-၁၉ | ၁၆-၉-၁၉ | ၁၇-၉-၁၉ | ၁၈-၉-၁၉ | ၁၉-၉-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၃၀.၇ | ၁၅၃၁.၆ | ၁၅၃၄.၁ | ၁၅၃၆.၄ | ၁၅၃၆.၇ | ၀.၃၉ | ⬆ |
| ၂ | Thai Baht | THB | ၃၀.၄၂၅ | ၃၀.၅၃၅ | ၃၀.၅၅၅ | ၃၀.၅၂၅ | ၃၀.၅၃၅ | ၀.၃၀ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၇၄ | ၁.၃၇၃ | ၁.၃၇၇ | ၁.၃၇၅ | ၁.၃၇၇ | ၀.၂၂ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၆၆ | ၄.၁၆၄ | ၄.၁၈၃ | ၄.၀၁၈ | ၄.၁၉၂ | ၀.၆၃ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၃၉၆၅ | ၁၄၀၄၀ | ၁၄၀၉၅ | ၁၄၀၆၁ | ၁၄၀၅၉ | ၀.၆၈ | ⬆ |
| ၆ | Chinese Yuan | CNY | ၇.၀၇၉ | ၇.၀၆၆ | ၇.၀၉၅ | ၇.၀၈၉ | ၇.၀၉၇ | ၀.၂၅ | ⬆ |
| ၇ | Indian Rupee | INR | ၇၁.၁၃၉ | ၇၁.၄၅၃ | ၇၁.၈၉၉ | ၇၁.၂၂၅ | ၇၁.၁၄၀ | ၀.၀၀ | |
| ၈ | Japanese Yen | JPY | ၁၀၇.၉၉၄ | ၁၀၇.၈၀၆ | ၁၀၈.၁၇၂ | ၁၀၈.၂၃၅ | ၁၀၈.၀၀၅ | ၀.၀၁ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၅၄ | ၁.၄၅၄ | ၁.၄၆၃ | ၁.၄၆၃ | ၁.၄၇၂ | ၁.၂၂ | ⬆ |
| ၁၀ | Euro | EUR | ၀.၉၀၂ | ၀.၉၀၄ | ၀.၉၀၂ | ၀.၉၀၆ | ၀.၉၀၄ | ၀.၂၂ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၈၀၃ | ၀.၈၀၅ | ၀.၈၀၆ | ၀.၈၀၃ | ၀.၈၀၀ | -၀.၃၄ | ⬇ |

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ စက်တင်ဘာ ၁၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၀ ဒသမ ၇၀ ကျပ်ရှိခဲ့ရာမှ စက်တင်ဘာ ၁၉ ရက်တွင် ကျပ် ၁၅၃၆ ဒသမ ၇၀ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန် ဒေါ်လာငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၃၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို လေ့လာ တွေ့ရှိရ သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ စက်တင်ဘာ ၂ ရက်မှ ၁၉ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများကို အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် စက်တင်ဘာ ၁၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၄ ကျပ်၊ စက်တင်ဘာ ၁၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၄ ကျပ်၊ စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၇ ကျပ်နှင့် စက်တင်ဘာ ၁၉ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၄၀ အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

## စာမျက်နှာ (၈) မြန်မာ့ပဲမျိုးစုံ ဈေးကွက်ခိုင်မာမှုနှင့် . . . မှအဆက်

အလားတူ ပြည်ပနိုင်ငံများသို့ ပဲစင်းငုံတင်ပို့နိုင်မှုအနေအထားကို ကြည့်မည်ဆိုလျှင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၂၆၇၅၁ မက်ထရစ်တန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၈၄၅၆၆ မက်ထရစ်တန်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၂၅၄၉၂ မက်ထရစ်တန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်(၁၃-၉-၂၀၁၉ရက်ထိ)တွင် ၁၅၅၂၄၆ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တင်ပို့နိုင်ခဲ့မှုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၁၃-၉-၂၀၁၉ ရက်ထိ) ပဲစင်းငုံတင်ပို့နိုင်မှု အနေအထားကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၇၀၂၄၆ မက်ထရစ်တန် တင်ပို့မှု လျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။

အဆိုပါ အနေအထားများကို ကြည့်မည်ဆိုပါက မတ်ပဲနှင့် ပဲတီစိမ်းတို့ကို ပြည်ပဝယ်လက်များခဲ့သော်လည်း ပဲစင်းငုံမှာ ဝယ်လိုအားကျဆင်းခဲ့ပြီး ပြည်ပတင်ပို့မှုက လျော့ကျလာသည်ကို တွေ့ရသည်။ လက်ရှိ မြန်မာ့ ပဲဈေးကွက်တွင် မတ်ပဲ (FAQ) တစ်တန်လျှင် ကျပ် ၇၇၀၀၀၀၊ ပဲတီစိမ်း (SQ) တစ်တန်လျှင် ကျပ် ၉၁၂၀၀၀ နှင့် ပဲစင်းငုံ တစ်တန်လျှင် ကျပ် ၈၃၀၀၀၀ ဈေးတက်လျက်ရှိကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်မှ သိရသည်။ အဆိုပါဈေးနှုန်းအတိုင်း တစ်နှစ်ပတ်လုံး ရရှိရေးနှင့် ထွက်ရှိလာသည့်ပဲများကို စဉ်ဆက်မပြတ် တင်ပို့နိုင်ရေး အတွက်ကို တောင်သူများက မျှော်လင့်နေကြသည်မှာ နှစ်ပေါင်းကြာ ခဲ့ပြီဖြစ်သည်။

လက်ရှိ ပဲစိုက်တောင်သူများ ကြုံတွေ့နေရသည်မှာ ပဲဈေးမှာ ကောင်းလိုက်၊ မကောင်းလိုက်နှင့် အတက်အကျ ရှိနေသလို ပြည်ပနိုင်ငံများကလည်း (အထူးသဖြင့် အိန္ဒိယနိုင်ငံက) ဝယ်လိုက်၊ မဝယ်လိုက် ဖြစ်နေခြင်းကြောင့် တောင်သူများမှာ မျှော်တလင့်လင့်နှင့် ရင်မောနေရသည်။

အိန္ဒိယနိုင်ငံ၏ မြန်မာ့ပဲဝယ်ယူမှုမှာ လာမည့် အောက်တိုဘာ ၃၁ ရက်က သတ်မှတ်ကာလ၏ နောက်ဆုံးရက်ပင်ဖြစ်သည်။ ယင်းကာလကျော်လွန်ပါက အိန္ဒိယနိုင်ငံ၏ မြန်မာ့ပဲဝယ်ယူမှုမှာ အချိန်ကာလတစ်ခုအထိ ရပ်တန့်နေဖွယ်ရှိနေသည်။ အိန္ဒိယနိုင်ငံ၏ ပဲအဝယ်ရပ်တန့်မှုကြောင့် မြန်မာပဲလောကတွင် လှိုင်းဂယက်တစ်ခု ရိုက်ခတ်လာဦးမည် ဖြစ်သည်။

မြန်မာ့ပဲလောကတွင် လက်ရှိ ဈေးကောင်းရနေသည့် အနေအထားမျိုးအတိုင်း ရေရှည်ဖြစ်တည်ရန် လိုအပ်နေသကဲ့သို့ ပြည်ပဈေးကွက်သို့ ပဲမျိုးစုံတင်ပို့ရာတွင် ရေရှည်ကုန်သွယ်မှု ဆက်ဆံရေးမျိုး ရရှိရန်လည်း များစွာအရေးကြီးပါသည်။ ပဲဈေးကွက် စဉ်ဆက်မပြတ်ရရှိရေး၊ ဈေးကောင်းရရှိရေး၊ မြန်မာ့ပဲမျိုးစုံ ဈေးကွက်ခိုင်မာမှုရှိရေး၊ ရေရှည်ကုန်သွယ်မှုရရှိရေးနှင့် ပြည်တွင်းပဲဈေးကွက် ဆက်လက်အားကောင်းလာစေရေးအတွက် မည်ကဲ့သို့ကြိုးပမ်းဆောင်ရွက်ရမည်ကို အစိုးရအပါအဝင် သက်ဆိုင်ရာ ကဏ္ဍအလိုက်မှ တာဝန်ရှိသူများက မြန်မာ့ပဲလောက တစ်ခေတ်ဆန်းစေရေးအတွက် အားတက်သရော ဖော်ဆောင်ကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Vol: 19, No.36 Monday September 23 2019

# ဒသမအကြိမ် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးကျင်းပ

ဒသမအကြိမ် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေး (10th Myanmar -Vietnam Joint Committee on Trade Meeting - 10th JCT) ကို စက်တင်ဘာ ၁၇ ရက်တွင် နေပြည်တော် M Gallery Hotel ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော ဌာနဆိုင်ရာ ကိုယ်စားလှယ် ၄၄ ဦးနှင့် ဗီယက်နမ်နိုင်ငံဘက်မှ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Tran Quoc Khanh ဦးဆောင်သော ကိုယ်စားလှယ် ၂၃ ဦး စုစုပေါင်း ၆၇ ဦးခန့်တို့ တက်ရောက်ခဲ့ကြပြီး စက်တင်ဘာ ၁၆ ရက်တွင်လည်း နှစ်နိုင်ငံ ညွှန်ကြားရေးမှူးချုပ်များဦးစီးသော အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Official Meeting -SOM) ကို ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးများတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ကဏ္ဍများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ အကောက်ခွန် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သစ်တော၊ မွေးမြူရေးနှင့်ရေထွက်ကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ စားသုံးသူအကာအကွယ်ပေးရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍစသည်တို့အပြင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးနိုင်ခဲ့ကြသည်။ ထို့နောက် နှစ်နိုင်ငံဆွေးနွေးခဲ့ကြသည့် အစည်းအဝေးမှတ်တမ်းအား သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုသို့ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံကုန်သွယ်မှုရည်မှန်းချက်ဖြစ်သည့် အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ပြည့်မီရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ခြင်းနှင့် နှစ်နိုင်ငံလုပ်ငန်းရှင်များနှင့် ပြည်သူများအကြား အကျိုးကျေးဇူးရလဒ်များ



ယခင်ထက် ပိုမိုရရှိလာနိုင်မည်ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိသော အစည်းအဝေး တစ်ရပ်ဖြစ်ကြောင်း သိရသည်။

**ဧပရယ်မြတ်ပြည့်ဖြူ(နှစ်နိုင်ငံ)**

# ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်း ရွှေဇမ္ဗူရေးဗားဗျူးအိမ်ရာ ပထမထပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက အဖွင့်အမှာစကား



ပြောကြားခဲ့ပြီး ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့က အိန္ဒိယနိုင်ငံမှ မတ်ပဲနှင့် ပဲစင်းငုံအား Quota စနစ်ဖြင့်သာ တင်သွင်းခွင့်ပြုသည့်အတွက် ပြည်တွင်းဈေးနှုန်းများ ရသင့်ရထိုက်သည့် ဈေးထက်များစွာ လျော့နည်းနေသည့်အပေါ် လာမည့်အောက်တိုဘာလတွင် စိုက်ပျိုးချိန်ကျရောက်မည့် မတ်ပဲစိုက်ပျိုးထုတ်လုပ်မှုကိစ္စနှင့်ပတ်သက်၍ စိုက်ပျိုးထုတ်လုပ်သူများကို အကြံပြုမည့်အချက်များ ဖော်ထုတ်ခြင်း၊ ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့် အစီအမံများ ချမှတ်ခြင်းတို့နှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ပြီး အစည်းအဝေးကို ညနေ ၆ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုန်စည်ဒိုင်များနှင့် ပဲစိုက်တောင်သူများ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ကြသည်။

**MOC (TIR)**

# ဆန်၊ စပါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် စက်တင်ဘာ ၁၂ ရက်က တန့်ဆည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပြုလုပ်သည့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့သည်။



ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ဆန်စပါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးကျော်သူသောင်းစိန်က ရွှေဘိုပေါ်ဆန်းဒေသဆိုင်ရာအညွှန်း(Geographical Indication)(GI) ရရှိဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ယင်းနောက် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မို့မို့က မျိုးကောင်းမျိုးသန့် မျိုးစေ့ ထုတ်လုပ်မှုဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး SATAKA ဆန်စက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီက ဆန်/စပါး ကြိတ်ခွဲမှုအပိုင်းတွင် မိမိတို့ ကုမ္ပဏီထုတ် ပစ္စည်းများအကြောင်း မိတ်ဆက်ဆွေးနွေးပေးခဲ့သည်။

ထို့နောက် တန့်ဆည်မြို့ မြန်မာနိုင်ငံသားများဘဏ်ကိုယ်စား (မုံရွာ)ဘဏ်ခွဲ တာဝန်ခံ ဒေါ်ဆွေဆွေလှိုင်က တောင်သူများအတွက် လက်ရှိဆောင်ရွက်ပေးနေမှုများ၊ ဘဏ်နှင့်ချိတ်ဆက်၍ ငွေပေးသွင်းမှု အခြေအနေများ၊ ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး သိင်္ဂီဆန်စက်လုပ်ငန်းရှင် ဦးကျော်နိုင်က မြို့နယ်အဆင့် ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းနိုင်ရေး ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင် က ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အလုပ်ရုံဆွေးနွေးပွဲ ဖော်ထုတ်ချက်များ၊ ရွှေဘိုခရိုင် ဒီပဲယင်း မြို့နယ် အလုပ်ရုံဆွေးနွေးပွဲဖော်ထုတ်ချက်များနှင့် ကန့်ဘလူခရိုင် ဇီးကုန်းမြို့ အလုပ်ရုံဆွေးနွေးပွဲ ဖော်ထုတ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက စားပွဲဝိုင်းဆွေးနွေးမှုများပြုလုပ်ပြီး စားပွဲဝိုင်းဆွေးနွေးဖော်ထုတ်ချက်များကို ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြသည်။ ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။ အခမ်းအနားသို့ ဆန်စက်လုပ်ငန်းရှင်များ၊ စပါးစိုက်တောင်သူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၁၃၀ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**ကျော်မျိုးမင်း (ရွှေဘို)**

## Paing Family International Co., Ltd

Export & Import Trading Company
(Beans and Pulses, Sesame Seeds, Sugar)



No. BSH 1, Hematite Shop House, Baho Road, Homi Lane Station Quarter, Sanchaung Township, Yangon, Myanmar.
Tel : +95-9-955188885, +95-9-955188886, +95-9-955188887




အမှတ်(၁၅၀)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
၀၁-၆၄၇၄၂၅၊ ၀၉-၃၁၆၉၇၁၁၇၊ ၀၉-၇၃၂၄၂၂၇၊ ၀၉-၅၀၄၃၅၆၁၊ ၆၄၂၀၄၇

## OPAL INTERNATIONAL CO.,LTD



Add : No.14/15, Hlaing Thayar Industrial Zone(2), Hlaing Thayar Township, Yangon, Myanmar.
Tel : (951)684584, 684928, 685813, 685814
Fax : (951)684660, 684661.
Email : opal@opal.net.mm

ISUZU | MYANMAR MOTOR CORPORATION (MMC)




30% Downpayment, 1-3 Years hire-purchase
2 years (or) Kilo 100,000 Warranty

**Head Office**
No.195-203, Sakura Business Tower, Strand Road, Thit Taw Ward, Ahlone Township, Yangon, Myanmar.

**Showroom**
No.21, Saggaing St, Zawana Theikdi Qtr, Oattara Thiri Tsp, Naypyitaw.

**Service Centre**
Cherry Garden City, 14/3 Ward, South Okkalapa T/S, Yangon.

**Factory**
No.(232),(C-2), Mat Kha Yar Min Gyi St, Shwe Paukkan Industrial Zone(18), North Okkalapa T/S, Yangon.

Tel: +95 9 441 4444 95 , +95 9 441 444 511, +95 9 441 444 522

# သတိထားဆင်ခြင်ပါ လူသုံး၊ အိမ်သုံးပစ္စည်းများဆိုင်ရာ အသိပညာ

အေးအေးကလျာအောင် (DOCA)

လူတို့တွင် စားရေး ၊ ဝတ်ရေး၊ နေရေးဆိုသောအရေးသုံးပါးရှိသည်။ အဆိုပါအရေးသုံးပါးကို အန္တရာယ်ကင်းရှင်းစွာရင်ဆိုင်၍ ကျန်းမာစွာဖြင့် ရှင်သန်ရပ်တည်နိုင်ရန် အထူးအရေးကြီးလှပါသည်။ ယနေ့အချိန်အခါသည် ကမ္ဘာနှင့်အဝန်းခေတ်မီတိုးတက်လာသည်နှင့်အမျှ စားရေး၊ ဝတ်ရေး၊ နေရေးတို့မှာလည်း ခေတ်နှင့်အညီ လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည်။ ပြောင်းလဲလာမှုနှင့်အညီ နည်းပညာများ အကူအညီဖြင့် ဓာတုဆေးဝါးများအသုံးပြုကာ ဆောင်ရွက်လာကြသဖြင့် စားရေး၊ ဝတ်ရေး၊ နေရေးတို့တွင် အန္တရာယ်ရှိသော ဘေးထွက်ဆိုးကျိုးများ ကြုံတွေ့လာရသည်။

စားသုံးသူပြည်သူများ အန္တရာယ်ကင်းသော အစားအသောက်များ အသုံးအဆောင်များဝယ်ယူသုံးစွဲနိုင်ရန်နှင့် လုပ်ငန်းရှင်များကလည်း ဘေးထွက်ဆိုးကျိုးများကင်းရှင်းပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ကုန်စည်၊ ဝန်ဆောင်မှုများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် အရေးကြီးလှပါသည်။ ထို့ကြောင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို တစ်ခုတည်းနှင့်ဆောင်ရွက်ပါက အောင်မြင်မှုရရှိရန် အချိန်ကာလတစ်ခုအထိ ပေးဆပ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများ၊ NGOs ၊ စားသုံးသူပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းရှင်ဆိုသည့် လေးဦးလေးဖလှယ် တာဝန်ကိုယ်စီ ဆောင်ရွက်မှသာ ထိရောက်အောင်မြင်နိုင်မည်ဖြစ်သဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူဗဟိုပြုဆောင်ရွက်ရန် လိုအပ်လာပါသည်။ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများတွင် အစားအသောက်သာမက လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်နှင့်ဆောက်လုပ်ရေးသုံးပစ္စည်း၊ အလှကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများပါ ပါဝင်သည်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်တွင် စားသုံး သူရေးရာဦးစီးဌာနကို ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည်။ စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက် (Vision) မှာ စားသုံးသူများ လုံခြုံစိတ်ချမှုရှိစေရန်ဖြစ်ပြီး ရည်မှန်းချက် (Mission) များမှာ စားသုံးသူ အခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေး ဆောင်ရွက်ရန်၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေးဆောင်ရွက်ရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အရည်အသွေးစီမံခန့်ခွဲမှုနှင့် သုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စသည့် မျှော်မှန်းချက် ရည်မှန်းချက်များချမှတ်ကာ စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) နှင့်အညီ ပြည်သူဗဟိုပြု ဆောင်ရွက်လျက်ရှိသည်။

စားသုံးသူပြည်သူတို့သည် နေ့စဉ်ဘဝကိုဖြတ်သန်း၍ ရုန်းကန်လှုပ်ရှားစီးပွားရှာနေသည့်အတွက် စားသောက်ကုန်ဆိုင်ရာ အသိပညာဗဟုသုတနည်းပါးကောင်းနည်းပါးပေလိမ့်မည်။ ထိုအချက်ကို အခွင့်ကောင်းယူ၍ အချို့သောလုပ်ငန်းရှင်တို့သည် ဈေးနှုန်းနှင့် အရည်အသွေးကိုက်ညီမှုမရှိသည့်ကုန်စည်၊ ဝန်ဆောင်မှုများကို စားသုံးသူများအား လိမ်လည် ရောင်းချနေကြသည်။ စားသောက်မှုသည် လူသားတို့၏ အဓိကလိုအပ်ချက်ဖြစ်သောကြောင့် စားသုံးသူ အသိပညာပေးလုပ်ငန်းများသည် အရေးပါသောဆောင်ရွက်ချက်ဖြစ်သည်မှာ ထင်ရှားလှပါသည်။ အသိပညာပေးမှုအပိုင်းတွင် စားသုံးသူတို့ ယေဘုယျသိထားသည့် အချက်များမှာ ဘယ်လိုပစ္စည်း၊ ဘယ်လိုဝန်ဆောင်မှုမျိုးကို ရွေးချယ်ဝယ်ယူမလဲ၊ မည်သို့သော ကုန်စည်နှင့်ဝန်ဆောင်မှုများက ဈေးနှုန်းနှင့် အရည်အသွေးကိုက်ညီမှုရှိသည်ဟု ဆင်ခြင်ဆုံးဖြတ်မလဲ၊ ကုန်စည်နှင့် ဝန်ဆောင်မှုတို့ တည်ရှိသည့်နေရာအပေါ် သုံးသပ်၍ ဘယ်လိုဝယ်ယူမလဲ၊ ကုန်စည်နှင့်ဝန်ဆောင်မှုတို့ကို ဝယ်ယူရာတွင် ရရှိသည့် သို့မဟုတ် ပါရှိသည့်သက်တမ်းကို အလေးထား၍ ဘယ်လိုအသုံးချမလဲ၊ ကုန်စည်နှင့်ဝန်ဆောင်မှုတို့၏ အာမခံချက်ကို ဘယ်လိုအသုံးချမလဲ၊ အသုံးပြုပုံနှင့် ထားသိုပုံဆိုင်ရာ အချက်အလက်တို့ကို မည်သို့စစ်ဆေးရမည်၊ စိစစ်ရမည်ကို ဝေဖန်ပိုင်းခြားသိရှိအောင် သတင်းအချက်အလက်များ ရယူရမည် စသည့် စားသုံးသူအခြေခံသိရှိရမည့် အခြေခံဗဟုသုတများကို သိရှိထားရန် လိုအပ်မည်ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက ထုတ်ပြန်သည့် အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ကင်ဆာအဖြစ်ဆုံး ၁၀ နိုင်ငံတွင် နံပါတ် (၂) နေရာသို့ရောက်ရှိနေပြီဖြစ်သည်။ ကင်ဆာဖြစ်စေသည့် အကြောင်း အရင်းများမှာ တရားမဝင် ဓာတုပစ္စည်းများ အလွန်အကျွံသုံးစွဲထားသော ပလတ်စတစ်ပစ္စည်းများသုံးစွဲခြင်း၊ ဓာတုဆေးဝါးများပါဝင်သော နို့မှုန့်များ၊ မုန့်အမျိုးမျိုး၊ အရက်အမျိုးမျိုး၊ အချဉ်ရည်အမျိုးမျိုး၊ ခြင်ဆေးခွေအမျိုးမျိုး၊ အချိုရည်အမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး အရည်အသွေးနိမ့် ကုန်စည်အမျိုးမျိုး စသည့် ပစ္စည်းများသုံးစွဲ၍ ဖြစ်ရပါသည်။

လက်ရှိစားသုံးသူများ ရင်ဆိုင်နေရသော ပြဿနာအချို့မှာ ကုန်စည်၊ ဝန်ဆောင်မှုများဝယ်ယူရာတွင် ဈေးနှုန်းကွာဟမှု၊ ပစ္စည်းများ ရောနှောရောင်းချမှု၊ အရည်အသွေးမပြည့်မီမှု၊ အပြစ်အနာအဆာရှိသောပစ္စည်းများ ရောင်းချမှု၊ မမှန်ကန်သော အချိန်အတွယ်အသုံးပြုမှု၊ လိမ်လည်လှည့်ဖြားသည့် ရောင်းဝယ်မှုအလေ့အကျင့်များ ကြုံတွေ့နေရမှု၊ စားသုံးသူများအတွက် လမ်းညွှန်ချက်ပေးခြင်း အားနည်းမှု၊ စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းအားနည်းလာမှု အစရှိသဖြင့် အမျိုးမျိုးသော အခြေအနေတို့ဖြင့် ဝယ်ယူနေကြရသည်။ ထို့ကြောင့် စားသုံးသူပြည်သူများအနေဖြင့် ဝယ်ယူစားသုံးမှုဆိုင်ရာ အသိပညာဗဟုသုတများရှိကြရမည် ဖြစ်သကဲ့သို့ လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရသော နစ်နာဆုံးရှုံးနေရသည့် အခြေအနေများအတွက် သက်ဆိုင်ရာဌာနဆိုင်ရာရုံးများ၊ အသင်းအဖွဲ့များသို့ ဆက်သွယ် တိုင်ကြား၍ ဆုံးရှုံးနစ်နာမှုများမရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်သောကြောင့် စားသုံးသူပြည်သူအားလုံး စားသောက်ကုန်ဆိုင်ရာ အသိပညာရှိကြပြီး ကျန်းမာကြံ့ခိုင်၍ သာယာဝပြောသောဘဝတို့ကို ပိုင်ဆိုင်ကြစေရန်အတွက် စားသုံးသူ ရေးရာဦးစီးဌာနသည် သက်ဆိုင်ရာ ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ စားသုံးသူများနှင့် ပူးပေါင်းကာ အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ စစ်ဆေးပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့သော် လက်ရှိတွင် လုပ်ငန်းရှင်အများစုသည် စားသုံးသူများကို စေတနာထားကာ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြသော်သည်း လုပ်ငန်းရှင်အချို့သည် ဘယ်သူသေသေ မိမိအကျိုးအမြတ်ရရှိရေးအတွက် အစားအစာများ၊ လူသုံးကုန်ပစ္စည်းများအား ပြင်ဆင်ထုပ်ပိုးရောင်းချရာတွင်လည်း အမြင်လှ၊ အသွင်ကြွစေရန်အတွက် တာရှည်ခံဆေးများ၊ အစားအစာများတွင် သုံးစွဲခွင့်မပြုသော ဆိုးဆေးများကို သုံးစွဲလာကြသဖြင့် လူတို့၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေလျက်ရှိပါသည်။ ဆိုးဆေးတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေး ဟူ၍ နှစ်မျိုးရှိပြီး သဘာဝဆိုးဆေးများမှာ သဘာဝအပင်၊ အသီးအပွင့်တို့မှ ထုတ်လုပ်ထားသဖြင့် ဘေးထွက်အန္တရာယ်နည်းပါးပါသည်။ သို့ သော် ထုတ်လုပ်ရန်ခက်ခဲခြင်း၊ ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် ချည်၊ သိုးမွေး၊ ပိုးထည်၊ စက္ကူ၊ သားရေ၊ ဖိနပ်တို့တွင် သုံးစွဲသည့် ဓာတုဆိုးဆေးများကိုသာ အများဆုံး သုံးစွဲလာကြပါသည်။

ပို၍ဆိုးရွားသည်မှာ နို့ဆီ၊ အသား၊ ငါးများအား တာရှည်ခံရန်အတွက် လူသေကောင်များ မပုပ်သိုးအောင်ထိုးသော တာရှည်ခံဖော်မလင်ဆေးများကို အလွန်အကျွံသုံးစွဲလာကြသဖြင့် ရေရှည်တွင် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်သဖြင့် လုပ်ငန်းရှင်များမှ အစားအသောက်များ၌ ခွင့်မပြုဓာတုဆေးများ အသုံးမပြုနိုင်ရေးကို အမြဲတမ်း စိစစ်ကြပ်မတ်နေရန်လိုအပ်သလို စားသုံးသူများကလည်း သတိထားဆင်ခြင်ကာ ဝယ်ယူသုံးစွဲကြရန် လိုအပ်မည်ဖြစ်ပါသည်။

စားသုံးသူများကိုအကာအကွယ်ပေးနိုင်ရန်အတွက် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ကိုပြဋ္ဌာန်းကာ စားသုံးသူများ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် ဆောင်ရွက်လျက် ရှိသည်။ ယင်းစားသုံးသူ ကာကွယ်ရေးဥပဒေသည် စားသုံးသူများကိုသာအကာအကွယ်ပေးပြီး ထုတ်လုပ်သူစီးပွားရေးလုပ်ငန်းရှင်များကို စီးပွားရေး ကျင့်စဉ်များနှင့်အညီ ထုတ်လုပ်မှုကိုအလေးပေးပြီး စားသုံးသူများကို အကာအကွယ်ပေးထားသောဥပဒေဖြစ်သည်။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၉) ပြဋ္ဌာန်းပြီးသည်မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံး သူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင် ရွက်လျက်ရှိသည်။ ဌာနဝန်ထမ်းများမှ ၅၁ သန်းကျော်သော ပြည်သူများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထားကာ ဆွေးနွေး ပညာပေးလုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပအလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ စားသုံးသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်းများအား တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့်အထိ အပင်ပန်းခံကာ တက်ကြွစွာ ဆောင်ရွက်လျက်ရှိခဲ့၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အထိုက်အလျောက်အောင်မြင်မှု ရှိနေပြီဖြစ်ပါသည်။

သို့ပါ၍ ကမ္ဘာတည်သရွေ့ မြန်မာပြည်သူများ သက်ရှည်ကျန်းမာစွာဖြင့် သက်တမ်းစေ့နေနိုင်ရေးအတွက် ထွက်ကုန်များ လုံခြုံစိတ်ချရမှုမရှိသော၊ ဘေးဥပဒ်အန္တရာယ်ရှိသော လူသုံးအိမ်သုံးပစ္စည်းများကို ရှောင်ရှား၍ ဝယ်ယူသုံးစွဲမှုဆိုင်ရာ ထိုက်သင့်သော အသိပညာဗဟုသုတများဖြင့် ချိန်ထိုး၍ သတိထားဆင်ခြင်ကာ ရွေးချယ်ဝယ်ယူသုံးစွဲကြပါရန်၊ လုပ်ငန်းရှင်များကလည်း ခေတ်မီနည်းပညာများ အသုံးပြု၍ စားသုံးသူများ အန္တရာယ်ဖြစ်စေမည့် လူသုံး၊ အိမ်သုံးပစ္စည်းများထုတ်လုပ်ခြင်းမှ ရှောင်ရှားကြပါရန် ၊ နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ စားသုံးသူများကို စေတနာထား၍ ထုတ်လုပ်၊ တင်ပို့၊ ဖြန့်ဖြူး၊ ရောင်းချကြပါရန် တိုက်တွန်းအပ်ပါသည်။

## ပဲခူးမြို့မဈေးကြီးအတွင်းရှိ ငါးအရောင်းဆိုင်များနှင့် ပဲခူးမြို့ပေါ်ရှိ ဆေးဆိုင်များအား ရှောင်တခင်စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန ပဲခူးခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သိုက် ဦးဆောင်၍ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ တိုင်းစည်ပင်သာယာရေးအဖွဲ့၊ တိုင်းကျန်းမာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ တိုင်းဒေသကြီး တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ စက်တင်ဘာ ၁၇ ရက်တွင် ပဲခူးမြို့မဈေးကြီးအတွင်း လက်လီ/လက်ကား ရောင်းချနေ သောငါး/ ပုစွန်များအား နမူနာကောက်ယူ ၍ ပဲခူးမြို့မဈေးခေါင်းရုံးအတွင်း FDA ဌာနမှ ဖော်မလင် Test Kid ဖြင့် စစ်ဆေးခဲ့ရာ စားသုံးရန်မသင့်သော ဖော်မလင်များပါဝင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဆက်လက်၍ ၎င်းအဖွဲ့သည် ပဲခူးမြို့ပေါ်ရှိ ဆေးဆိုင်များတွင် သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဖြစ်သည့် ရွှေဆေးအမှတ်တံဆိပ်ပါ အဆစ်အမြစ်အကိုက်အခဲ ပျောက်ဆေးအား ရောင်းချနေမှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)၊ အခန်း ၁၈ ပါ ပြဋ္ဌာန်းချက်များအား အသိပညာပေး ဆွေးနွေးခဲ့ကြောင်းနှင့် သုံးစွဲရန်မသင့်သော ရွှေဆေးအမှတ်တံဆိပ်ပါ အဆစ်အမြစ်အကိုက်အခဲ ပျောက်ဆေးအား ရောင်းချနေခြင်း မတွေ့ရှိရကြောင်း သိရသည်။

မြင့်ဗိုလ်ဗိုလ်ဟိန်း (ပဲခူး)

# ကြံစိုက်တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး သကြားဖိုရမ်က ပေးစွမ်းနိုင်လိမ့်မည်

| မောင်လွင်ပြင် |

စက်တင်ဘာ ၁၂ ရက်တွင် နေပြည်တော်ရှိ Horigon Lake View Hotel ၌ Sugar Forum 2019 ဟုအမည်ပေးထားသည့် မြန်မာ့ကြံသကြား ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။ မြန်မာ နိုင်ငံကြံစိုက်ပျိုးရေး၊ ကြံမှ သကြားထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ပြီး သကြားဖိုရမ် ၂၀၁၉ ကျင်းပခဲ့ခြင်းသည် ထူးခြားသောဖြစ်စဉ်ဟု ဆိုနိုင်၏။ အထူးသဖြင့် ကြံစိုက်တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး၊ သကြားထုတ်လုပ်မှု ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်ပတင်ပို့ရောင်းချမှု ဖွံ့ဖြိုးရေးတို့အတွက် အထူးအကျိုးရှိစေမည့်ကိစ္စဖြစ်သည်။

သကြားဖိုရမ်အခမ်းအနားသို့ နိုင်ငံတော်ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန် ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စိုက်ပျိုးရေးဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ သကြားစက် လုပ်ငန်းကုမ္ပဏီအဖွဲ့အစည်းများက တာဝန်ရှိသူများ၊ ပြည်တွင်းသကြားလုပ်ငန်းရှင်များ၊ ကြံစိုက်တောင်သူကိုယ် စားလှယ်များ၊ ကုန်သည်စက်မှုအသင်းချုပ်နှင့် အင်န်ဂျီအိုအဖွဲ့အစည်းများက တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ တက်ရောက်သူများအား လေ့လာလျှင် ယင်းသကြား ဖိုရမ် နှီးနှောဖလှယ်ပွဲကို ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပသည်မှာ ထင်ရှားသည်။ ဖိုရမ်အခမ်းအနားတွင် ဒုတိယ သမ္မတဦးဟင်နရီဗန်ထီးယူက မြန်မာ့သကြားစက်မှုလုပ်ငန်းသည် ပြည်တွင်းစားသုံးမှု၊ သကြားကုန်ကြမ်းအခြေခံ စားသောက်ကုန်လုပ်ငန်းများနှင့် သကြားပို့ကုန်တို့အတွက် အရေးပါသည့် စိုက်ပျိုးရေးအခြေပြုစက်မှုလုပ်ငန်းတစ်ခု ဖြစ်သည်ဟု အမှာစကားတွင် ထည့်သွင်းပြောကြားသည်။ ကြံသီးနှံသည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စီးပွားဖြစ်စိုက်ပျိုးသည့် အရေးကြီးစက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်သည်။ ကြံသီးနှံအပြင် မုန်လာဥ၊ ပီလောပီနံ စသည့်ကုန်ကြမ်းသီး နှံများစွာက သကြားထုတ်လုပ်နိုင်သော်လည်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကြံသီးနှံကို သာ သကြားထုတ်လုပ်ရေး၏ ဦးစားပေးကုန်ကြမ်းသီးနှံ တစ်ခုအဖြစ် စိုက်ပျိုးကြပြီး ပြည်တွင်းစားသုံးမှုသာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန်အတွက်ပါ ကြံသကြားထုတ်လုပ်နေကြခြင်း ဖြစ်သည်ဟုလည်း ဆိုသည်။ ကြံသီးနှံသည် ဘက်စုံစက်မှုကုန်ကြမ်းသီးနှံဖြစ်ပြီး အဓိက ထွက်ကုန်သကြားအပြင် ဘေးထွက်ပစ္စည်းများဖြစ်သည့် တင်လဲရည်၊ ကြံမြုပ်ချေး၊ ကြံကြိတ်ဖတ်နှင့် ကြံစိုက်ခင်းထဲက ခုတ်သိမ်းပြီး ကြံသီးနှံအကြွင်းအကျန်များကို အရက်၊ ဇီဝလောင်စာဆီ၊ သဘာဝမြေသြဇာ၊ စက္ကူ၊ ဘုတ်ပြား၊ အသုံးအဆောင်ပစ္စည်းများ၊ အဆောက်အဦပစ္စည်းများ စသည်တို့ ထုတ်လုပ်သုံးစွဲနိုင်သည့်အတွက် စနစ်တကျ စီမံဆောင်ရွက်နိုင်ပါက နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့် အထောက်အပံ့ဖြစ်လာနိုင်မည်ဟုလည်း ပြောကြားခဲ့ပါသေးသည်။

ထို့ပြင် မြန်မာ့သကြားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးအတွက်ကို ရည်စူးပြီး ထည့်သွင်းမှာကြားလမ်းညွှန်ခဲ့ရာတွင် မြန်မာ့သကြားစက်မှုလုပ်ငန်းအနေဖြင့် ပြည်တွင်း စားသောက်လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ကြံတိုးချဲ့စိုက်ပျိုးရေး၊ မိမိတို့ စက်ရုံများက အရည်အသွေးမီ သကြားများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ဘေးထွက်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအပြင် ထုတ်လုပ်နိုင်ရေးတို့ကို စီမံဆောင်ရွက်ကြရမည်ဟု ဆိုသည်။ ပိုလျှံသကြားများကို ပြည်ပသို့ တင်ပို့ ရောင်းချနိုင်ရေး ကုန်သွယ်ရေး သဘောတူညီချက်များ ရရှိအောင်ဆောင်ရွက်သွားရန် လိုအပ်သည်ဟုလည်း မှာကြားခဲ့သည်။ ယခုအခါ ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိလာပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးလည်း ယခင်ကထက်စာလျှင် ပိုမို ကောင်းမွန်လာသည်။ ထိုသို့အခြေအနေများ တိုးတက်လာသည်နှင့်အမျှ ကျေးလက်ဒေသများ၏ စားသောက်ကုန်လုပ်ငန်းများသည် အိမ်တွင်းအသေးစားလုပ်ငန်းများမှတစ်ဆင့် စီးပွားဖြစ် စားသောက်ကုန်ထုတ်လုပ်ငန်းအဆင့်ကို ပြောင်းလဲနိုင်မည်။ လက်ရှိကာလသည် လယ်ယာစီးပွားဖွံ့ဖြိုးမှု (Agribusiness Development) အဆင့်တိုးတက်ပြောင်းလဲရန် အရှိန်ယူနေသည့်ကာလလည်း ဖြစ်သည်။ ထို့ကြောင့် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်ရေး အရှိန်မြှင့်တင်စီမံဆောင်ရွက်ကြရမည်ဟုလည်း ပြော ကြားခဲ့ပါသေးသည်။

ကြံစိုက်ပျိုးထုတ်လုပ်ရေးတိုးမြှင့်ခြင်းသည် ကြံစိုက် တောင်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးရာလည်း ကျ၏။ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်များ အဆင့်မြှင့် ခြင်းသည် ပညာရှင်များသည်လည်း ကြံစိုက်ပျိုးနည်း ပညာပေးခြင်း၊ ကြံမျိုးကောင်း၊ မျိုးသန့်များ လက်လှမ်းမီ ရရှိစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနိုင်ဖို့လိုသည်။ ထို့ပြင် ကြံစိုက်တောင်သူနှင့် သကြားစက်ရုံအကြား ကြံသီးနှံ ကန်ထရိုက်စိုက်ပျိုးစနစ်တစ်ခု တည်ထောင်ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ပြီး အပေးအယူ မျှတကောင်းမွန်ရေး၊ အဆင်ပြေချောမွေ့စေရေး စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးရန်လည်း လိုအပ်သည်ဟုပြောကြားခဲ့သေး၏။ မြန်မာ့သကြားစက် မှုလုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကြံစိုက်တောင်သူ၊ သကြားထုတ်လုပ်သူ၊ သကြားအခြေခံစက်မှုလုပ်ငန်းများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ စားသုံးသူများစသည့် ပါဝင်ပတ်သက်သူများအားလုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်နိုင်ရေး အထူးအရေးကြီးနေသည်။ ယနေ့ခေတ်သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနေပြီး လူနေမှုအဆင့်အတန်းတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ သကြားအခြေခံ စားသောက်ကုန်များဖြစ်သည့် အချိုရည်၊ ကော်ဖီမစ်၊ တီးမစ်၊ ကိတ်မုန့်၊ သစ်သီးယို စုံ၊ နို့ထွက်ပစ္စည်းများစသည့်ဖြင့် စားသုံးမှုနှုန်းသည်လည်း မြင့်မားနေသည့်အခြေအနေရှိသည်။ ထို့ကြောင့် သကြားအခြေခံစားသောက်ကုန် လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းအရေအတွက်လည်း တိုးပွားများပြားလာနေသည်။ လုပ်ငန်းအရေအတွက်များပြားတိုးပွားနေသကဲ့သို့ ထုတ်လုပ် စားသောက်ကုန်ပစ္စည်းအမျိုးအစားနှင့် အရည်အသွေးသည်လည်း တိုးတက်ကောင်းမွန်အဆင့်မီလာလျက်ရှိသည်။

သကြားဖိုရမ်အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လမ်းညွှန်မှာကြားပြောကြားသည့်အထဲတွင် လိုက်နာသင့်စရာ အကောင်းဆုံးက ကြံစိုက်တောင်သူများ အခွင့်အရေးကာကွယ်ရေးအမှာစကား ဖြစ်သည်။ ဦးဟင်နရီဗန်ထီးယူက ကြံစိုက်ပျိုးထုတ်လုပ်ခြင်း Supply Chain တစ်လျှောက် တစ်နေရာရာတွင် ဟန်ချက်ပျက်ပြားသွားမည်ဆိုက နောက်ဆုံးခံစားရမည့်သူများမှာ အခြေခံအဆင့်ဖြစ်သည့် ကြံစိုက်တောင်သူများပင်ဖြစ်ကြောင်း၊ ထိုသို့ မဖြစ်စေရန် ‘တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ’နှင့်အညီ ထိန်းကျောင်းရမည်ဟု ဆိုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေ ရန် မြို့နယ်တိုင်း၊ ကျေးရွာတိုင်းတွင် တောင်သူပညာပေး စံနမူနာပြစိုက်ကွင်းများ ထူထောင်ပြသခြင်း၊ တောင်သူပညာပေးလုပ်ငန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ စံပြကွက်များ၊ စမ်းသပ်ကွက်များစိုက်ပျိုးပြသခြင်းအခြေအနေ၊ တောင်သူများ ကိုယ်တိုင်စိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်းပြီး မိမိတို့ဒေသနှင့် ကိုက်ညီသည့်မျိုး၊ စိုက်စနစ်တို့ ရွေးချယ် ဆောင်ရွက်နေမှုအခြေအနေ၊ တောင်သူများအထွက်နှုန်းတိုးပြီး ဝင်ငွေပိုရစေရန် အထွက်ကောင်းမျိုးများကို ၆၀ ရာ ခိုင်နှုန်းခန့် ပြောင်းလဲပေးခဲ့မှု အခြေအနေစသည်တို့ကို ရှင်းလင်းတင်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် သကြားဖိုရမ် ၂၀၁၉ အခမ်းအနားပွဲကို စည်စည်ကားကား ကျင်းပခြင်းသည် သကြားအခြေခံစားသောက်ကုန်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး၊ ကြံစိုက်တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး ရည်ရွယ်သည့်အပြင် အဓိကအချက်က မြန်မာ့သကြား ပြည်ပတင်ပို့ရောင်းချရေး တိုးတက်လာဖို့အရေးက အဓိကကျသည်။ ယခုအခါ မြန်မာ့သကြားများ တရုတ် နိုင်ငံသို့ တင်ပို့နိုင်ရေး G to G (အစိုးရ ချိတ်ဆက်ကုန်သွယ်မှု) နှင့် B to B (လုပ်ငန်းအချင်းချင်းချိတ်ဆက်ကုန်သွယ်မှု)တို့ဖြင့် ကုန်သွယ်နိုင်ရေးကြိုးစားဆောင်ရွက်နေသည်။ ထို့ကြောင့် မြန်မာ့ကြံသကြားထုတ်လုပ်မှုအဆင့်ရှိပြီး အရည်အသွေးပြည့်ဝဖို့လိုသည်။ ကြံသကြားထုတ်ကုန် အရည်အသွေးပြည့်ဝရေး သကြားစက်လုပ်ငန်းများတွင် မူတည်သည်။ ထို့ကြောင့် သကြားဖိုရမ်ကျင်းပပြီး သကြားစက်များ အရည်အသွေးမီ သကြားများထုတ်လုပ်နိုင်ရေး၊ ဘေးထွက်ပစ္စည်းများ အကျိုးရှိရှိ အသုံးချနိုင်ရေးတို့ကို အားပေးတိုက်တွန်းနှိုးဆော်ရခြင်းဖြစ်သည်ဟု ရှုမြင်သုံးသပ်မိပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား။ ၁၂-၉-၂၀၁၉ ရက်ထုတ် ကြေးမုံသတင်းစာ။**



# ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့ရောင်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်တွင် ဘီးလင်းမြို့ ကန်သာယာခန်းမ၌ ကျင်းပခဲ့ရာဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပဲနှမ်းကုန်သည် အသင်းအဖွဲ့မှ အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၅၆ ဦး တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က အဖွင့်အမှာစကားရာတွင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ချမှတ် ဆောင်ရွက်လျက်ရှိရာ ပို့ကုန်မြှင့်တင်ရန် ဦးစားပေးကဏ္ဍလေးရပ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်အနေဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍကြီးငါးရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးပြီးလျှင် ဒုတိယအများဆုံးမှာ ပဲမျိုးစုံဖြစ်ပြီး ပဲတီစိမ်းမှာ လက်ရှိဈေးကွက်အနေအထား အရပြည်ပဝယ်လိုအားရှိခြင်း၊ ဈေးကွက်ဈေးနှုန်း ကောင်းမွန်ခြင်းတို့ကြောင့် ပဲတီစိမ်းများကို ပြည်ပသို့တင်ပို့ရာတွင် တင်သွင်းနိုင်ငံများက လက်ခံနိုင်သည့် အရည်အသွေးရရှိစေရန် ကောင်းမွန်သည့်စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် စိုက်ပျိုးရန် လိုအပ်ကြောင်း ပြောကြား ခဲ့သည်။

ထို့နောက် မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှမိုးအောင်က အမှာစကား ပြောကြားခဲ့ပြီး ဘီးလင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှထွဋ်က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုဝင်း



က ပဲတီစိမ်းမျိုးအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြတ်မော်က မြေဆီလွှာနှင့် မြေဩဇာအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးအရာရှိဒေါ်သန်းသန်းလွင်က ပိုးမွှားရောဂါနှင့် ပိုးသတ်ဆေးအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ဦးစီးအရာရှိ ဦးအောင်ဖြိုးက ပဲတီစိမ်း GAP စိုက်ပျိုးရေးစနစ်အကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မွန်ပြည်နယ်ပဲနှမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးဦးက ပြည်တွင်း၊ ပြည်ပ ဈေးကွက်အတွက် စိုက်ပျိုးသင့်သည့် ပဲတီစိမ်းအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းခြင်းများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**မိုးမိုး (မွန်)**

## မိုးနဲမြို့နယ် ဆန်စက်လုပ်ငန်းရှင်များ အသင်း ပြန်လည်ဖွဲ့စည်း

မိုးနဲမြို့နယ် ဆန်စက်လုပ်ငန်းရှင်များ ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို စက်တင်ဘာ ၁၇ ရက်တွင် မိုးနဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ကျင်းပသည်။ အခမ်းအနားသို့ ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်ဆန်စက်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆန်စက် လုပ်ငန်းရှင်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးက ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအဖွဲ့များ၊ အစုအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ အသင်းဖွဲ့စည်းခြင်း၏ အကျိုးကျေးဇူးအားသာချက်များကိုလည်းကောင်း၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ စက်မှုလုပ်ငန်းများဆိုင်ရာ လုပ်ထုံးလုပ်နည်း များကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌက ဆန်စက်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရခြင်းနှင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် မိုးနဲမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းကို အလုပ်အမှုဆောင် ၂၁ ဦးဖြင့် ပြည်လည် ဖွဲ့စည်းခဲ့ပြီး ရွေးချယ်ခံ ဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

**အိုက်လွန်း (တောင်ကြီး)**

## တစ်ပတ်အတွင်း ရော်ဘာတန်ချိန် ၂၀၀၀ နီးပါးတင်ပို့

စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အထိကာလအတွင်း မြန်မာ-တရုတ် နယ်စပ်နှင့် မြန်မာ-ထိုင်းနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာသုညဒသမ ၄၃၀ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၄၀၀ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတန်ချိန် ၂၀၀ နှင့် မြဝတီကုန်သွယ်ရေးစခန်းမှ Rubber Latex 60% DRC အမျိုးအစားတန်ချိန် ၂၀၀ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန်၃၀၀ ကျော် ပိုမို တင်ပို့နိုင်သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ရော်ဘာအဆင့်စုံ တန်ချိန် ၁၅၆၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ တင်ပို့ခဲ့သောနိုင်ငံများမှာ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများဖြစ်သည်။ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၁၉၆ တန်၊ ကိုရီးယားနိုင်ငံ TSR-20 အမျိုးအစားတန်ချိန် ၆၆၀ ကျော်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား တန်ချိန် ၄၀၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစားတန်ချိန် ၃၀၀ ကျော် ဖြစ်သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၄၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်ရော်ဘာ တင်ပို့မှုစုစုပေါင်းမှာ တန်ချိန် ၁၉၀၀ ကျော်ဖြစ်သည်။

ယခုတစ်ပတ်အတွင်း နိုင်ငံတကာရော်ဘာဈေးမှာ အတက်အကျသိပ်မရှိကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ/ခရောင်း (၂၀၀၄) | G | ၃၃၀ သိန်း | ၃.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | နစ်ဆန်း/ကရာဗင် (၂၀၀၉) | N | ၁၅၅ သိန်း | ၃.၀ ဒီဇယ်၊ ဒီပီ၊ နယ်လိုင်စင် |
| ၃။ | ဟွန်ဒါဖစ် (၂၀၀၉) | E | ၁၆၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | နွတ်ချ် (၂၀၀၃) | L | ၂၅၇ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | မတ်(ခ်) အိပ်(စ်) (၂၀၀၅) | D | ၂၈၅ သိန်း | ၂.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဟာရီယာ (၉၉) | D | ၂၁၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟွန်ဒါဖစ်/ရှပ်တဲလ် (၂၀၁၁) | Q | ၃၃၅ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ် |
| ၈။ | ဟွန်ဒါအင်ဆိုဒ် (၂၀၁၁) | L | ၂၁၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ် |
| ၉။ | ဟိုင်းလတ်ဆပ်(ဖ်) (၉၇) | H | ၂၂၀ သိန်း | KZN-85 ၊ ရန်ကုန် |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | အင်းစိန်မြို့သစ်၊ (၄)လမ်း | (၂၀ x ၆၀)ပေ | မြေသီးသန့် | ၉၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | စမ်းချောင်း၊ မိုးမခလမ်း | ၆၀၀ စ/ပေ | (၄) လွှာ | ၃၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | မြေ/အိမ် | ဒဂုံမြို့သစ်(မြောက်)၊ ၃၅ ရပ်ကွက် | (၄၀ x ၆၀ )ပေ | RC (2) ထပ် | ၂၄၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | မြေ | မရမ်းကုန်းမြို့နယ်၊ အောဝမ်းလမ်း | (၂၀ x ၆၀ )ပေ | မြေသီးသန့် | ၁၅၅၀ သိန်း | အုတ်ခတ်ပြီး | ၀၉/၉၇၆၂၁၁၁၂၃ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ် | (၃၅ x ၄၅)ပေ | RC (1) ထပ် | ၁၈၅၀ သိန်း | ရပ်ကွက်သန့် | ၀၉/၄၀၂၀၇၁၉၂၂ |
| ၆။ | လုံးချင်းအိမ် | မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း | (၅၀ x ၁၂၀)ပေ | RC (2) ထပ် | ၁၅၀၀၀ သိန်း | ရပ်ကွက်သန့် | ၀၉/၄၀၂၀၇၁၉၂၂ |
| ၇။ | လုံးချင်းအိမ် | ဗဟန်းမြို့နယ်၊ အေးရိပ်သာလမ်းသွယ်(၁) | မြေ (၈၀ x ၆၀)ပေ<br>အိမ် (၄၀ x ၄၀)ပေ | RC (2) ထပ်၊ MB<br>(3) ခန်း၊ BR (5) ခန်း | ၄၃ သိန်း | (၁) လအငှားနှုန်း<br>(ရပ်ကွက်သန့်) | ၀၉/၄၀၂၀၇၁၉၂၂ |
| ၈။ | လုံးချင်းအိမ် | ရန်ကင်းမြို့နယ်၊ ပါရမီ၊ မြစပယ်လမ်း | (၅၀ x ၁၀၀)ပေ | RC (2) ထပ် | ၁၂၀၀၀ သိန်း | လမ်းသန့် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်၊<br>လမ်းမကြီးဂုတ်ကွက် | (၆၀ x ၈၀)ပေ | မြေသီးသန့် | ၁၈၀၀ သိန်း | ဂရန်ပေါက်မြေ | ၀၉/၄၀၂၀၇၁၉၂၂ |

# မြဝတီကုန်သွယ်ရေးဇုန်၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကရင်ပြည်နယ်အတွင်းရှိ လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေးပြည့်မီပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဈေးကွက်ဖော်ဆောင်နိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ထုတ်လုပ်တင်ပို့နိုင်ရေး သုံးစွဲသူတောင်သူ၊ စိုက်ပျိုးထုတ်လုပ်သူ၊ ပြည်ပသို့တင်ပို့ရောင်းချသူအားလုံးနှင့်သက်ဆိုင် သည့် တန်ဖိုးကွင်းဆက်တစ်ခုလုံး ချိတ်ဆက်ဆောင်ရွက်ပြီး အောင်မြင်စွာပူးပေါင်းအကောင်အထည်ဖော်သွားရန် ရည်ရွယ်၍ စက်တင်ဘာ ၁၉ ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့ မြဝတီကုန်သွယ်ရေးဇုန်၌ “ပို့ကုန်မြှင့်တင်ရေး အထောက်အပံ့ဖြစ်စေဖို့ စိုက်ပျိုးရေးလုပ်ငန်းများအား အကျိုးရှိသည့် စီးပွားရေးအဖြစ် လုပ်ကိုင်ကြပါစို့” အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဝတီခရိုင်အုပ်ချုပ်ရေးမှူးဦးတေဇာအောင်က အဖွင့်အမှာစကားပြောကြားပြီး မြဝတီကုန်သွယ်ရေးဇုန်မှ တာဝန်ခံညွှန်ကြားရေးမှူး ဦးသောင်းနိုင်က ကုန်သွယ်မှုနှင့်ပတ်သက်၍ သိကောင်းစရာများ ဆွေးနွေးခြင်း၊ မြဝတီခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်လက်ထောက်မန်နေဂျာ ဦးခင်မောင်ကြည်က ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ် အလေ့အကျင့်ကောင်းများအကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာသီသီအေးက စိုက်ပျိုးရေးသီးနှံမှ တိရစ္ဆာန်အစားအစာများအဖြစ် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆွေးနွေးခြင်း၊ ခရိုင်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက စိုက်ပျိုးသူတောင်သူအစုအဖွဲ့များအနေဖြင့် သမဝါယမပူးပေါင်းစနစ်ဖြင့် အောင်မြင်ဖြစ်ထွန်းစွာဆောင်ရွက်နိုင်ရေး ဆွေးနွေးခြင်း၊ မြဝတီနယ်စပ်ကုန်သည်ကြီးများအသင်းမှ အတွင်းရေးမှူး ဦးဝင်းကျော်က သီးနှံဈေးကွက်ဝေစု ပိုမိုရရှိနိုင်ရေး အလားအလာများ ဆွေးနွေးခြင်း၊ စားသုံးသူရေးရာဦးစီးဌာန မြဝတီခရိုင် ဦးစီးမှူး ဦးသိန်းဇော်က ပြည်တွင်းကုန်သွယ်မှုမြှင့်တင် နိုင်ရေး အထောက်အပံ့ဖြစ်စေမည့် သီးနှံများစီးပွားဖြစ်စိုက်ပျိုးနိုင်ရေး အကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ သက်ဆိုင်ရာဌာနတာဝန်ရှိသူများကလည်း အပြန်အလှန်ဆွေးနွေးဖြေကြားခြင်းများ ပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ အစိုးရဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းနိုင်(မြဝတီ)**

# (၆၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲ ကျင်းပပြီးစီး

(၆၄)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲ ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ Mung Thong Thani (IMPACT) Exhibition Hall တွင် ကျင်းပခဲ့သည်။

ထိုင်းနိုင်ငံစီးပွားရေးသံရုံးမှ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ဖိတ်ကြားခဲ့၍ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ကုမ္ပဏီ ၁၅ ခုမှ ပြခန်း ၁၀ ခန်း အခမဲ့ ပြသခွင့်ရရှိခဲ့သည်။

ထိုင်းနိုင်ငံအပြင် ဟောင်ကောင်၊ မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်နှင့် တူရကီ စသည့်နိုင်ငံများမှ ကျောက်မျက်ရတနာ ရောင်းဝယ်ကြသည့် လက်လီ/ လက်ကား ကုန်သည်များ၊ ဖက်ရှင်ဒီဇိုင်နာများ၊ ရွှေငွေကျောက်မျက် လက်ဝတ်ရတနာထည်များ၊ ကျောက်မျက်လုပ်ငန်းသုံးစက်ကိရိယာများ ကုမ္ပဏီပေါင်း ၉၀၀၊ ပြခန်း ၂,၂၀၀ လာရောက်ပြသရောင်းဝယ်ခဲ့သည်။

စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကုန်သည်၊ လုပ်ငန်းရှင်များကိုသာ ဝင်ခွင့် ပြုခဲ့ပြီး ၁၃-၁၄ ရက်မှသာ အများပြည်သူကို ကြည့်ရှုလေ့လာခွင့်ပြုခဲ့သည်။ ပြပွဲကာလအတွင်း သွားလာရေး အဆင်ပြေချောမွေ့စေရန် သယ်ယူပို့ဆောင်ရေးယာဉ်များ၊ စီပွားရေးတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန် နေရာများနှင့် အင်တာနက် အခမဲ့ သုံးစွဲရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ **သက်သက်နိုင် (ရတနာပုံကုန်သွယ်မှုဇဟိုဌာန)**

# ကသာခရိုင် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန် ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် စား သုံးသူရေးရာဦးစီးဌာနက ဦးဆောင်၍ ကသာမြို့ နယ် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်း ချမှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဈေးကွက်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် အသိပညာဗဟုသုတ၊ နည်းပညာများ ဆွေးနွေးဖလှယ်ရန် ရည်ရွယ်၍ ကသာခရိုင်၊ ကသာမြို့ကြိုက်ခန်းမတွင် စက်တင် ဘာ ၁၉ ရက်တွင် ‘ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး’ အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကသာဇုန် ပဲအသင်းမှ စာတမ်းများဖတ်ကြားခြင်း၊ ဆီစက်လုပ်ငန်းရှင်များမှ စာတမ်းဖတ်ကြားခြင်း၊ သက်ဆိုင်ရာဌာနများမှ ဆွေးနွေးတင်ပြခြင်း၊ အစုအဖွဲ့အလိုက် စားပွဲဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ပြီး ဖော် ထုတ်ချက်များ ရယူခြင်းများကို ဆောင်ရွက်ခဲ့သည်။ ကသာမြို့တွင် ပဲစိုက်ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး ယခုလို အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ဆီထွက်သီးနှံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စားသုံးသူရေးရာဦးစီးဌာနက ကျင်းပခြင်းဖြစ်သည်။ **လှလှခိုင် (ကသာ)**

# ဒူဘိုင်းတွင် ကျင်းပမည့် ၂၀၂၀ ကမ္ဘာ့ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံ ပါဝင်ပြသမည်

World Expo 2020 ကို အာရပ်စော်ဘွားများနိုင်ငံ (UAE) ဒူဘိုင်းမြို့တွင် ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလမှစ၍ ခြောက်လကြာ ကျင်းပမည်ဖြစ်ပြီး အဆိုပါ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉၀မှ ပါဝင် ပြသကြမည်ဖြစ်သည်။

World Expo 2020 Dubai တွင် မြန်မာနိုင်ငံ ပါဝင်ပြရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက Commissioner General အဖြစ် တာဝန်ယူကာ Organiser ဖြစ်သည့် UAE နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသည်။

အာရပ်စော်ဘွားများနိုင်ငံ (UAE) သည် အရှေ့အလယ်ပိုင်းဒေသ၏ စီးပွားရေးအချက်အချာကျသော နိုင်ငံတစ်ခုဖြစ်ပြီး အာရှနှင့် ဥရောပကို ဆက်စပ်ပေးထားကာ စီးပွားရေး၊ ဘဏ္ဍာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် Expo 2020 Dubai တွင် ပါဝင်ပြသခြင်းဖြင့် မြန်မာ့ထွက်ကုန်များကို အရှေ့အလယ်ပိုင်းနှင့် ဥရောပဈေးကွက်များသို့ မိတ်ဆက်နိုင်မည်ဖြစ်သလို ဈေးကွက်သစ်များ တိုးတက်ရှာဖွေကာ multilateral trade သို့ ပြောင်းလဲ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။




**MITC News**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဇဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# ခုနှစ်ရက် သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၂၃-၉-၂၀၁၉ မှ ၂၉-၉-၂၀၁၉ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** မိမိဘဝတွင်မဖြစ်ဖူးသော အလုပ်ကိစ္စများဖြစ်ပေါ်လာတတ်သည်။ မြေတွင်းထွက်ပစ္စည်းများနှင့်ပတ်သက်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ ကြေးနီ၊ ဝါ၊ ရွှေတို့အထူးအကျိုးပြုပါသည်။ ပညာဉာဏ်ရည်ထက်မြက်နေမည်။ အချစ်ရေးတွင် မမျှော်လင့်သူ၏အချစ်ကိုရရှိလိမ့်မည်။ အိမ်ထောင်ရေးတွင် ဘဝတိုးတက်မှုကို ရှာဖွေနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် အပူကြီးသောရောဂါဝေဒနာခံစားရတတ်သည်။ ခန္ဓာကိုယ်အတွင်း အဖုအကြိတ်ထွက်တတ်သည်။

**ယတြာ။ ။ အုန်းစိမ်းရည်သောက်သုံးပါ။**



**တနင်္လာသားသမီးများအတွက်** ရေမှထွက်သောပစ္စည်းဥစ္စာများနှင့်ပတ်သက်ပြီး စီးပွားဖြစ်ထွန်းပါမည်။ စားသောက်ကုန်ဖြစ်သော ငါးပိ၊ ငံပြာရည်၊ ဆား၊ ငါးခြောက်ထုတ်ကုန်များ၊ ပွဲရုံလုပ်ငန်းများအောင်မြင်လိမ့်မည်။ ပညာရေးကောင်းသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ဝေဝါးမှုရှိနေမည်။ ကျန်းမာရေး ချွဲ၊ သလိပ်များသော ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ နွားနို့လှူပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းခွင်တွင် ဉာဏ်ရည်ဉာဏ်သွေးသုံး၍ လုပ်ကိုင်နေရတတ်သည်။ စက်မှု၊ လက်မှုလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံတီထွင်မှုလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းမှုရှိတတ်ပါသည်။ ပညာရေးထူးချွန်နေမည်။ အချစ်ရေးတွင် ရည်ရွယ်ထားသူနှင့်လွဲရတတ်သည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးထူးထွေသောရောဂါမရှိနိုင်ပါ။ ကျန်းမာရေးကောင်းနေပါမည်။

**ယတြာ။ ခေါက်ဆွဲကြော်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ကိုင်နေသော စီးပွားရေးဆိုင်ရာလုပ်ငန်းများကို တစ်ဦးတည်းဆောင်ရွက်မရနိုင်သောကြောင့် အကျိုးတူလုပ်ကိုင်လိုသူနှင့် ပူးပေါင်းလုပ်ကိုင်ရတတ်ပါသည်။ ဆက်သွယ်ရေးကိရိယာ၊ မိုဘိုင်းဖုန်းများ၊ စက်ကိရိယာများ၊ လျှပ်စစ်ပစ္စည်းများ အကျိုးပေးပါသည်။ ပညာရေးတွင် ဇီဝဗေဒနှင့်စိုက်ပျိုးရေးသိပ္ပံပညာရပ်များအကျိုးပြုလိမ့်မည်။ အချစ်ရေးတွင် ချစ်သူ၏အထင်လွဲမှုများ သံသယဖြစ်မှုများ အထင်ခံရတတ်သည်။ အချစ်ရေးကံမကောင်းသေးပါ။ ကျန်းမာရေးတွင်အူကျရောဂါ၊ ဆီးလမ်းကြောင်းပိတ်ဆို့ခြင်းရောဂါ၊ အစာအိမ်ရောဂါတို့သတိထားသင့်သည်။ **ယတြာ။ ကလေးများကိုသကြားလုံးဝေကျွေးပါ။**



**ကြာသပတေးသားသမီးများအတွက်** ရည်ရွယ်ချက်ချမှတ်ပြီး စီးပွားရေးအောင်မြင်အောင်ကြိုးစားရာတွင် အတိုက်အခံအပြိုင်အဆိုင်များကြုံတွေ့ရတတ်သည်။ မြေတွင်းထွက်ပစ္စည်းများနှင့်ပတ်သက်ပြီး ရတနာများကိုပန်းထိမ်လုပ်ငန်းဖြင့် တီထွင်ကြံဆပြီးလုပ်ကိုင်ပါက အောင်မြင်မည်ဖြစ်ပါသည်။ ပညာရေးကံကောင်းသည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေမည်။ ကျန်းမာရေးအနေဖြင့် အကြောရောဂါသတိ ထားသင့်ပါသည်။

**ယတြာ။ အုန်းနို့ကျောက်ကျောလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင်အကျိုးတူပူးပေါင်းလုပ်ကိုင်သူများ လာရောက် ဆက်သွယ်တတ်သည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံတို့နှင့်မီးဖိုချောင်သုံးစားသောက်ကုန်များ အကျိုးပေးပါသည်။ ထူးချွန်ထက်မြက်သောဉာဏ်ပညာနှင့်ပညာရေးတွင် စိုးရိမ်စရာမရှိပါ။ အချစ်ရေးနှင့်အိမ်ထောင်ရေးတွင် မိဘများ၏ သဘောထားကိုလိုက်လျောရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် သွေးထိန်ခြင်း၊ သွေးချုပ်ခြင်း၊ ဗိုက်အောင့်ခြင်းစသောဝေဒနာခံစားရတတ်သည်ကို သတိပြုပါ။ **ယတြာ။ သက်ကြီးရွယ်အိုတို့အား ငွေကြေးပေးကမ်းလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** လုပ်ကိုင်လိုသော လုပ်ငန်းများနှင့် လက်ရှိလုပ်ကိုင်နေသောလုပ်ငန်းများ သဟဇာတမတည့် ဖြစ်နေမည်။ ရေနံနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း အောင်မြင်မှုရရှိလိမ့်မည်။ ပညာရေးကံကောင်းနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် သင့်တင့်နေမည်။ ကျန်းမာရေးကောင်းမွန်နေမည်။

**ယတြာ။ ဒံပေါက်လှူပါ။**

# မြန်မာနိုင်ငံမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စင်ကာပူဈေးကွက် ဝင်ရောက်နိုင်မည့် အလားအလာကောင်းများရှိ

စင်ကာပူနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်သွင်း၊ တင်ပို့သူများအသင်း (SFVIEA)သည် မြန်မာနိုင်ငံမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်သွင်း၊ တင်ပို့နိုင်ရေးအတွက် အဓိကပံ့ပိုးကူညီပေးနေသော အသင်းဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ စိန်တလုံးသရက်သီး တစ်မျိုးတည်းကိုသာ အဓိက တင်သွင်းလျက်ရှိသည်။ စင်ကာပူနိုင်ငံသို့ မြန်မာ့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတင်ပို့နိုင်ရန်အတွက် ကုန်စည်များ လန်းဆန်းနေမှုကို ထိန်းသိမ်းထားနိုင်ရန်အတွက် မတင်ပို့မီ သိုလှောင်ထားနိုင်မှု၊ တင်ပို့စဉ်ထုပ်ပိုးမှုစနစ်ကောင်းမွန်မှုရှိရေး အရေးကြီးပါသည်။ စင်ကာပူ စားသောက်ကုန်ဆိုင်ရာ အေဂျင်စီ (Singapore Food Agency SFA)သည် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်သွင်းမှုအပေါ် တင်းကြပ်သည့်စည်းမျဉ်းများ ချမှတ်ထားမှုမရှိခြင်းကြောင့် hGAP နှင့် HACCP အသိအမှတ်ပြုလက်မှတ်များ မရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် တင်သွင်းနိုင်ပါသည်။ Joint FAO/ WHO Codex Alimentarius Commission မှ သတ်မှတ်ထားသည့် ပိုးသတ်ဆေးနှင့် အဆိပ်ဖြစ်စေသော ဓာတုဆေးအကြွင်းအကျန်များပါဝင်မှု သတ်မှတ်ချက်ထက် ကျော်လွန်ခြင်း ရှိ၊ မရှိ စစ်ဆေးမှုသာ ပြုလုပ်သည်။

SFA သည် Enterprise Singapore နှင့် ပူးပေါင်းစီစဉ်၍ စင်ကာပူသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်သွင်း၊ တင်ပို့သူများလိုက်ပါသည့် Sourcing Mission များကို အချို့နိုင်ငံများသို့ စေလွှတ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ သွားရောက်လေ့လာခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်အစောပိုင်းတွင် မြန်မာနိုင်ငံသို့ သွားရောက်လေ့လာနိုင်ရန် အစီအစဉ်ရှိသောကြောင့် မြန်မာနိုင်ငံမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ဝင်ရောက်နိုင်မည့် အလားအလာများကို လက်လွှတ်မခံဘဲ ကြိုတင် ပြင်ဆင်ထားသင့်ကြောင်း သတင်းရရှိသည်။ **ထိန်လင်း (MITC)**

# ကျိုက်လတ်မြို့နယ် ပေချောင်ကျေးရွာ(အထက)တွင် စားသုံးသူအသိပညာပေးဟောပြော



ကျိုက်လတ်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်၍ ကျိုက်လတ်မြို့နယ်ပေချောင်ကျေးရွာ(အထက)တွင် စက်တင်ဘာ ၁၈ ရက်က ကျောင်းသူ၊ ကျောင်းသားများအား စားသုံးသူ အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ကျိုက်လတ်မြို့နယ် တာဝန်ခံ ဦးစိုးမင်းထိုက်က စားသုံးသူရေးရာဦးစီးဌာန ဖြစ်ပေါ်လာပုံနှင့် လစဉ်ကွင်းဆင်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဖျာပုံမြို့နယ်မှ ဒုတိယမြို့နယ်တာဝန်ခံ ဦးမင်းဇော်က စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များနှင့် FDA မှ တားမြစ်ထားသော အစားအသောက်များ၊ အလှကုန်ပစ္စည်းများ၊ အိမ်သုံးဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများအကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းက ကုန်စည်အမျိုးအစားအလိုက် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များ၊ CICC တိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့ပုံများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက ယခုလို စားသုံးရန်မသင့်သော အစားအသောက်များအကြောင်း စားသုံးသူ၏အခွင့်အရေးများအကြောင်းနှင့် အခြားသော စားသုံးသူကိစ္စရပ်များ ဗဟုသုတအနေဖြင့် သိရှိခွင့်ရရှိသဖြင့် ကျေနပ်အားရမှုရှိကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနကိုလည်း ယခုလို လာရောက်ဟောပြောပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကျိုက်လတ်မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဇော်နိုင်၊ ကျေးရွာအုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများ၊ ကျောင်းဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများနှင့် ကျောင်းဈေးသည်များ စုစုပေါင်း ၁၀၄၄ ဦး တက်ရောက်ကြပြီး တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ကျောင်းမုန့်ဈေးတန်းကြီးကြပ်ရေးအဖွဲ့များ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **မင်းဇော်မွန်(ဖျာပုံ)**

# မကွေးတွင် ကုန်သည်နှင့် ကောက်ပဲသီးနှံကုန်စည်တင်သည့် ဂိတ်ပိုင်များ ညှိနှိုင်းစည်းဝေး

စက်တင်ဘာ ၁၂ ရက် ညနေ ၄ နာရီက မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကုန်သည်နှင့် ကောက်ပဲသီးနှံကုန်စည်တင်သည့် ဂိတ်ပိုင်များ ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်ဥက္ကဋ္ဌ ဦးဖိုးနီ၊ ကုန်သည်စက်မှုအသင်းမှ တာဝန်ရှိသူများ၊ အဝေးပြေးမော်တော်ယာဉ်လိုင်းမှ ဂိတ်တာဝန်ခံများ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ကုန်စည်ပို့ဆောင်ရေးဂိတ်မှ တာဝန်ရှိသူများ မကွေးခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် မကွေးမြို့တာဝန်ခံတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် မကွေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်တင်တင်လှနှင့် မကွေးမြို့တာဝန်ခံ ဦးအောင်စိုးတို့က စားသုံးသူကာကွယ်ရေးဥပဒေမှ ပုဒ်မ (၂၆)ပါ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေးများရှိခြင်း၊ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ဖော်ပြရမည့် အာမခံချက်များဖြစ်သော မိမိဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူသိစေရန် ကြိုတင်အသိပေးခြင်း၊ မှန်ကန်သော သတင်းအချက်အလက်နှင့် ပြည့်စုံသော ဝန်ဆောင်မှု အဆင့်အတန်းနှင့်အညီ ပြည့်ဝစွာပေးခြင်း၊ စားသုံးသူ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိခြင်း စသည့်အချက်များ၊ အာမခံချက်ပေးထားသော အချိန်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း၊ စားသုံးသူနှင့် သဘောတူညီထားသည့် ဝန်ဆောင်မှုတန်ဖိုးအတိုင်း ပေးအပ်စေခြင်းစသည့်အချက်များ၊ ပုဒ်မ(၂၇)ပါ ဝန်ဆောင်မှုလုပ်ငန်းများ၏ အာမခံချက်နှင့် စပ်လျဉ်း၍ စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေး စသည့်အချက်များအား ဆွေးနွေးခဲ့သည်။

ထို့နောက် အစည်းအဝေးတွင် ကုန်သည်များက လိုက်နာရန် စည်းကမ်းချက်များ၊ ကုန်စည်ဂိတ်မှ လိုက်နာရန် စည်းကမ်းချက်များအား ချမှတ်ကာ ညှိနှိုင်းအစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

**စန္ဒာစိုးလွင်(မကွေး)**

# သီးနှံလေလွင့်ဆုံးရှုံးမှု နည်းအောင်စီမံခြင်း

အောင်ဆန်း(စိုက်ပျိုးရေး)

စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံတိုင်းမှာ ရိတ်သိမ်းချိန်၊ ခြွေလှေ့ဆွတ်ခူးချိန်၊ သယ်ယူပို့ဆောင်ချိန်၊ သန့်စင်ချိန်၊ သိုလှောင်ချိန်၊ အခြောက်ခံချိန်၊ ကြိတ်ခွဲထုတ်ပိုးချိန် စတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်မှာ လေလွင့်ဆုံးရှုံးမှုတွေရှိနေတာတွေ့ရပါတယ်။ ဒီလေလွင့်ဆုံးရှုံးမှုများကိုသာ စနစ်တကျထိန်းသိမ်းကာကွယ်နိုင်မယ်ဆိုရင် လူဦးရေသန်း ၇၀၀ ကို ငါးနှစ်စာကျွေးဖို့ လုံလောက်တယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ထောက်ပြထားပါတယ်။

မြန်မာနိုင်ငံရဲ့သီးနှံများ၏ လေလွင့်ဆုံးရှုံးမှုကို လေ့လာကြည့်ရင် စပါးစီးနှံဟာ စုစုပေါင်းသီးနှံများ စိုက်ဧကရဲ့ ၅၀ ရာခိုင်နှုန်းစိုက်ပျိုးပါတယ်။ ဒီစပါးစိုက်ဧကအနက်မှ လေလွင့်ဆုံးရှုံးမှုဟာ စပါးရင့်မှည့်ချိန်မှ ရိတ်သိမ်းသယ်ယူသိုလှောင်သည်အထိ ထုတ်လုပ်မှုရဲ့ ပျမ်းမျှ ၇ ဒသမ ၆ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ လေလွင့်ဆုံးရှုံးမှုရှိနေတယ်လို့ သုတေသီများက ဆိုပါတယ်။ စပါးရိတ်သိမ်းသယ်ယူစဉ်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်း လေလွင့်ဆုံးရှုံးနေပြီး သိုလှောင်စဉ်မှာ ၄ ဒသမ ၁ ရာခိုင်နှုန်းအဟောသိကံဖြစ်နေတယ်လို့လည်း ဆိုပါတယ်။ စပါးအပြင် အခြားသီးနှံများရဲ့ လေလွင့်ဆုံးရှုံးမှုကိုကြည့်ရင် ပဲမျိုးစုံသီးနှံရိတ်သိမ်းချိန်မှ သိုလှောင်ချိန်ထိ ပဲစင်းငုံသီးနှံမှာ ၄ ဒသမ ၆ ရာခိုင်နှုန်း၊ မတ်ပဲသီးနှံမှာ ၆ ဒသမ ၂ ရာခိုင်နှုန်း၊ ကုလားပဲသီးနှံမှာ ၆ ဒသမ ၆ ရာခိုင်နှုန်း၊ ပဲတီစိမ်းသီးနှံမှာ ၆ ဒသမ ၅ ရာခိုင်နှုန်း ဆုံးရှုံးနေတယ်လို့ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနရဲ့ သုတေသနပြုတွေ့ရှိချက်က ဆိုထားပါတယ်။

ခြုံငုံသုံးသပ်ရသော် စပါးသီးနှံအပါအဝင် သီးနှံအားလုံးဟာ စတင်စိုက်ပျိုးချိန်မှ ရင့်မှည့်ချိန်ထိ အထွက်နှုန်းတိုးအောင် သိပ္ပံနည်းကျစိုက်ပျိုးနည်းပညာများဖြင့် ဂရုတစိုက်မည်သို့ပင် ဖြည့်ဆည်းဆောင်ရွက်စေကာမူ ရိတ်သိမ်းချိန်၊ ခြွေလှေ့ချိန်၊ သယ်ယူပို့ဆောင်ချိန်၊ ခြွေ လှေ့ချိန်၊ အခြောက်ခံသန့်စင်ချိန်၊ ကြိတ်ခွဲချိန်၊ ထုပ်ပိုးသိုလှောင်ချိန်များတွင် စနစ်တကျကိုင်တွယ်ဆောင်ရွက်မှု မပြုလုပ်နိုင်တံအတွက် အလွန် များပြားလှသော လေလွင့်ဆုံးရှုံးမှုများ ခံစားကြရပါတယ်။ ပါးစပ်နားရောက်ခါနီး ထမင်းလုတ်အား ပုတ်ချခံရသည့်အလားရင်နင့်ဖွယ်များဖြစ်ခဲ့ရသည်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။

စပါးသီးနှံဟာ မောင်းညိုချိန်ထက်စောပြီး ရိတ်သိမ်းရင် ၅ ဒသမ ၀၄ ရာခိုင်နှုန်း လေလွင့်ဆုံးရှုံးမှုခံရတယ်။ မောင်းညိုချိန်ထက် ၁၀ ရက် နောက်ကျရိတ်သိမ်းမိရင် ၅ ဒသမ ၄၁ ရာခိုင်နှုန်းဆုံးရှုံးမှုရှိတယ်လို့ သုတေသနစာတမ်းများအရ စပါးရိတ်သိမ်းချိန်မမှန်ခြင်းတစ်ခုတည်းနဲ့ပင် စပါးတင်း ၁၀၀ မှာ ငါးတင်းခန့်ဆုံးရှုံးနေတာတွေ့ရပါတယ်။ စပါးကို မောင်းညိုချိန်မှာ အချိန်မှန်ကန်စွာ ရိတ်သိမ်းနိုင်မယ်ဆိုရင် ဆန်ထွက်ရာခိုင်နှုန်း ၆၅ ရာခိုင်နှုန်းရရှိနိုင်ပြီး အရည်အသွေးကောင်းဆန် ၅၅ ရာခိုင်နှုန်းရရှိနိုင်တယ်လို့ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနရဲ့ တွေ့ရှိချက်က ဆိုပါတယ်။ စပါးကို ရိတ်သိမ်းပြီးရင်လဲ တစ်ရက်အတွင်း အစိုဓာတ် ၁၈ ရာခိုင်နှုန်းထိ ရောက်အောင် အခြောက်ခံရမယ်။ နှစ်ရက်အတွင်း အစိုဓာတ် ၁၃-၁၄ ရာခိုင်နှုန်းထိရောက်အောင် အခြောက်ခံရမယ်။ သို့မှသာ လေလွင့်ဆုံးရှုံးမှုနည်းပြီး အရည်အသွေးကောင်းဆန်လဲရရှိနိုင်မှာဖြစ်ပါတယ်။

သီနှံများ၏ ရိတ်သိမ်းဆွတ်ခူးချိန် မှန်ကန်ခြင်းသည် သီးနှံများလေလွင့်ဆုံးရှုံးမှုအပေါ်ကြီးစွာသော လွှမ်းမိုးမှုရှိပါတယ်။ ပဲမျိုးစုံသီးနှံများဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲပုပ်သီးနှံများသည် အတောင့်များ၏ ၇၅ ရာခိုင်နှုန်းရင့်မှည့်ချိန်၊ အပင်၏ အရွက်များ ၇၅ ရာခိုင်နှုန်းဝါလာခြင်း၊ ခြောက်လာခြင်းအချိန်သည် ရိတ်သိမ်းရန် အသင့်တော်ဆုံးအချိန်ဖြစ်ပါတယ်။ စောပြီးရိတ်သိမ်းပါက အစိုဓာတ်များပြီး ပုပ်မယ်၊ မှိုတက်ပျက်စီးမယ်၊ နောက်ကျရိတ်သိမ်းပါက အတောင့်များ ကွဲအက်ထွက်ပြီး လေလွင့်ဆုံးရှုံးမှု မလွဲမသွေခံစားရမှာဖြစ်ပါတယ်။

ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲသီးနှံဟာ မြေပဲပင်အရွက် ၇၅ ရာခိုင်နှုန်းဝါခြောက်ချိန်၊ မြေပဲဆန်အပြည့်အဝဖွံ့ဖြိုးချိန်၊ မြေပဲတောင့်၏ အတွင်းနံရံအရောင်မီးခိုးရောင်ရင့်မှ အညိုရောင်ပြောင်းချိန်သည် မြေပဲရိတ်သိမ်းဆွတ်ခူးသင့်သော အချိန်ဖြစ်ပါတယ်။ ၎င်းအချိန်ဟာ မြေပဲဆန်ဆီပါဝင်မှု အမြင့်မားဆုံးအချိန်နှင့် ဆီအရည်အသွေးမြင့်မားဆုံးအချိန်ဖြစ်ပါတယ်။ မြေပဲရိတ်သိမ်းချိန်စောခြင်း၊ နောက်ကျခြင်းသည် မြေပဲတောင့်လေလွင့်ဆုံးရှုံးမှု ခံစားရသည့်အပြင် မြေပဲတောင့်ပြတ်ကျန်ခဲ့ခြင်း၊ မြေပဲတောင့်ပျက်စီးဆုံးရှုံးခြင်းများ ကြုံရတတ်ပါတယ်။ မြေပဲပင်ထောင်မျိုးကို ၁၀၉ ရက်တွင် ရိတ်သိမ်းပါက တစ်ဟက်တာတွင် မြေပဲ ၂၁၃၀ ကီလိုဂရမ်ထွက်ရှိကာ ၁၀၄ ရက်တွင် ရိတ်သိမ်းပါက မြေပဲ ၁၀၆၀ ကီလိုဂရမ်သာထွက်ရှိပြီး ၁၁၄ ရက်တွင် ရိတ်သိမ်းပါက မြေပဲ ၁၂၇၀ ကီလိုဂရမ်ထွက်ရှိကြောင်း အမေရိကန်နိုင်ငံသုတေသနစာတမ်းတစ်ခုက ဆိုထားပါတယ်။

ဆီထွက်နေကြာသည် အပွင့်၏ နောက်ကြောတက်အဝါရောင်မှ အညိုရောင်ပြောင်းလာချိန်အစေ့တွင်း အစိုဓာတ် ၁၀-၁၂ ရာခိုင်နှုန်းရှိလာချိန်အစေ့ခြောက်သွေ့လာချိန်တွင် ရိတ်သိမ်းရန်သင့်တော်ဆုံးအချိန်ဖြစ်ပါတယ်။ နေကြာကို နောက်ကျရိတ်သိမ်းခြင်းဟာ အစေ့အတွင်းဆီဖွဲ့စည်းမှုပြောင်းလဲဖြစ်ပေါ်စေပါတယ်။ ဖက်တီးအက်စစ်ပါဝင်မှု တိုးမြှင့်လာစေပါတယ်။ (Robensor; 1978)၊ နေကြာကို စောရိတ်သိမ်းပါက အစိုဓာတ်များပြီး အစေ့ပုတ်၍ မှိုတက်စေပါတယ်။ နောက်ကျရိတ်သိမ်းပါက နေကြာစေ့များကျွတ်ထွက်၍ လေလွင့်ဆုံးရှုံးမှုများစေပါတယ်။

သစ်သီးဝလံများဖြစ်သည့် သရက်၊ လိမ္မော်၊ ပန်းသီး၊ ဒူးရင်း၊ ကျွဲကော၊ မင်းကွတ်၊ သစ်တော့၊ မာလကာ၊ နာနတ်စသည်များသည် ရိတ်သိမ်းချိန်မမှန်ကန်ပါက လေလွင့်ဆုံးရှုံးမှု အလွန်များသော သီးနှံများဖြစ်ပါတယ်။ ပျမ်းမျှအားဖြင့် ပန်းဖူးပေါ်ပြီး ရက်ပေါင်း ၁၅၀ ကျော်မှ ပြီးပြည့်စုံသည့် ရင့်မှည့်မှုကို ပေးစွမ်းပါတယ်။ သစ်သီးများကို စော၍ခူးပါက ပျော့အိပုတ်၍ မှိုတတ်ပျက်စီးစေပါတယ်။ အရသာမချို၊ မမွှေး၊ မနူးညံ့ဘဲအရည်အသွေးကျဆင်းစေပါတယ်။ အတွင်းသားကြပ်ဖြစ်ခြင်း၊ မာကြွပ်ခြင်း၊ မရင့်မှည့်ခြင်းများခံစားရ တတ်ပါတယ်။

သီးနှံများသိုလှောင်ချိန်တွင် လေလွင့်ပျက်စီးဆုံးရှုံးရခြင်းမှာ သီးနှံများ၏ အစေ့အဆန်(သို့) အတွင်းသားတွင် ပါဝင်နေသော အစိုဓာတ်၊ ပတ်ဝန်းကျင်တွင်ရှိနေသော စိုထိုင်းဆ၊ အပူချိန်နှင့် ကြွက်၊ ငှက်၊ ပိုးမွှားရောဂါများက တရားခံအစစ်များဖြစ်နေပါတယ်။ သီးနှံများအတွင်း ပါဝင်နေသော အစိုဓာတ်သည် သီးနှံ၏တာရှည်သိုလှောင်မှုသက်တမ်း၊ အရည်အသွေး၊ ပိုးမွှားရောဂါကျရောက်စေရန် ဖန်တီးပေးနိုင်မှုများအပေါ် လွှမ်းမိုးနေပါတယ်။ ဒါကြောင့်သီးနှံများ ရိတ်သိမ်း ခြွေလှေ့ပြီးရင် သတ်မှတ်ချိန်အတွင်း သတ်မှတ်အစိုဓာတ်ရောက်ရှိအောင် အခြောက်ခံခြင်း၊ သန့်စင်ခြင်း မလွဲမသွေ ဆောင်ရွက်ရန် လိုအပ်ပါတယ်။

သီးနှံများသည်ခြောက်သွေ့နေပြီး ပတ်ဝန်းကျင်တွင် စိုထိုင်းဆများ၍ အစိုဓာတ်ရှိနေပါက ပတ်ဝန်းကျင်မှအစိုဓာတ်ကို စုပ်ယူသည့်သတ္တိရှိပါတယ်။ သီးနှံများသည် အစိုဓာတ်များနေပြီး ပတ်ဝန်းကျင်တွင် စိုထိုင်းဆနည်း၍အစိုဓာတ်နည်းနေပါက သီးနှံအတွင်းမှ အစိုဓာတ်သည် ပတ်ဝန်းကျင်သို့ အငွေ့ပျံထွက်နိုင်သည့်သတ္တိရှိပါတယ်။ သီးနှံများရဲ့ပတ်ဝန်းကျင်မှာ စိုထိုင်းဆများနေမယ်ဆိုရင် သီးနှံများ အစိုပျံပြီး ပုပ်ယိမှိုတတ်ပျက်စီးဆုံးရှုံးနိုင်တဲ့အတွက် သိုလှောင်ရာတွင် အထူးသတိပြုရမှာဖြစ်ပါတယ်။ ဒေါက်တာဟယ်ရီတန်ကတော့ သိုလှောင်ရုံအတွင်း အစိုဓာတ်နဲ့အပူချိန်နှစ်ခုပေါင်းဟာ ၁၀၀ ထက်မကျော်ရင် သိုလှောင်ရန်အသင့်ဆုံးအခြေအနေလို့ဆိုပါတယ်။

သီးနှံများသိုလှောင်ရာတွင် စိုထိုင်းဆ ၅၀ ရာခိုင်နှုန်းရှိပါက အင်းဆက်ပိုးမွှားရောဂါများ လှုပ်ရှားရှင်သန်မှုများစေတာတွေ့ရပါတယ်။ စိုထိုင်းဆ ၅၀ ရာခိုင်နှုန်းအောက်ကျဆင်းပါက အင်းဆက်ပိုးမွှားရောဂါများလှုပ်ရှားရှင်သန်မှုနည်းစေပါတယ်။ စိုထိုင်းဆ ၃၅ ရာခိုင်နှုန်းအောက်ကျဆင်းသွားပါက အင်းဆက်ပိုးမွှားရောဂါလှုပ်ရှားရှင်သန်မှုလုံးဝရပ်ဆိုင်းသွားစေပါတယ်။ သီးနှံများအခြောက်ခံပြီး သန့်စင်မှုပြုလုပ်ရာမှာ လုံးဝပြောင်စင်အောင်သန့်စင်ရန် လိုအပ်ပါတယ်။ သန့်စင်မှုမပြောင်စင်ရင် သီးနှံများကိုမည်သို့ပင်စိတ်တိုင်းကျသတ်မှတ်အစိုဓာတ်ရသည်ထိ အခြောက်ခံထားစေကာမူ ရောနှောပါဝင်လာသောအမှော်၊ အမှိုက်၊ ဖုန်၊ ခဲ၊ သလဲများရှိ အစိုဓာတ်များက သီးနှံအတွင်းသို့ ကူးပြောင်းရောက်ရှိလာပြီး ဒုက္ခပေးသည့်ဒဏ်ခံကြရမှာဖြစ်ပါတယ်။

သီးနှံများသိုလှောင်စဉ် လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိရအောင် မသိုလှောင်မီ၊ သိုလှောင်ရုံအား ကြိုတင်ပြင်ဆင်ခြင်းနှင့်သိုလှောင်ထားစဉ် စနစ်တကျကာကွယ်နှိမ်နင်းခြင်းကို မဖြစ်မနေဆောင်ရွက်မှာဖြစ်ပါတယ်။ မည်သို့ပင်သိုလှောင်မှုစနစ်ကို စနစ်တကျဆောင်ရွက်ပါစေ သိုလှောင်ရုံစနစ်မကျလျှင် သီးနှံလေလွင့်ပျက်စီးဆုံးရှုံးရန်မလွဲဧကန်ဖြစ်ပါတယ်။ သီးနှံများသိုလှောင်ထားစဉ်တွင် အဓိကဖျက်ဆီးသောပိုးအုပ်စုနှစ်စုရှိပါတယ်။ ပထမအုပ်စုကတော့ ကနဦးကျရောက်ပိုး (Primary Pest) နဲ့ ဒုတိယအုပ်စုကတော့ ထပ်ဆင့်ကျရောက်ပိုး (Secondary Pest) တို့ဖြစ်ပါတယ်။ ကနဦးဖျက်ပိုးကတော့ သီးနှံစိုက်ခင်းမှာကတည်းက ကျရောက်တက်ပြီး သိုလှောင်သည်ထိပါလာခြင်းဖြစ်ပါတယ်။ သီးနှံအိတ်များရဲ့ အပေါ်မျက်နှာပြင်သာနေ၍ စားသောက်ဖျက်ဆီးလေ့ရှိပါတယ်။ နက်ရှိုင်းစွာဝင်ရောက်ဖျက်ဆီးမှုမရှိပါ။ ထပ်ဆင့်ကျရောက်ဖျက်ဆီးပိုးဟာ သီးနှံစိုက်ခင်းတွင် မကျရောက်ဘဲ သိုလှောင်ရုံအတွင်းသာ ကျရောက်ဖျက်ဆီးလေ့ရှိပါတယ်။ သိုလှောင်ရုံတစ်ခုမှတစ်ခုသို့ ကူးစက်ပျံ့နှံ့ပါတယ်။ သီးနှံအပုံအိတ်အတွင်းထိ နက်ရှိုင်းစွာဝင်ရောက်ဖျက်ဆီးနိုင်ပါတယ်။ ပျက်စီးဆုံးရှုံးမှုအလွန်များစေတာတွေ့ရပါတယ်။

သိုလှောင်ရုံအတွင်း ကျရောက်ဖျက်ဆီးတဲ့ ဖျက်ပိုးများကို ဆေးဖျန်းကာကွယ်နှိမ်နင်းခြင်း၊ ဆေးမှုန့်လူးနယ်ကာကွယ်နှိမ်နင်းခြင်း၊ မီးခိုးမှိုင်းတိုက်ကာကွယ်နှိမ်နင်းခြင်း၊ အဆိပ်ငွေ့မှိုင်းတိုက်ကာကွယ်နှိမ်နင်းခြင်းဖြင့် လေလွင့်ဆုံးရှုံးပျက်စီးမှုကို တားဆီးနိုင်ပါတယ်။ သိုလှောင်ရုံဟာ လုံခြုံမှုရှိရန် အဓိကအရေးကြီးပါတယ်။ သိုလှောင်ရုံလုံခြုံမှုမရှိ၍ ကြွက်၊ စာကလေး ဝင်ရောက်ဖျက်ဆီးခံရလျှင် ဆုံးရှုံးမှုပမာဏများစေတာတွေ့ရပါတယ်။ ကမ္ဘာမှာကြွက်ဖျက်ဆီးမှုကြောင့် ငါးရာခိုင်နှုန်းဆုံးရှုံးနိုင်တယ်။ စာကလေးအကောင် ၁၀၀ ဟာ ၂၅ ရက်အတွင်း စပါးတစ်တင်းကို စားသောက်ပစ်နိုင်တယ်လို့ သုတေသနပညာရှင်များက ထောက်ပြထားပါတယ်။

သို့ပါ၍ သီးနှံများနည်းလမ်းအစုံစုံ၊ ဖျက်ဆီးမှုအဖုံဖုံနဲ့ လေလွင့်ပျက်စီးဆုံးရှုံးနေရမှုများကို ဖျက်ဆီးလေလွင့်မှု အဆင့်အလိုက် ဂရုတစိုက်ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါတယ်။

## စစ်တွေမြို့နယ် သင်ပုန်းတန်းကျေးရွာ၌ စားသုံးသူအသိပညာပေးဟောပြော

စက်တင်ဘာ ၁၂ ရက်တွင် စစ်တွေမြို့နယ် သင်ပုန်းတန်းကျေးရွာ အ. ထ. က ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၃၀ ခန့်နှင့် ဆရာ၊ ဆရာမများအား အဆိုပါ ကျေးရွာဓမ္မာရုံတွင် စားသုံးသူရေးရာဦးစီးဌာန စစ်တွေမြို့နယ်ဦးစီးမှူး ဦးစောဝင်းက စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။

ရခိုင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်စွာဝင်းက စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)နှင့် ပြစ်မှုပြစ်ဒဏ်များ ရှင်းလင်းပြောကြားခြင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် မေးခွန်းများ မေးမြန်းဖြေဆိုခြင်းများ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဝင်းမောင် (မကွေး)**

Vol: 19, No.36 Monday September 23 2019

# ရန်ကုန်မြို့ပတ်ခရီးသည်တင် ဘတ်စ်ကားများ စက်တင်ဘာ ၂၃ ရက်တွင် စတင်ပြေးဆွဲ




ရန်ကုန်မြို့ပတ် ခရီးသည်တင် ယာဉ်လိုင်းကို ယာဉ်စီးရေ ၂၀ စီးဖြင့် City Transit ကုမ္ပဏီက တာဝန်ယူကာ စက်တင်ဘာ ၂၃ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ယာဉ်လိုင်းသစ်သည် အောင်မင်္ဂလာအဝေးပြေးမှစတင်ကာ အမှတ်(၃)လမ်းမကြီး-ခြောက်ကွေ့-သုဓမ္မာလမ်း-ဝေဇယန္တာလမ်း-ပါရမီလမ်း-ဘေလီထိပ်-သံသုမာလမ်း-စံပြဈေး-ပြည်ထောင်စု ခုံးကျော်တံတား-သံသုမာလမ်း(သုဝဏ္ဏ)-ကြက်ဘဲဈေး-သမိန်ဗရမ်းလမ်း-အထက်ပုဇွန်တောင်လမ်း-၅၁ လမ်းထိပ်-ဗိုလ်တထောင်ဘုရားလမ်း-ကမ်းနားလမ်း-ကြည့်မြင်တိုင်ကမ်းနားလမ်း-ဘုရင့်နောင်လမ်း-ဘုရင့်နောင်လမ်းဆုံ-သမိုင်းဘူတာရုံလမ်း-သမိုင်းလမ်းဆုံ-ကျိုက်ဝိုင်းဘုရားလမ်း-ရှစ်မိုင်-ကမ္ဘာအေးဘုရားလမ်း-နဝဒေးအုတ်ပုံဆိပ်လမ်း-သုဓမ္မာလမ်း-ခြောက်ကွေ့-အမှတ်(၃)လမ်းမကြီးမှ အောင်မင်္ဂလာအဝေးပြေးတွင် ခရီးစဉ်ပြီးဆုံးမည်ဖြစ်ပြီး ယာဉ်စီးခအနေဖြင့် အောင်မင်္ဂလာအဝေးပြေးမှ သခင်မြပန်းခြံအထိ၊ သခင်မြပန်းခြံမှ အောင်မင်္ဂလာအဝေးပြေးအထိ ခရီးစဉ်ဖြတ်ပိုင်းထားကာ ခရီးစဉ်တစ်ပိုင်းအတွက် ကျပ် ၅၀၀ ကျသင့်မည်ဖြစ်သည်။

"ယာဉ်စီးရေ ၂၀ နဲ့ စတင်ပြေးဆွဲမှာဖြစ်ပါတယ်။ ပြေးဆွဲတဲ့အခါမှာလည်း အောင်မင်္ဂလာအဝေးပြေးကနေ ထွက်ခွာပါမယ်။ ယာဉ်လမ်းကြောင်းနှစ်ကြောင်းခွဲပြီးတော့ ဘယ်ဘက်၊ ညာဘက်ပတ်ပြီး တစ်ပြိုင်နက်ပြေးဆွဲပါ့မယ်။ ခရီးသွားပြည်သူတွေရဲ့ လိုအပ်ချက်အရ မြို့ထဲမှာ တချို့တစ်ဝက် အခြေပြုပြီး အဲဒီကနေ ပြန်ထွက်သွားတဲ့စနစ်ကိုလည်း လေ့လာနေပါတယ်။ အင်အားပြည့်ပြေးဆွဲမယ့် ကားစီးရေက ၃၉ စီး ဖြစ်ပါတယ်။ စတင်ပြေးဆွဲပြီးနောက် တွေ့ရှိချက်ပေါ်မူတည်ပြီး အင်အားဖြည့်တင်းမှုတွေလုပ်မယ်။ အောက်တိုဘာလမှာ အင်အားပြည့် ပြေးဆွဲမှာဖြစ်ပါတယ်။ ပြေးဆွဲမယ့်ကားက Scania အမျိုးအစား City Bus ဖြစ်ပါတယ်။ City Transit ကုမ္ပဏီက Scania ရဲ့ ယာဉ်ပြေးဆွဲမှုနည်းပညာကိုယူပြီး ပုံဖော်မှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က စက်တင်ဘာ ၁၈ ရက်တွင် ပြောသည်။

ယခုပြေးဆွဲမည့် Scania ဘတ်စ်ကားများရပ်တန့်သည့်အခါ ခရီးသည်များ လွယ်ကူစွာ ဆင်းတက်နိုင်ရန် ယာဉ်၏ညာဘက်သို့ အနည်းငယ် စောင်းသွားမည်ဖြစ်ပြီး ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် နေရာများကို သတ်မှတ်ထားကြောင်း၊ မှတ်တိုင်စဉ်စာရင်းကို အဆင်းတံခါးပေါက်တွင် တပ်ဆင်၍ ရောက်ရှိမှတ်တိုင်များကို မီးသီးဖြင့် အချက်ပြမည်ဟု သိရသည်။ **သန်းထိုက်အောင်**

# ပြည်ပမှတင်သွင်းမည့် အသားစားကြက်ပေါက်များကို ဈေးနှုန်းအပေါ် အခြေခံ၍ တင်သွင်းခွင့်ပြုမည်

ပြည်ပမှတင်သွင်းမည့် အသားစားကြက်ပေါက်များကို ဈေးနှုန်းအပေါ် အခြေခံ၍ တင်သွင်းနိုင်ရန်အတွက် ဩဂုတ်လ နောက်ဆုံးပတ်တွင် ကျင်းပသည့် အသားစားကြက် မွေးမြူရေးဆိုင်ရာဆွေးနွေးပွဲတွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် လတ်တလောဖြစ်ပေါ်နေသည့် အသားစားကြက်အရှင်ဈေးနှုန်း ကျဆင်းမှုများ၊ အသားစားကြက်ပေါက်ဈေးနှုန်း ကြီးမြင့်နေမှုများနှင့် ကြက်သားဈေးကွက်ဆိုင်ရာအတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး အသားစားကြက်ပေါက် တင်သွင်းမှုအတွက်ကိုလည်း အရေအတွက်အပေါ် အခြေမခံဘဲ ဈေးနှုန်းပေါ် အခြေခံ၍ တင်သွင်းနိုင်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

"ကြက်ပေါက်ဈေးက မြင့်နေတဲ့အတွက် ကြက်သားဈေးက ထုတ်လုပ်မှုစရိတ်အောက် လျော့နေတယ်။ အဲဒီအတွက်ကြက်သားဈေးမတက်ရင်တောင် ကြက်ပေါက်ဈေး လျော့ပေါ့လိုတယ်"ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် အသားစားကြက်အရှင်ဈေးနှုန်းမှာ ထုတ်လုပ်မှုစရိတ်အောက် အလွန်အကျွံ ကျဆင်းပါက ဈေးနှုန်းတစ်ခု သတ်မှတ်ရောင်းချရန်၊ ကြက်သားပေါက်ဈေးနှုန်း လျော့ကျနိုင်ရန်တို့အတွက် ပြည်တွင်း ကြက်သားပေါက်ထုတ်လုပ်သည့် ကုမ္ပဏီများကို မေတ္တာရပ်ခံပေးရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကြက်သားများဈေးနှုန်းကြီးမြင့်ခြင်း မဖြစ်စေရန် အသားစား ကြက်ပေါက်ဈေးနှုန်း ကျပ် ၇၀၀ ထက် ကျော်လာပါက အကန့်အသတ်မပြုဘဲ တင်သွင်းခွင့်ပြုရန်နှင့် ကြက်အရှင် ဈေးနှုန်းဖွင့်ရာတွင် အမှန်တကယ် ရောင်းဝယ်နေသည့် ကြက်အရှင်ဈေးနှုန်းများဖြစ်စေရန် Myanmar Livestock Federation- Mandalay ဖွင့်၍ ဆောင်ရွက်ရန်တို့အတွက် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ချောစု**

## တရားမဝင် ငါး၊ ပုစွန် ဝင်ရောက်မှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းလုပ်ဆောင်မည်

ပြည်ပမှ တရားမဝင်ဝင်ရောက်လာသည့် ငါး၊ ပုစွန်များ ပြည်တွင်းဈေးကွက်အတွင်း ရှိနေမှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်ရခြင်းမှာ ထိုင်းနိုင်ငံမှတစ်ဆင့် မြဝတီလမ်းကြောင်းမှ ဝင်ရောက်လာသည့် ငါး၊ ပုစွန်များမှာ ဈေးနှုန်းသက်သာသောကြောင့် ဖော်မလင်နှင့် ဓာတုပစ္စည်းပါဝင်မှု ရှိမရှိကို မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)နှင့် စစ်ဆေးရမည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်ပကနေ တရားမဝင် ဝင်လာတယ်ဆိုပေမယ့် ရန်ကုန်က နောက်ဆုံးဖြစ်နေတယ်။ မြဝတီဘက်က ဝင်လာချိန်မှာ ကရင်၊ မွန်နဲ့ ပဲခူးကိုဖြတ်ပြီးမှ ရန်ကုန်ကို ဝင်လာတာပါ။ ရန်ကုန်မှာကျတော့လည်း ဝင်ပေါက်တွေက များတယ်။ ကျွန်တော်တို့ ဌာနတစ်ခုတည်းအနေနဲ့ တားဖို့ဆိုတာ မဖြစ်ပါဘူး။ တခြားဌာနတွေဖြစ်တဲ့ ဥပမာ- မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ FDA တို့နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ရမှာပါ။ အတိအကျကတော့ ညှိနှိုင်းပြီးတော့ ပြောပြမှရမှာပါ"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူးက ပြောသည်။

ပြီးခဲ့သည့်နှစ်များတွင် မြဝတီလမ်းကြောင်းမှ ဝင်ရောက်လာသည့် ငါး၊ ပုစွန်များကို ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ပြီး ဖမ်းဆီးရမိသည်များကိုလည်း လေလံတင်ရောင်းချမှုများ ပြုလုပ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် အသက်အန္တရာယ် ခြိမ်းခြောက်မှုများရှိလာသည့်အတွက် ဖမ်းဆီးမှုများကို ရပ်ဆိုင်း ခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် အခြားသောပြည်နယ်များအတွင်း စစ်ဆေးမှုများပြုလုပ်နေပြီး ဖော်မလင်နှင့် ဓာတုပစ္စည်းထည့်သွင်း အသုံးပြုထားသည့် ငါး၊ ပုစွန် ပိဿာချိန်ပေါင်း ၁၈၀ ဖမ်းမိထားကာ ရောင်းချခဲ့သည့် ဆိုင်လေးဆိုင်ကိုလည်း ခံဝန်ကတိ ထိုးခိုင်းခဲ့ကြောင်း သိရသည်။ **ချောစု**

## စီးတီးတက္ကစီမှတ်ပုံတင်ရန်နှင့် သက်တမ်းတိုးခြင်း လုပ်ငန်းများ အချိန်မီ လုပ်ကိုင်ရန် YRTA နှိုးဆော်

စီးတီးတက္ကစီမှတ်ပုံတင်ပြုလုပ်ရန် ကျန်ရှိနေသေးပါက တက္ကစီယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)ထံ အချိန်မီ ဆက်သွယ်ဆောင်ရွက်စေလိုကြောင်း YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က စက်တင်ဘာ ၁၈ရက်တွင် ရန်ကုန်မြို့ရှိ YRTA ရုံးချုပ်၌ ပြုလုပ်သော သတင်းမီဒီယာတွေ့ဆုံပွဲ၌ ပြောသည်။

စီးတီးတက္ကစီယာဉ်အဖြစ် မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းလုပ်ငန်း များကို YRTA ရုံးချုပ်၊အမှတ်(၆၅)၊လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်သို့ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်ကာလကျော်လွန်ပါက စစ်ဆေးအရေးယူခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနေရာမှာ မီဒီယာအဖွဲ့များကနေတစ်ဆင့် ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်။ အခုမှတ်ပုံတင်ဖို့ ပျက်ကွက်တဲ့ ယာဉ်တွေအပေါ်မှာ စီမံချက်တစ်ခု လုပ်ပေးခဲ့ပါတယ်။ မှတ်ပုံတင်ဖို့ ပျက်ကွက်ခဲ့တဲ့ ယာဉ်တွေကိုလည်း စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား သက်တမ်းတိုးဖို့ မှတ်ပုံတင်ဖို့ မေတ္တာရပ်ခံထားပါတယ်။ အကြောင်းကြားထားပါတယ်။ စက်တင်ဘာ ၃၀ ရက်ဆိုရင် ကြေညာထားတဲ့ နောက်ဆုံးရက်ဖြစ်ပါတယ်။ ရက်ကလည်း နီးလာပြီဖြစ်လို့ ကျန်ရှိယာဉ်တွေအနေနဲ့ သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးကြဖို့ မီဒီယာကနေတစ်ဆင့် တက္ကစီပိုင်ရှင်တွေ၊ ယာဉ်မောင်းတွေအားလုံးကို အသိပေးပြောကြားလိုပါတယ်" ဟု ဦးလှအောင်က ဆိုသည်။

ဇူလိုင် ၁၂ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ စီးတီးတက္ကစီမှတ်ပုံတင်ခြင်းကို ၈၇၄စီး၊ စီးတီးတက္ကစီမှတ်ပုံတင်သက်တမ်းတိုးခြင်းကို ၂၁၃၂ စီး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားသော တက္ကစီယာဉ်များ မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်မှုရှိစေရန်၊ တက္ကစီ ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ကြီးကြပ်ဆောင်ရွက်ရန်၊ ပြည်တွင်းပြည်ပခရီးသွားများ တက္ကစီယာဉ်များကို ငှားရမ်းအသုံးပြုရာ တွင်အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်များနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) တွင် စီးတီးတက္ကစီမှတ်ပုံတင်ခြင်း၊ စီးတီးတက္ကစီ မှတ်ပုံတင်သက်တမ်းတိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သန်းထိုက်အောင်**

# လှိုင်သာယာမြို့နယ် စက်မှုဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ဆွေးနွေးဟောပြော

စားသုံးသူရေးရာ ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် အရာထမ်း၊ အမှုထမ်းများသည် မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိဝန်ထမ်းများနှင့် ပူးပေါင်း၍ စက်တင်ဘာ ၁၂ ရက်တွင် လှိုင်သာယာမြို့နယ်လှိုင်သာယာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း(၁၈)ပါကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ စီးပွားရေး လုပ်ငန်းရှင်များအား အသိပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့ရာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်ဟန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေက ဦးစီးဌာနအနေဖြင့် ဥပဒေထုတ်ပြန်ထားပြီး ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာစေရန်အတွက် ယခုလို အသိပညာပေး ဆွေးနွေးပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ၂၀၁၄ ၏ လိုအပ်ချက်များကိုပြင်ဆင်ဖြည့်စွက်ရေးဆွဲ၍ လွှတ်တော်နှစ်ရပ်သို့ တင်ပြခဲ့ကြောင်း၊ စားသုံးသူကာကွယ်ရေး ဥပဒေကို ၂၀၁၉ ခုနှစ်၊ မတ်လ(၁၅)ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ ဥပဒေတွင် အခန်း(၂၅)ခန်းနှင့် ပုဒ်မ(၈၄)ခု ပါရှိပါကြောင်း၊ အခန်း(၁၈)၊ ပုဒ်မ(၄၁)ပါ ပြဋ္ဌာန်းချက်များကို စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြင်ဆင်ချိန်ကာလအဖြစ် တစ်နှစ် အချိန်ပေးထားကြောင်း၊ ၎င်းပြဋ္ဌာန်းချက်ကိုဥပဒေထုတ်ပြန်ပြီး တစ်နှစ်ပြည့် မြောက် သည့် နေ့ရက်မှ စတင်အာဏာတည်မှာဖြစ်ကြောင်း၊ ဥပဒေအရ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၊ ကော်မတီနှင့် စစ်ဆေးရေးအရာရှိများ ဖွဲ့စည်းထားရှိကြောင်း၊ ၂၀၁၉ ဥပဒေအရ ဦးစီးဌာနအနေဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှုစသည့် တိုင်ကြားမှုများကို လက်ခံဆောင်ရွက်ပေးနေကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စပ်လျဉ်း၍ ကွင်းဆင်းဆောင်ရွက်မှုများနှင့် ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များအကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ဦးစီးအရာရှိ ဒေါ်နန်းမေသက်နိုင်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ အခန်း(၁၈)၊ ပုဒ်မ(၄၁)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များ၊ တားမြစ်ချက်များ၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်မှုများအကြောင်း၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း စသည်တို့ကို ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ရေသန့်ထုတ်လုပ်ဖြန့်ဖြူး/သယ်ယူပို့ဆောင်/ထားသို သိမ်းဆည်းမှု နှင့်ပတ်သက်၍ မေးမြန်းခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ကြေညာထားချက်များနှင့် ပတ်သက်၍ မေးမြန်းခြင်း၊ ကုန်စည်ထုတ်လုပ်မှုအပေါ် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်ရှိမှုနှင့်ပတ်သက်၍ မေးမြန်းခြင်းများကို ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

**လဲ့လဲ့ဌေး (ထုတ်/လုံ)ရန်ကုန်**

# လှိုင်ကော်မြို့ သီရိမင်္ဂလာဈေး၌ ဈေးကွက်စောင့်ကြည့်စစ်ဆေး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနက ဦးစီးအရာရှိ ဒေါ်ချိုယုလွင် ခေါင်းဆောင်သောအဖွဲ့သည် စက်တင်ဘာ ၁၉ ရက်တွင် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်းရှိကလေးကစားစရာပစ္စည်းအရောင်းဆိုင်များနှင့် အလှကုန်ပစ္စည်းအရောင်းဆိုင်များ၌ ဈေးကွက်စောင့်ကြည့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် ကလေးကစားစရာပစ္စည်းများနှင့် အလှကုန်ပစ္စည်းဖြန့်ဖြူး ရောင်းချနေသည့် လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၉ စားသုံးသူကာကွယ်ရေး ဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များဖြစ်သော ကုန်စည်( သို့ )ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ လုံခြုံစိတ်ချရမှုရှိစေခြင်းနှင့် ယင်းတို့အပေါ် စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေးများ၊ ဥပဒေ၏ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ(၄၃)အရ ပုဒ်မ(၄၁)၊ ပုဒ်မခွဲ(ခ)နှင့် (ဆ)တို့ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ မဖြစ်မနေ ရေးသားဖော်ပြရမည်ဖြစ်ပြီး ဥပဒေထုတ်ပြန်သည့်နေ့မှ တစ်နှစ်ပြည့်မြောက်ပြီးနေ့ရက်မှစ၍ အာဏာတည်စေမည်ဖြစ်ကြောင်း ရှင်းလင်း အသိပေးဆောင်ရွက်ခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက တားမြစ်ထားသော အလှကုန်ပစ္စည်းများ ရောင်းချနေမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေး ဆောင်ရွက်ခဲ့သည်။

**ကျော်မိုး (ကယား)**

# စိန်ဂ္ဂျန်း (City Mall) တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပခြင်း

စားသုံးသူရေးရာ ဦးစီးဌာန အနောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် လမ်းမတော်မြို့နယ်ရှိCity Mallစိန်ဂ္ဂျန်းတွင် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ နှင့် စားသုံးသူကာကွယ်ပေးရေး သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြော ဆွေးနွေးပွဲတွင် ဒုတိယခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းဝင်းက ဌာနအကြောင်း မိတ်ဆက်ခြင်း၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် စားသုံးသူအခွင့်အရေးများနေ့ ကျင်းပဆောင်ရွက်မှုများကို ဆွေးနွေးပြီး၊ ဒုတိယဦးစီးမှူး ဦးကျော်ခိုင်က စားသုံးသူကာကွယ်ရေးဥပဒေပါ အကြောင်းအရာများ အထူးသဖြင့် အခန်း (၁၈) တွင်ပါဝင်သော ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း ပြဋ္ဌာန်းချက်များသည် ၎င်းဥပဒေထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့မှ စတင်ကာ အာဏာတည်စေမည့်အကြောင်း ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ လက်ထောက်ကြီးကြပ်ရေးမှူး ဦးတင့်ဝေက မိမိတို့ဌာနသည် အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဟောပြောဆွေးနွေးပြီး၊ အကြီးတန်းစာရေး ဦးသိန်းထွန်းက တိုင်ကြားစာနှင့် ပတ်သက်၍ တိုင်ကြားနိုင်သော နည်းလမ်းများ ဖြေရှင်းဆောင်ရွက်မှု အခြေအနေများ၊ စားသုံးသူတို့၏ အခွင့်အရေး အပြည့်အဝရရှိရန် စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်ပေးမှုများနှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။ ဟောပြောပွဲသို့City Mallစိန်ဂ္ဂျန်း စီမံခန့်ခွဲမှုရုံးမှ တာဝန်ရှိသူများ၊ Center ရှိ အရောင်းဆိုင်များမှ ဆိုင်တာဝန်ခံများ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**West DOCA Yangon**

# မြောက်ဥက္ကလာပစက်မှုဇုန်၌ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဟောပြောဆွေးနွေး



ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးဆောင်သောအဖွဲ့သည် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် မြောက်ဥက္ကလာပစက်မှုဇုန်၌ စက်တင်ဘာ ၁၃ ရက်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးခြင်းနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များအား ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်နွယ်ဇင်ဝင်း(ဦးစီးအရာရှိ) က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်လိုက်သော ဥပဒေ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ ၎င်းဥပဒေပါကော်မရှင်ဖွဲ့စည်းခြင်း၊ ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ စားသုံးသူရေးရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်၏တာဝန်များ၊ ကုန်စည်နှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်းဆိုင်ရာ အချက်များ၊ ၎င်းတို့၏အပေါ် စားသုံးသူအနေဖြင့် တောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ ကုန်စည်အပေါ် လုံခြုံစိတ်ချရမှုရှိစေရေးနှင့် တာဝန်ရှိမှုတို့နှင့် စားသုံးသူတို့၏ တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ စီစစ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်းဆိုင်ရာ ဥပဒေပါအချက်အလက်များ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်နိုင်ခြင်း စသောဥပဒေပါ အချက်အလက်များအား ရှင်းလင်း ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဦးစိုးတင့်က ၎င်းဥပဒေ၏ အခန်း (၁၈)ပါ ပြဋ္ဌာန်းချက်များသည် ၎င်းဥပဒေကိုထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်မှ စတင်အာဏာတည်စေမည်ဖြစ်ပြီး၊ မည်သည့်စီးပွားရေး လုပ်ငန်းရှင်မဆို အခန်း (၁၈) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) နှင့် (ဆ) တို့ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခုတွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဟု ပြဋ္ဌာန်းချက်များနှင့် ဥပဒေပါအချက်အလက်များအပေါ် မရှင်းမလင်းသည့် အကြောင်းအရာတို့အား လုပ်ငန်းရှင်များ၏မေးမြန်း ဆွေးနွေးမှုများကို ပြန်လည်ဖြေရှင်း ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။

**တင်မင်း(ရန်ကုန်)**

# ချမ်းအေးသာစံမြို့နယ် ရတနာပုံဈေးအတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ချမ်းအေးသာစံမြို့နယ် ရတနာပုံဈေး ရုံးခန်းတွင် စက်တင်ဘာ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ဈေးသူ၊ ဈေးသားများအား စားသုံးသူ ကာကွယ်ပေးရေးဆိုင်ရာအသိ ပညာပေး ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန သတင်းအချက်အလက်ဌာနခွဲ ဦးစီးအရာရှိက အဖွင့်အမှာစကားပြောကြားပြီး၊ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးစီးမှူး ဦးတင်ချစ်ကောင်းက ၂၀၁၉ ခုနှစ်မတ် ၁၅ ရက်တွင် ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ် (၉)အရ အတည်ပြု ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေပါ အချက်အလက်များအရ ရတနာပုံဈေးဆိုင်ခန်းပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူများအား သိရှိလိုက်နာ ဆောင်ရွက်ရန် အချက်များ၊ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ် အသားဖော်ပြခြင်း ပြဋ္ဌာန်းချက်များသည် ဤဥပဒေကိုထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်မှ စတင်ကာ အာဏာတည်စေမည့် အကြောင်း၊ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်အတွက် စားသုံးသူအခွင့်အရေးများနှင့် စားသုံးသူများ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်း မပြုမီ သတိပြုဆောင်ရွက်ရမည့်အချက်များ၊ စား သုံးသူ၏တာဝန်၊ လုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်စည်နှင့် စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေးများစသည်တို့ကိုလည်းကောင်း၊ စိုက်ပျိုးရေး ဦးစီးဌာန လ/ထဦးစီးမှူး ဒေါ်မြသရဖိက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်းကောင်း ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။

ဈေးသူ၊ ဈေးသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီးနောက်၊ ဈေးအတွင်း ကွင်းဆင်းကာ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်သည်။ **တင်ဇာမျိုး**

# ထားဝယ်မြို့မြို့မစည်ပင်သာယာဈေးနှင့် မင်္ဂလာဈေးတို့ရှိ အစားအသောက်နှင့် အလှကုန်ဆိုင်များအား ကွင်းဆင်းစစ်ဆေး



တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စက်တင်ဘာ ၁၂ ရက်တွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ထားဝယ်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့် ပူးပေါင်း၍ ထားဝယ်မြို့ မြို့မ စည်ပင်သာယာဈေးနှင့် မင်္ဂလာဈေးရှိ ဈေးဆိုင်များတွင် အများပြည်သူ စားသုံး/ရန်မသင့်သော အစားအသောက်များနှင့် အလှကုန်များ ရောင်းချနေမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့မစည်ပင်သာယာဈေးမှ ကုန်စုံဆိုင် တစ်ဆိုင်နှင့် မင်္ဂလာဈေးရှိ အလှကုန်ပစ္စည်းဆိုင် တစ်ဆိုင်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံး/ရန်မသင့် ကြော်ငြာထားသော အစားအသောက်နှင့် အလှကုန်ပစ္စည်းများ တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ပြီး နောက်နောင် ရောင်းချခြင်းမပြုရန်ခံ ဝန်ကတိ လက်မှတ်ရေးထိုးစေခဲ့သည်။

ထို့နောက် မြို့မစည်ပင်သာယာဈေးအတွင်းရှိ ဈေးဆိုင်များမှ သံသယရှိ အစားအသောက်များအား နမူနာများဝယ်ယူ၍ Mobile Lab Van တွင်ပါရှိသော Rapid Test Kit များဖြင့် အစားအသောက် နမူနာများအား ဓာတ်ခွဲစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **ရွှေဝယ်သား**

# ယင်းမာပင်မြို့နယ်ရှိ ကုန်မျိုးစုံဆိုင်များအား ရှောင်တခင်စစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒု-ခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့၊ မြို့နယ်တာဝန်ခံ ဦးမင်းခန့်နှင့် ဝန်ထမ်းများသည် မြို့နယ်ထွေ/အုပ်၊ စည်ပင်၊ ရဲတပ်ဖွဲ့၊ ကျန်းမာရေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စားသုံးသူရေးရာအသင်းအဖွဲ့များ ပူးပေါင်း ပြီး စက်တင်ဘာ ၁၇ ရက်တွင် ယင်းမာပင်ခရိုင် ကနီမြို့နယ် မြို့မစည်ပင်ဈေးအတွင်း ကုန်မျိုးစုံဆိုင်၊ ကုန်စိမ်းဆိုင်များအား ရောင်းချ နည်းစနစ် မှန်ကန်စေရန် ရောင်းချနေသော ဈေးသူ၊ ဈေးသားများအား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက် သိရှိရမည့်တာဝန်များကို စားသုံးသူကာကွယ်ပေးရေးဥပဒေ အခန်း (၁၀)မှ (က)(ခ)(ည)တို့အား သိရှိစေရန် ရှင်းလင်း ပြောကြားပြီး အခန်း(၁၈)ပါ (ခ)(ဆ)အချက်များအား သိရှိစေရန် ကွင်းဆင်းပညာပေးဆောင်ရွက်ပြီး ကနီမြို့နယ် ငါးဖျက်ကျေးရွာ၊ အလယ်တန်းကျောင်းတွင် စားသုံးသူကာကွယ်ပေးရေး အသိပညာဟောပြောပွဲကျင်းပသည်။

ထို့နောက် စက်တင်ဘာ ၁၈ ရက်တွင် ယင်းမာပင်ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသက်နိုင်နှင့် ဝန်ထမ်းများ ဦးဆောင်၍ အငြင်းပွားအဖွဲ့ဝင်များ သက်ဆိုင်ရာ မိတ်ဖက်ဌာနများ ပူးပေါင်း၍ ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာ ကုန်မျိုးစုံဆိုင်များအား ရောင်းချမှုမှန်ကန်မှုရှိစေရန် ဈေးကွက်အတွင်း အရည်အသွေးမီ စံချိန်မီ ကုန်ပစ္စည်းဝန်ဆောင်မှုများ ရောင်းချရာတွင် မှန်မှန်ကန်ကန် ရောင်းချရမှုပြုနိုင်စေရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ (FDA) က စားသုံးရန်မသင့် ကြော်ငြာထားသည်များ၊ သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိ ရှောင်တခင် ကွင်းဆင်း စစ်ဆေး ပညာပေးဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ယင်းမာပင်မြို့နယ်၊ တမာပင်ဂွကျေးရွာ မူလတန်းကျောင်းတွင် ယင်းမာပင်မြို့နယ်တာဝန်ခံ ဒေါ်သီတာခိုင်နှင့် ဒေါ်မိုးမိုးမြင့်တို့က စားသုံးသူကာကွယ်ပေးရေး အသိပညာ ဟောပြောပွဲများ ကျင်းပဆောင်ရွက်ပြီး ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခိုင်မို့မို့ (မြင်းမူ)**

# အင်ဒိုင်းကြီးကျေးရွာ အထက၌ အသိပညာပေးဟောပြော

အင်ဒိုင်းကြီး ကျေးရွာအုပ်စု အထကကျောင်း၌ စက်တင်ဘာ ၁၈ ရက်တွင် ကျောင်းကော်မတီများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဆရာ၊ ဆရာမ ၃၉ ဦးနှင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၄၆၀ ဦးတို့အား အသိပညာပေး ဟောပြောခဲ့သည်။

ရှေ့ဦးစွာ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်ငြိမ်းငြိမ်းအိက အလှကုန်နှင့် ဆေးဝါးများအကြောင်း သိကောင်းစရာများ၊ ဒု-ကြီးကြပ်ရေးမှူး ဒေါ်ခင်ရတနာကျော်က အစားအသောက်နှင့် အရောင်ဆိုးဆေးများ အကြောင်း သိကောင်းစရာများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းထိုက်အောင်က စာဖတ်ရှိန်မြင့်မားရေးနှင့် စာဖတ်ခြင်းမှရရှိသည့် အကျိုးကျေးဇူးများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန အကြီးတန်းစာရေး ဒေါ်သိမ့်သိမ့်ထွန်းက ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ၂၀၁၉ ဥပဒေပါ ပြဋ္ဌာန်းချက်များအား ပညာပေး ဟောပြောခဲ့ကြသည်။

အင်ဒိုင်းကြီး ကျေးရွာအုပ်စု အထကကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့သွင်က ဌာနဆိုင်ရာများ ပူးပေါင်း၍ ယခုလိုလာရောက် ပညာပေး ဟောပြောပွဲပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာပြီး၊ ဆောင်ရန်၊ ရှောင်ရန်များသိရှိလာခြင်း၊ စားသုံးရန် သင့်၊ မသင့် အစားအစာများအား ခွဲခြား သိရှိလာပြီး၊ စားသုံးသူများအနေဖြင့် မိမိတို့၏ ရရှိသင့် ရရှိထိုက်သည့် အခွင့်အရေးများ တောင်းဆိုနိုင်ခွင့်ရှိသည်ကို သိရှိလာကြောင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့သွင်က နိဂုံးချုပ် ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

**သိမ့်သိမ့် (ကလေး)**

# ဝမ်နားခမ်း ပညာရေးလေ့ကျင့်ရေးအလယ်တန်းကျောင်းတွင် စားသုံးသူကာကွယ်ဆိုင်ရာ အသိပညာပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောအုပ်စုရှိဝမ်နားခမ်းပညာရေး လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ စက်တင်ဘာ ၁၈ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး ကျိုင်းတုံမှ ဝန်ထမ်းများက စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းဆောင်ရွက်ခဲ့ရာဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများစုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် ဒုတိယဦးစီးမှူး ဦးအောင်လင်းဦးက စားသုံးသူကာကွယ်ရေးဥပဒေဖြစ်ပေါ်လာပုံနှင့် ဥပဒေပါအချက်များ၊ စားသုံးသူ အခွင့်အရေးများ၊ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ စားသုံးသူများက တောင်းဆိုနိုင်သည့် အခွင့်ရေးများ ရှင်းလင်းခြင်း၊ စာရင်းကိုင်-(၃) ဦးပြည့်စုံက ဓာတုဆိုးဆေးများ၏ အန္တရာယ်များ၊ ရောနှော စားသုံးဆီများ၏ ဆိုးကျိုးများ၊ ဟင်းချိုမှုန့်၏ ဆိုးကျိုးများ၊ ဖော်မလင် ယင်မနားဆေးများ၏ အန္တရာယ်များရှင်းလင်းခြင်း၊ ဒုကြီးကြပ်ရေးမှူး ဦးသန်းထွန်းအောင်က ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်များ၊ သက်တမ်းလွန် စားသောက်ကုန်များ၏ အန္တရာယ်များအား အသေးစိတ်ရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဟောပြောပွဲတက်ရောက်သူများက သိရှိလိုသည့် အချက်များကိုပြန်လည်ဖြေကြားကာ ထပ်မံသိရှိလိုသည့်အချက်များ ရှိပါက စားသုံးသူရေးရာဦးစီးဌာနကျိုင်းတုံရုံးသို့ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မေးမြန်းနိုင်ကြောင်း ရှင်းလင်းဟောပြောခဲ့သည်။

**ရန်နောင် (ကျိုင်းတုံ)**

# မအူပင်မြို့နယ်အတွင်း ကောက်စောစပါးများ စတင်ရိတ်သိမ်းခြွေလှေ့ ရောင်းချလျက်ရှိ

မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများဖြစ်သော ကျုံစုတ်၊ ကနုနှင့် ကညင်ဝကျေးရွာအုပ်စုများတွင် ဆင်းသွယ်လတ်စပါးများ ပေါ်ဦးပေါ် ဖျား ထွက်ရှိလျက်ရှိကြောင်း မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒုခရိုင်ဦးစီးမှူးဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများကွင်းဆင်းလေ့လာချက်အရ သိရှိရသည်။

ထိုသို့ထွက်ရှိသော ကောက်စောစပါးများသည် မအူပင်မြို့နယ်အတွင်း စပါးလက်ကျန်များနေခြင်း၊ ဆန်စျေးကွက်ဝယ်လိုအားနည်းနေခြင်းနှင့် ရန်ကုန်သို့တင်ပို့မှုနည်းနေခြင်းတို့ကြောင့် ညောင်တုန်းမှ ဆန်စပါးကုန်သည်များ၏ ရိတ်သိမ်းခြွေလှေ့ကျ ဆင်းသွယ်လတ်စပါးတင်း ၁၀၀ လျှင် ကျပ် ၃၂၀၀၀၀ ဖြင့် ရောင်းချရကြောင်း၊ တောင်သူဦးကျော်စိုးအောင်၏ ပြောပြချက်အရ သိရှိရသည်။

ယခုနှစ်တွင် ကောက်စောစပါးဆင်းသွယ်လတ်သည် တစ်ဧကအထွက်နှုန်းတင်း ၅၀ ကျော်ခန့် ထွက်ရှိသဖြင့် တစ်ဧကကုန်ကျစရိတ်နှင့် နှိုင်းယှဉ်လျှင် တွက်ခြေကိုက်မှုအားနည်းလျက်ရှိကြောင်း တောင်သူဦးကျော်စိုးအောင်၏ ထပ်မံ တင်ပြချက်အရ သိရှိရသည်။

**CONSUMER - MT**



# ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး စျေးကွက်စောင့်ကြည့်စစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပါလျှံ(၃)စျေးအတွင်းရှိ စတိုးဆိုင် ကုန်စုံဆိုင် အသား/ငါးအရောင်းဆိုင်များအား စက်တင်ဘာ ၁၈ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း ပါဝင်သောအဖွဲ့ဖြင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် စျေးကွက်နမူနာကောက်ယူခြင်း ဆောင်ရွက်ခဲ့သည်။

စျေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန တာချီလိတ်မြို့နယ်တာဝန်ခံရုံးမှ စစ်ဆေးရေးမှူးဦးမြင့်နောင်က စားသုံးသူပြည်သူများအား ဘေးအန္တရာယ်ဖြစ်စေနိုင်သည်ဟု ထင်မြင်ယူဆရသော ကုန်စည်များ ရောင်းချမှု ရှိ/မရှိနှင့် ကုန်စည်များဝယ်ယူရောင်းချရာတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ရရှိထားသော ကုန်စည်များအား ရွေးချယ်ဝယ်ယူရောင်းချရန်၊ သက်တမ်းလွန် ကုန်စည်များဝယ်ယူရောင်းချခြင်းမပြုရန် အသိပေးဆွေးနွေးခဲ့သည်။ တာချီလိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ရှိသူများက စျေးကွက်နမူနာကောက်ယူခြင်းနှင့် စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် ကြက်သွန်ဖြူအချဉ်ရည်၊ မုန်ညင်းချဉ်၊ ကြက်သွေးခဲ၊ ပုစွန်တို့တွင် ဖော်မလင်နှင့် တားမြစ်ဆိုးဆေးများ ပါဝင်မှုရှိ၊ မရှိစစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံထုတ် ကြက်သွန်ဖြူအချဉ်ရည်တွင် ဖော်မလင်တွေ့ရှိခြင်း သက်တမ်းလွန်ထိုင်းနိုင်ငံထုတ် ခေါက်ဆွဲခြောက်ထုပ် ၃၀၊ Lilly အမှတ် တံဆိပ်ဟင်းခတ်မှုန့်ခြောက်ထုပ် တွေ့ရှိသဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဥပဒေဖြင့် သိမ်းဆည်းကာ အများပြည်သူများရှေ့မှောက်တွင် ဖျက်ဆီးခဲ့သည်။ ဆက်လက်၍ သက်ဆိုင်ရာဌာနများကလည်း မိမိတို့ဌာနနှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မိုးထက်နိုင်(ကျိုင်းတုံ)**

# ပြည်မြို့နယ်အတွင်း ရောင်းချလျက်ရှိသော စားသောက်ဆိုင်များ ဘေးအန္တရာယ်ကင်းရှင်းရေး စားသောက်ဆိုင်လုပ်ငန်းရှင်များအား သင်တန်းပို့ချ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၌ စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ပြည်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များနှင့် လမ်းဘေးဆိုင်များတွင် ရောင်းချနေသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စားသောက်ဆိုင်ပိုင်ရှင်များ၊ ထမင်းဆိုင်ပိုင်ရှင်များနှင့် လက်ဖက်ရည်ဆိုင်ပိုင်ရှင်တို့အား ဖိတ်ကြား၍ မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကာ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစွာ စားသောက်နိုင်ရေး သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီး ဌာနမှူး ဒေါက်တာမြတ်မိုးကြည်က အဖွင့်အမှာစကားပြောကြားပြီး တိုင်း FDA ဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာမျိုးကိုကိုကျော်က WHO Five Keys Principle နှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပို့ချခဲ့သည်။ ဆက်လက်၍ ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းက စားသုံးသူ ကာကွယ်ရေး ဥပဒေပါ စားသုံးသူအခွင့်အရေး ရှစ်ချက်၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် လုပ်ငန်းတာဝန်များနှင့် တားမြစ်ချက်များ၊ ၂၀၂၀ ပြည့်နှစ် မတ် ၁၅ ရက်တွင် စတင်အာဏာတည်မည့် ဥပဒေပါ အခန်း (၁၈) ကုန်ညွှန်းအမှတ်အသားဖော်ပြချက်များ၊ CICC (စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ)၏ ဆောင်ရွက်နေသည့်လုပ်ငန်းများအကြောင်း၊ ဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း အသေးစိတ်ရှင်းလင်း ပို့ချခဲ့သည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကေခိုင်ဝင်းက 'အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မကူးစက်နိုင်သော ရောဂါများအကြောင်း' ဟူသောခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ဆန်းဝင်းက 'အန္တရာယ်ကင်းသော ကျန်းမာရေးနှင့် ညီညွတ်သည့် စိုက်ပျိုးသီးနှံများ ဓာတုကင်းလွတ်သီးနှံများ စိုက်ပျိုးထုတ်လုပ်သုံးစွဲရေးနည်းပညာအကြောင်း' ဟူသောခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာ ကောင်းမြတ်ထွန်းက 'အစားအစာ ဘေးကင်းလုံခြုံမှု ရှိစေရေး" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းဌေးက'စားသောက်ဆိုင်လိုင်စင်အကြောင်း သိကောင်းစရာများ' ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသော စားသောက်ဆိုင်လုပ်ငန်းရှင်များအား သင်တန်းပြီးမြောက်ကြောင်း Certificate များလည်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ဝင်းလဲ့ဝါ (ပြည်)**

# ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဇာသပြင်ကျေးရွာရှိ စျေးများနှင့် ဆိုင်များကို ကွင်းဆင်းစစ်ဆေး

ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများသည် FDA၊ စည်ပင်၊ ကျန်းမာရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ စက်တင်ဘာ ၁၂ ရက်တွင် ဘားအံမြို့နယ်၊ ဇာသပြင်ကျေးရွာအုပ်စုအတွင်းရှိ ဇာသပြင်စျေးနှင့် လက်လီ၊ လက်ကားဆိုင်များကို ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးသည့်အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ Mobile Lab နှင့်အတူ စျေးကွက်အတွင်းရှိစျေးများ၊ စားသောက်ကုန်ရောင်းချသည့်ရပ်ကွက်အတွင်းရှိ ဆိုင်များကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ကွင်းဆင်းစစ်ဆေးခြင်းမပြုလုပ်မီစျေးရောင်းချသည့် စျေးသူ/စျေးသားများကို အသိပညာပေးခြင်းဆောင်ရွက်ပြီး စျေးအတွင်းကွင်းဆင်း၍ စားသုံးရန်မသင့်ဟု သံသယရှိသော စားသောက်ကုန်များကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် နမူနာပစ္စည်း ၂၅ မျိုးဝယ်ယူခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များကို အကြောင်းပြန်ကြားနိုင်ရန် နမူနာကောက်ယူခဲ့သည့် ဆိုင်ရှင် ၁၇ ဦးထံမှ ဆက်သွယ်ရမည့်လိပ်စာများရယူခြင်း၊ သက်တမ်းလွန်အစားအသောက်များကို သိမ်းဆည်းဖျက်ဆီးခြင်းနှင့် သက်တမ်းလွန်ပစ္စည်းများ ရောင်းချသောဆိုင်ရှင် ခုနစ်ဦးကို နောင်မရောင်းချရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြ င်းတို့ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် စျေးကွက်အတွင်းမှ နမူနာ ဝယ်ယူခဲ့သော စားသောက်ကုန်များကို စမ်းသပ်စစ်ဆေးပြီးပါက တွေ့ရှိချက်များကို ပြန်ကြားပေးခြင်း၊ စားသုံးရန်မသင့်သော အစားအသောက်များ တွေ့ရှိပါက ရောင်းချသည့်ဆိုင်ရှင်များကို ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြင်းနှင့် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ဆုဝေ(ကရင်ပြည်နယ်)**

# ထောက်ရစ်ကျေးရွာတွင် စားသုံးသူအသိပညာပေး ဟောပြော

စားသုံးသူရေးရာဦးစီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံး၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၁၂ ရက်တွင် တံတားဦးမြို့နယ် ထောက်ရစ်ကျေးရွာရှိ(ဓမ္မာရုံ) ၌ ကျေးရွာသူ၊ ကျေးရွာသားများအား စားသုံးသူအကာအကွယ်ပေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန စားသုံးသူရေးရာဦးစီးဌာန စားသုံးသူရေးရာတာဝန်ခံ ဦးဇော်မင်းလတ်က ပြောကြားရာတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၏ ရည်ရွယ်ချက်စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးများ၊ တာဝန်များ၊ တားမြစ်ချက်များ ဝန်ဆောင်မှုအမျိုးမျိုး၊ စားသုံးရန်မသင့်သည့် အစားအသောက်များ၊ ကျောက်ဆည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနခရိုင်ရုံး၌ ဖွင့်လှစ်ထားသည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးခန်းဖွင့်လှစ်ထားရှိမှု၊ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများအား အသေးစိတ်ရှင်းလင်း ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါများအကြောင်းနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများအား ဆွေးနွေးဟောပြောခဲ့သည်။ ဟောပြောဆွေးနွေးပွဲတွင် ကျေးရွာသူ/ကျေးရွာသား စုစုပေါင်းအင်အား ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နှင်းလဲ့လဲ့ (ကျောက်ဆည်)**




# ဟယ်ရီကိန်းအနေဖြင့် စပါးအသင်းမှ ထွက်ခွာသင့်ဟု ဖာဒီနန် တိုက်တွန်း

မန်ယူအသင်း၏ နောက်ခံကစားသမား ဟောင်း ဖာဒီနန်က စပါးအသင်းမှ တိုက်စစ်မှူး ဟယ်ရီကိန်းအနေဖြင့် ယခုထက် အောင်မြင် မှုများ ရရှိလိုပါက စပါးအသင်းကို စွန့်ခွာရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုက် သည်။

'ဟယ်ရီကိန်းဟာ ကမ္ဘာ့အကောင်း ဆုံး တိုက်စစ်မှူးတွေထဲက တစ်ယောက် ပါ။ သူဟာ အင်္ဂလန်လက်ရွေးစင်အသင်း မှာသာမကဘဲ စပါးအသင်းမှာလည်း အဓိက တိုက်စစ်မှူးအဖြစ် ရှိနေပါတယ်။ သူ့အနေနဲ့ လက်ရှိအနေအထားထက် ပိုပြီး အောင်မြင်မှုတွေကို ရချင်ရင်တော့ ဥရောပထိပ် တန်းအသင်းကြီး တစ်သင်းသင်းကို ပြောင်းရွှေ့ကစားဖို့ လိုအပ်ပါတယ်။ ဒီအချိန်မှာ စိန်ခေါ်မှုတွေ၊ စွန့်စားမှုတွေကို မဖြစ်မနေ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ သူဟာ ကမ္ဘာ့အကောင်းဆုံးဆုတွေကို မှန်းလို့ရနိုင်မှာပါ။ ဒီလိုမှမဟုတ်ဘဲ စပါးအသင်းမှာသာ အချိန်ကုန်နေ မယ်ဆိုရင် ဟယ်ရီကိန်းအနေနဲ့ ဒီထက်ပိုပြီးတော့ အောင်မြင်လာဖို့တော့ မရှိပါဘူး'ဟု ဖာဒီနန်က ပြောဆိုလိုက်ခြင်းဖြစ်သည်။ အသက်(၂၆)နှစ်ရှိ ဟယ်ရီကိန်း သည် စပါးအသင်းတွင် ထိပ်တန်းဂိုးသွင်းရှင် တိုက်စစ်မှူး တစ်ဦး ဖြစ်သည်။ သို့သော် စပါးအသင်းမှ ထွက်ခွာမှုမရှိဘဲ ဆက်နေ မည်ဆိုပါက ဥရောပဘောလုံးလောကတွင် အောင်မြင်မှု ရရှိနိုင် မည်မဟုတ်ကြောင်း ဖာဒီနန်က ထောက်ပြပြောဆိုခဲ့ခြင်းဖြစ် သည်။

ဆက်လက်ပြီး ဖာဒီနန်က 'ဟယ်ရီကိန်းအနေနဲ့ ဘာစီ လိုနာ၊ ရီးရဲလ်မက်ဒရစ်တို့လို အသင်းတွေနဲ့ ပူးပေါင်းသင့်ပါ တယ်။ ဥရောပဘောလုံးလောကမှာ အောင်မြင်ဖို့အတွက် ဒီလို အသင်းတွေကို အခြေခံဖို့လိုအပ်တယ်ဆိုတာကို ဟယ်ရီကိန်း အနေနဲ့ သိထားသင့်ပါတယ်။ သူ့လို အရည်အချင်းရှိတဲ့ တိုက် စစ်မှူးမျိုးကို ထိပ်တန်းအသင်းကြီးတွေက အမြဲတမ်း လက် ကမ်းကြိုနေမှာပါ' ဟု ထပ်မံပြောဆိုခဲ့သည်။

စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် စပါးလူငယ် အသင်းတွင် ကျင်လည်ခဲ့ဖူးသလို ၂၀၀၉ ခုနှစ်ကပင် စပါး အသင်းကြီး၌ ပါဝင်ကစားခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် ကြား ကာလများတွင် လေတန်အောရင့်၊ မီလ်ဝေါ၊ နော်ဝှစ်ချ်နှင့် လက် စတာအသင်းများတွင် အငှားဖြင့် သွားရောက်ကစားဖူးသူဖြစ် သည်။ ၎င်းသည် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှစပြီး စပါး အသင်းတွင် ထိပ်တန်းဂိုးသွင်းရှင်တစ်ဦး ဖြစ်လာခဲ့သည်။



# ဘာစီလိုနာနှင့် ရီးရဲလ်တို့ ဗန်ဒက်ကို ခေါ်ယူရန် စိတ်ဝင်စားနေ

စပိန်လာလီဂါ ထိပ်တန်းအသင်းများဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း တို့သည် လီဗာပူးအသင်းမှ နယ်သာလန် နောက်ခံ ကစားသမား ဗန်ဒက်ကို ခေါ်ယူရန် စိတ်ဝင်စားနေ ကြောင်း သိရသည်။


ဗန်ဒက်သည် လီဗာပူးအသင်းနှင့် ၂၀၂၃ခုနှစ် အထိ စာချုပ်ရှိနေသည်။ သို့သော် လာမည့်ရာသီတွင် ၎င်းကစားသမားကို ခေါ်ယူနိုင်ရေးအတွက် ဘာစီ လိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ အပြိုင် ကြိုးပမ်းလာဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဗန်ဒက်က 'ကျွန်တော် လီဗာပူးအသင်းနဲ့ စာချုပ်သစ် ချုပ်ဆိုထားပါတယ်။ စာချုပ်သစ်အရ ဆိုရင် ကျွန်တော်ဟာ လီဗာပူးအသင်းမှာ ၂၀၂၃ ခုနှစ်အထိ ရှိနေမှာပါ။ ကျွန်တော့်ဘဝရဲ့ အောင် မြင်မှုက လီဗာပူးအသင်းနဲ့ စခဲ့တာဖြစ်လို့ လီဗာပူး အသင်းကို စွန့်ခွာဖို့တော့ မရှိပါဘူး။ ကျွန်တော့်ကို လီဗာပူးအသင်းက လက်ခံနေသမျှ ကျွန်တော် လီဗာပူးအသင်းမှာပဲ ရှိနေမှာပါ။ ဘာစီလိုနာနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတွေရဲ့ အောင်မြင်မှုကို ကျွန်တော် အားကျပါတယ်။ ဒါပေမဲ့ လောလော ဆယ် ကျွန်တော် အသင်းပြောင်းဖို့ အစီအစဉ်မရှိ သေးပါဘူး'ဟု Sky Sports နှင့် အင်တာဗျူး တစ်ခုတွင် ဖြေကြားခဲ့သည်။

ထို့ပြင် ဗန်ဒက်က မိမိအနေဖြင့် လက် ရှိလီဗာပူးအသင်းတွင် ကစားနေရသည်မှာ လူမှန်နေရာမှန် ဖြစ်သည်ဟု ထင်ကြောင်း၊ စိန်ခေါ်မှု၊ စွန့်စားမှုများကို ကြိုက်နှစ် သက်သော်လည်း လီဗာပူးအတွက်သစ္စာ ရှိသည့် ကစားသမားတစ်ဦး ဖြစ်လို ကြောင်းနှင့် လောလောဆယ်တွင် လီဗာပူးအသင်းနှင့်အတူ ဆုဖလားများ ကို ရယူသွားရန်သာ အာရုံစိုက်ထား ကြောင်း ထပ်မံပြောဆိုခဲ့သည်။

ဟန်နေသစ် စုစည်းသည်

# အာဆင်နယ် ကွင်းလယ်ကစားသမား အိုဇေးလ် ဖရန့်ဖတ်သို့ ပြောင်းရွှေ့ဖွယ်ရှိ



အာဆင်နယ်အသင်း၏ ကွင်းလယ်ကစားသမား အိုဇေးလ် သည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလ သို့မဟုတ် လာမည့်ရာသီ တွင် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဖရန့်ဖတ်အသင်းသို့ ပြောင်း ရွှေ့ကစားဖွယ်ရှိနေကြောင်း အင်္ဂလန်မီဒီယာများတွင် ရေးသား ဖော်ပြနေကြသည်။

လတ်တလောကာလတွင် နည်းပြ အူနိုင်းအမ်မရီနှင့် ကွင်းလယ်ကစားသမား အိုဇေးလ်တို့အကြား ဆက်ဆံရေးမှာ အဆင်မပြေမှုများ ရှိနေကြောင်း သတင်းများတွင် ဖော်ပြထား သည်။ အိုဇေးလ်သည် ပရီးမီးယားလိဂ် ပွဲစဉ်(၅)အဖြစ် ဝက်ဖို့ဒ် အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် အာဆင်နယ်အသင်း၏ ပထမပွဲထွက်လူစာရင်းတွင် ပါဝင်ခွင့်ရရှိခဲ့ပြီး ခြေစွမ်းပြနိုင် ခဲ့သော်လည်း ပွဲချိန် ၇၁ မိနစ်အရောက်တွင် အသက်(၁၉)နှစ် သာရှိသေးသည့် လူငယ်ကစားသမား နယ်လ်ဆင်နှင့် လူစားလဲ ခြင်း ခံခဲ့ရသည်။

ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ပထမပိုင်း ပွဲချိန် ၂၁ မိနစ်နှင့် ၃၂ မိနစ်တို့တွင် တိုက်စစ်မှူး အူဘာမီယန်း၏ သွင်းဂိုးများဖြင့် ဝက်ဖို့ဒ်အသင်းကို ဦးဆောင်ထားနိုင်သော်လည်း ဒုတိယပိုင်း ပွဲချိန် ၅၃ မိနစ်နှင့် ၈၁ မိနစ်တို့တွင် နောက်ခံကစား သမားများ၏ အမှားများမှတစ်ဆင့် ဝက်ဖို့ဒ်အသင်း၏ သွင်းဂိုး များကို ပြန်လည်ခွင့်ပြုခဲ့ရခြင်းကြောင့် ပွဲအပြီးတွင် တစ်မှတ်စီသာ ခွဲယူခဲ့ရ သည်။ အဆိုပါပွဲစဉ်တွင် အိုဇေးလ်မှာ ပွဲ ကို ကြီးခိုင်မှုအပြည့်ဖြင့် ဆက်လက်ကစားနိုင် စွမ်းရှိနေသော်လည်း နည်းပြ အူနိုင်းအမ်မရီ၏ လူစားလဲမှုကို ခံခဲ့ရသည်။

ယင်းအခြေအနေများကို အိုဇေးလ် အနေဖြင့် ကျေနပ်မှုမရှိဘဲ အသင်းမှ ထွက်ခွာရန်အထိပင် စဉ်းစားလာခဲ့ ကြောင်း သိရသည်။ ဂျာမန်ဘွန် ဒက်စ်လီဂါ ကလပ်များဖြစ်သည့် ရှော်ကေးနှင့် ဝါဒါဘရီမင် အသင်း များတွင် ကစားခဲ့ဖူးသည့် အဆိုပါ ဂျာမန်သားသည် မွေးရပ်မြေဖြစ် သည့် ဂျာမနီသို့ ပြန်သွားပြီး ဖရန့် ဖတ်အသင်းတွင် ကစားရန် စိတ် ကူးနေသည်။ ဖရန့်ဖတ်အသင်း ကလည်း အိုဇေးလ်ကို ခေါ်ယူ ရန် အဆင်သင့်ရှိနေသည်။

# ချယ်လ်ဆီးက အိုဒွိုင်းကို ငါးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို



ချယ်လ်ဆီးအသင်းသည် ၎င်းတို့အသင်းမှ လူငယ်တိုက်စစ်မှူး အိုဒွိုင်းကို ငါးနှစ်သက်တမ်းတိုး စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ကြောင်းသိရသည်။ ချယ်လ်ဆီးအသင်းသည် အသက်(၁၈)နှစ်ရှိ အိုဒွိုင်းကို တစ်ပတ်လစာ ပေါင် ၁၈၀၀၀၀ ဖြင့် ၂၀၂၄ ခုနှစ်အထိ ရှိနေမည့် ငါးနှစ်စာချုပ်ကို ချုပ်ဆို လိုက်ခြင်းဖြစ်သည်။

စာချုပ်သစ် ချုပ်ဆိုနိုင်မှုနှင့်ပတ်သက်ပြီး အိုဒွိုင်းက 'အသင်းနဲ့ ငါးနှစ်သက်တမ်းတိုးနိုင်ခဲ့လို့ အရမ်းကို အံ့သြခဲ့ရပါတယ်။ ဒီအခွင့်အရေးကို ကျွန် တော် စောင့်နေတာကြာပါပြီ။ ခုတော့ ကျွန်တော် ချယ်လ်ဆီးအသင်းမှာ ဆက်နေခွင့်ရရှိခဲ့ပါပြီ။ ဒါဟာ သိပ်ကို ပျော်စရာကောင်းပါတယ်။ အသင်းမှာ ပုံမှန်ပွဲထွက်ခွင့်ရရှိဖို့အတွက် ကျွန်တော် အစွမ်းကုန်ကြိုးပမ်းသွားမှာပါ။ စိန်ခေါ်မှုတွေရှိနေပေမယ့် အဓိက တိုက်စစ်မှူးနေရာအတွက် ကျွန်တော် တိုက်ပွဲ ဝင်သွားမှာပါ'ဟု ပြောခဲ့သည်။

အိုဒွိုင်းသည် ချယ်လ်ဆီးအသင်း၏ ငယ်မွေးခြံပေါက် ကစားသမားတစ်ဦးဖြစ်ပြီး အင်္ဂလန်လက်ရွေးစင်အသင်းကြီးတွင်ပါ ထည့်သွင်းရွေးချယ် ခံထားရသူဖြစ်သည်။ ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက အိုဒွိုင်းကို ဘိုင်ယန်မြူးနစ်အသင်းကခေါ်ယူရန် ကမ်းလှမ်းမှု ပြုလုပ်ခဲ့ဖူး သည်။ သို့သော် ဘိုင်ယန်မြူးနစ်အသင်း၏ အဆိုပါကမ်းလှမ်းမှုကို ချယ်လ်ဆီးအသင်းက ပယ်ချခဲ့ခြင်းဖြစ်သည်။

# အစားအစာအာဟာရလိုအပ်ချက်၏ ၃၀ ရာခိုင်နှုန်းကို ပြည်တွင်းတွင် ထုတ်လုပ်သွားနိုင်ရန် စင်ကာပူရည်မှန်း

စင်ကာပူ၏ အစားအသောက်ဖူလုံရေးအတွက် စင်ကာပူစားသောက်ကုန်ဆိုင်ရာ ကြီးကြပ်မှုအေဂျင်စီ (Singapore Food Agency - SFA) သည် ၂၀၃၀ ပြည့်နှစ်ခန့်တွင် စင်ကာပူ၏ အစားအစာအာဟာရလိုအပ်ချက်၏ ၃၀ ရာခိုင်နှုန်းကို ပြည်တွင်းတွင် ထုတ်လုပ်သွားနိုင်ရေး ရည်မှန်းထားကြောင်း စင်ကာပူနိုင်ငံ ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး Masagos Zulkifli က ပြောကြားသည်။

စင်ကာပူသည် စားသောက်ကုန်များကို ၉၀ ရာခိုင်နှုန်းအထိ ပြည်ပမှ အဓိကမှီခိုတင်သွင်းနေရသောကြောင့် ပို့ကုန်တားမြစ်မှုနှင့် ရာသီဥတုပြောင်းလဲမှုများကဲ့သို့သော အခြေအနေများအပေါ် စဉ်းစားသုံးသပ်နေရကြောင်း၊ စင်ကာပူနိုင်ငံ၊ ကျန်းမာရေးမြှင့်တင်မှုအဖွဲ့ (Health Promotion Board) ၏ သတ်မှတ်ချက်အရ စင်ကာပူ၏ အစားအစာအာဟာရလိုအပ်ချက်တွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များက ၅၀ ရာခိုင်နှုန်း၊ ပရိုတင်းအစားအစာ က ၂၅ ရာခိုင်နှုန်းနှင့် အဓိကအစားအစာ က ၂၅ ရာခိုင်နှုန်းပါဝင်ကြောင်း၊ ယခု ရည်မှန်းချက်သည် အဆိုပါ အစားအစာအာဟာရလိုအပ်ချက် သတ်မှတ်ထားမှုအပေါ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ၂၀ ရာခိုင်နှုန်းနှင့် အသားနှင့် ငါးကဲ့သို့သော ပရိုတင်းဓာတ် ပါဝင်သည့် အစားအစာများကို ၁၀ ရာခိုင်နှုန်းအထိ ပြည်တွင်းတွင် ထုတ်လုပ်သွားနိုင်ရန် ဖြစ်ကြောင်း၊ လက်ရှိတွင် စင်ကာပူသည် အစားအစာ အာဟာရလိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းထက်နည်းသော ပမာဏကိုသာ ထုတ်လုပ်နိုင်သေးကြောင်း ပြောကြားသည်။

ဝန်ကြီးဌာနသည် ယင်းရည်မှန်းချက် အောင်မြင်နိုင်ရေးအတွက် နည်းပညာအသုံးပြု၍ စိုက်ပျိုးရန်၊ စိုက်ပျိုးထုတ်လုပ်နိုင်သည့်နေရာများအား ဖော်ထုတ်ပေးရန်၊ ဒေသခံတို့၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရန်နှင့် ပြည်တွင်းထုတ်ကုန်များကို အားပေးသုံးစွဲကြရန် စသည့်နည်းလမ်းလေးခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် SFA သည် စိုက်ပျိုးထုတ်လုပ်သူများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် နည်းပညာအကူအညီပေးခြင်းတို့အတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**Source : Channel News Asia**

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အရေးသစ်များ ထိုင်းအစိုးရခွင့်ပြု

အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲအကြား ၎င်းတို့၏ ထုတ်လုပ်မှုအခြေစိုက်လုပ်ငန်းများရွှေ့ပြောင်းလာကြမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အစိုးရအဖွဲ့က အခွင့်အရေးသစ်များကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါအစီအစဉ်တွင် အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ၊ နိုင်ငံတစ်ခုခြင်းအလိုက် အထူးရင်းနှီးမြှုပ်နှံဇုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေစေရန် နိုင်ငံခြားစီးပွားရေး အကြံဉပဒေအား အနာဂတ်တွင်ပြင်ဆင်ရေးတို့ပါဝင်သည်။

ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ၏ နိုင်ငံရေးရာဒုတိယအတွင်းရေးမှူးချုပ် Kobasak Pootrakool က အဆိုပါအစီအစဉ်တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့်နည်းပညာအသစ်များအတွက် အခွင့်အရေးပေးမည့် အစီအစဉ်များလည်း ပါဝင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့ Board of Investment (BOI) ၏ ဦးစားပေးအစီအစဉ်တွင် မပါရှိသော စီမံကိန်းများအတွက် အခွန်ဆိုင်ရာ အထူးအခွင့်အရေးပေးမည့် အစီအစဉ်များ ပါဝင်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်တွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ခေတ်ရှေ့ပြေး နေသောနည်းပညာများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံများ (သို့မဟုတ်) နည်းပညာအသစ်များကို သင်တန်းပေးခြင်းအတွက် ကုန်ကျစရိတ်များကို ကော်ပိုရိတ်ဝင်ငွေခွန်မှ ၂၀၀ ရာခိုင်နှုန်း မှ ၂၅၀ ရာခိုင်နှုန်းအထိ နုတ်ယူသက်သာခွင့်ကို ခံစားနိုင်ကြောင်း၊ ခေတ်ရှေ့ပြေးနေသော နည်းပညာများကို တတ်ကျွမ်းနားလည်သည့် မြင့်မားသော ကျွမ်းကျင်မှုအဆင့်ရှိ ပုဂ္ဂိုလ်များကို ခန့်ထား ဆောင်ရွက်ခြင်းအတွက် ကုန်ကျစရိတ်လစာများကို ၂၀၁၉-၂၀၂၀ ကာလအတွင်း ဝင်ငွေခွန်ဆောင်ထိုက်သော ဝင်ငွေမှ ယခုလက်ရှိသုည ရာခိုင်နှုန်းမှ ၁၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နုတ်ယူ သက်သာခွင့်ပြုမည်ဖြစ်သည်။

BOI အနေဖြင့် ခေတ်ပေါ် နည်းပညာကဏ္ဍတွင် လုပ်ကိုင်နေသော ကုမ္ပဏီပေါင်း ၅၀၀၀ ခန့်မှ ၎င်းတို့၏ လုပ်သား ၄၀၀၀၀ ခန့်အတွက် အဆိုပါ နုတ်ယူသက်သာခွင့်များ လျှောက်ထားတင်ပြကြလိမ့်မည်ဟု ခန့်မှန်းထားသည်။ စီးပွားရေးတိုးတက်မှုအနေဖြင့် ဘဏ္ဍာရေးဝန်ကြီး Uttama က ပြည်တွင်းစားသုံးသုံးစွဲမှုမြှင့်တင်နိုင်ရန် Value-Added-Tax (VAT) ခုနစ် ရာခိုင်နှုန်းအား ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိ ထပ်မံသက်တမ်းတိုးမြှင့်ခြင်းကို ယမန်နေ့တွင် အစိုးရအဖွဲ့က အတည်ပြုပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် အဆိုပါ (VAT) အခွန်သက်တမ်းထပ်မံတိုးမြှင့် လိုက်ခြင်းကြောင့် အခွန်ရရှိမှုဘတ်ငွေ ၂၄၀ ဘီလီယံခန့် လျော့ကျဆုံးရှုံးလိမ့်မည်ဟု ခန့်မှန်းထားပါသည်။ ဇန်နဝါရီလမှ ဇူလိုင်လအထိ ပထမခုနစ်လအတွင်း (VAT) အခွန်ကောက်ခံရရှိမှုမှာ နှစ်အလိုက်တွင် သုည ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ကြောင်း၊ အဓိကမှာ ပြည်တွင်းစားသုံး သုံးစွဲမှု နှေးကွေးကျဆင်းခြင်းကြောင့်ဖြစ်ကြောင်း သိရှိရသည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့။**

# ထိုင်းလယ်သမားများအား ထောက်ပံ့ရန် ဘတ်ငွေ တစ်ဘီလီယံ ရည်ရွယ်ထား

စက်မှုဝန်ကြီးဌာနအနေဖြင့် ထိုင်းလယ်သမားများအတွက် အထောက်အပံ့ပေးမည့် အစီအမံများကို ဆောင်ရွက်ရန် ဘတ်ငွေ တစ်ဘီလီယံအား သုံးစွဲနိုင်ရေးအတွက် အစိုးရ၏ လယ်ယာဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို အောက်တိုဘာလတွင် အပြီးသတ်ဆုံးဖြတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။



စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Pasuloharjun က ဝန်ကြီးဌာနအနေဖြင့် နောက်နှစ်အစောပိုင်းတွင် အဆိုပါ အစီအမံများကို စတင်ဆောင်ရွက်ရန် စက်မှုကဏ္ဍမြှင့်တင်ရေးဌာနနှင့် လယ်ယာနှင့် လယ်ယာသမဝါယမဘဏ်တို့နှင့် ဆွေးနွေးပြောဆိုလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါအသုံးစရိတ် ဘတ်ငွေတစ်ဘီလီယံမှာ ဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် ဘတ်ဂျက်၏ အစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်ပြီး နောက်လတွင် စတင်မည်ဖြစ်ကာ စုစုပေါင်း ၁၄ ဘီလီယံရှိကြောင်း သိရှိရသည်။

ဝန်ကြီးဌာနအနေဖြင့် လယ်သမားများ၏ လူနေမှုအဆင့်အတန်း တိုးတက်ရေးနှင့် ၎င်းတို့၏ မိသားစုဝင်ငွေတိုးတက်ရေးတို့အတွက် အထောက်အပံ့ပေးမည့် ဒီဇိုင်းပုံစံမော်ဒယ်နှစ်မျိုး၊ သုံးမျိုးကို ရေးဆွဲထားရှိကြောင်း Mr.Pasu က ပြောကြားခဲ့သည်။

အစားအစာကဏ္ဍမှာ အစီအစဉ်သစ်တွင် အဓိကဦးတည်ချက်ဖြစ်ကြောင်း၊ အဆိုပါမော်ဒယ်တွင် ကောက်ပဲသီးနှံ အစားအစာပြုပြင် ထုတ်လုပ်ခြင်းနှင့် လယ်သမားများအား ၎င်းတို့၏ စိုက်ခင်းမှ မြင့်မားသော အမြတ်အစွန်းရရှိ ဖွံ့ဖြိုးလာစေရန်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

တိုင်းပြည်၏ လယ်ယာကဏ္ဍမှာ GDP တွင် သိသာထင်ရှားသော အပိုင်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ OIE အနေဖြင့် ဝန်ကြီးဌာန၏ Cluster ကဏ္ဍတွင် ပါဝင်ပြီး CP ကဲ့သို့သော အစားအစာကုမ္ပဏီကြီးများနှင့် ပူးပေါင်းကာ အစားအစာပြုပြင်ထုတ်လုပ်သည့် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် စီမံထားကြောင်း သိရှိရသည်။

ဝန်ကြီးဌာနအနေဖြင့် SMEs လုပ်ငန်းများနှင့် အစပျိုးလုပ်ငန်းများ (Start-ups) လုပ်ငန်းများကို အတိုးနှုန်းသက်သာသော ချေးငွေ (Soft Loan) များ ထုတ်ချေးပေးနိုင်ရေး အစိုးရ၏ ဘဏ္ဍာရေးဌာနနှစ်ခုဖြစ်သော SMEs Development Bank နှင့် Export-Import Bank တို့နှင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးထားကြောင်း သိရှိ ရသည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့။**

# အိန္ဒိယနိုင်ငံ၏ သကြားတင်ပို့မှုတိုးမြှင့်နိုင်ရေး အစိုးရက အထောက်အပံ့ပေးမည်

အိန္ဒိယအစိုးရသည် ကြံစိုက်တောင်သူများနှင့် သကြားလုပ်ငန်းရှင်များအား ကူညီပံ့ပိုးမှုပြုသည့် မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်ချက်အဖြစ် ၂၀၁၉-၂၀ ခုနှစ် ထုတ်လုပ်မှုရာသီ၌ ပြည်ပသို့ သကြားတင်ပို့ရန် လျာထားချက်ကို ယခင်နှစ်ကထက် တန်ချိန်တစ်သန်းပိုမို၍ တန်ချိန်ခြောက်သန်းအထိတိုးမြှင့် ခွင့်ပြုခဲ့သည်။ ထို့ပြင် အစိုးရအဖွဲ့၏ စီးပွားရေးရာကော်မတီသည် သကြားတန်ချိန်လေးသန်းကိုကြားခံအရန် ပမာဏအဖြစ် တစ်နှစ်တာထားရှိရန်နှင့် Ethanol လောင်စာဆီဈေးနှုန်းမြှင့်တင်မှုတို့ကို ဇူလိုင်လအတွင်း အတည်ပြုပေးခဲ့သည်။

အစိုးရ၏ Ethanol လောင်စာဆီ ဈေးနှုန်းမြှင့်တင်ရန် ဆုံးဖြတ်ချက်သည် သကြားစက်လုပ်ငန်းများ၏ ထုတ်လုပ်မှုတန်ဖိုးစုစုပေါင်း၌ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ပါဝင်လျက်ရှိသော Ethanol ထုတ်လုပ်မှုအတွက် အထောက်အပံ့ပြုမည်ဖြစ်သည်။ အိန္ဒိယ အစိုးရသည် ပို့ကုန်လုပ်ငန်းရှင်များ၏သကြားတင်ပို့မှုတွင် အထောက်အပံ့ပေးရန် ရူပီးငွေ ၆၂ ဒသမ ၆၈ ဘီလီယံကို သုံးစွဲမည်ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ပမာဏသည် သကြားတန်ချိန် ခြောက်သန်းတင်ပို့ရာတွင် တစ်ကီလို ဂရမ်လျှင် ၁၀ ဒသမ ၄၄ ရူပီးနှုန်း ထောက်ပံ့မည့် သဘောပင်ဖြစ်သည်။ သို့ရာတွင် လာမည့် အောက်တိုဘာ ၁ ရက်မှစတင်မည့် အဆိုပါထောက်ပံ့မှုသည် သကြားလုပ်ငန်းရှင်များက ပြည်ပတင်ပို့ရန် ကုန်ကြမ်းဝယ်ယူခြင်းအတွက် ကြံစိုက်တောင်သူများ၏ ငွေစာရင်းသို့ တိုက်ရိုက်ပေးချေမည်ဖြစ်ပြီး ခုနှိမ်ကျန်ရှိသည့် ငွေပမာဏကိုသာ လုပ်ငန်းရှင်၏ ငွေစာရင်းသို့ ပေးသွင်းမည်ဖြစ်သည်။

အိန္ဒိယသကြားစက်လုပ်ငန်းများအသင်း (ISMA) ၏ ပြောကြားချက်အရ သကြားလုပ်ငန်းရှင်များအနေဖြင့် နှစ်ဟောင်းလက်ကျန်အဖြစ် သကြားတန်ချိန် ၁၄ ဒသမ ၅ သန်းအတွက် ကုန်ဖိုးငွေ ရူပီး ၁၁၀ ဘီလီယံ ခန့်ပေးချေရန်ကျန်ရှိနေကြောင်း၊ လက်ရှိ သကြားဈေးနှုန်းမှာ တစ်ကီလိုလျှင် ၃၁ ရူပီးခန့်ဖြစ်ရာ ၎င်းတန်ချိန် ပမာဏအတွက် ရင်းနှီးထားရသည့် တန်ဖိုးငွေမှာ ရူပီး ၄၅၀ ဘီလီယံခန့်ရှိကြောင်း သိရှိရသည်။ သို့ဖြစ်ရာ အစိုးရ၏ အရန်သကြားတန်ချိန်လေးသန်းဝယ်ယူမှုနှင့် သကြားတင်ပို့မှုအပေါ် ထောက်ပံ့ မည့် အစီအစဉ်သည် လုပ်ငန်းရှင်များအတွက် ဝန်ထုပ်ဝန်ပိုးလျော့ကျပြီး ငွေဖြစ်လွယ်မှုကို ရရှိစေမည်ဖြစ်သည်။

အိန္ဒိယအစိုးရသည် ၂၀၁၈-၂၀၁၉ ခုနှစ် ထုတ်လုပ်မှုကာလတွင် ပြည်ပသို့ သကြားတန်ချိန်ငါးသန်းတင်ပို့ရန် လျာထားခဲ့သော်လည်း ၃ ဒသမ ၂ သန်းခန့်သာ တင်ပို့နိုင်ခဲ့သည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

Vol: 19, No.36 Monday September 23 2019

# မလေးရှားက တင်သွင်းသည့် စားအုန်းဆီများအပေါ် အိန္ဒိယအစိုးရ အခွန်တိုးမြှင့်ကောက်ခံမည်



အိန္ဒိယနိုင်ငံ၌ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိကုန်သွယ်မှု ကုစားရေးဦးစီးဌာန(Directorate General of Trade Remedies - DGTR)သည် မလေးရှားနိုင်ငံက တင်သွင်းလျက်ရှိသော စားအုန်းဆီများအပေါ် အကောက်ခွန်တိုးမြှင့်ရန် ထောက်ခံတင်ပြသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာတစ်စောင်ကို ၂၀၁၉ ခုနှစ် ဩဂုတ် ၂၆ ရက် တွင် တင်သွင်းခဲ့သည်။

မလေးရှားနိုင်ငံမှ ထုတ်လုပ်သော အရောင်ချွတ်/အနံ့သတ် သန့်စင်ထားရှိသည့် စားအုန်းဆီခဲ (Palm oil) နှင့် စားအုန်းဆီချော (Palmolein)များအား ဈေးနှုန်းချိုသာစွာဖြင့် အများအပြား တင်သွင်းလျက်ရှိခြင်းက ပြည်တွင်းရှိ အလားတူ ကုန်ထုတ်လုပ်သူများအား ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် India-Malaysia Comprehensive Economic Cooperation Agreement (Bilateral Safeguard Measures) Rules, 2017 အရ စစ်ဆေး ဆောင်ရွက်ပေးစေလိုကြောင်း ဖြင့် အိန္ဒိယစားသုံးဆီ ထုတ်လုပ်သူများအသင်း၏ တောင်းဆိုမှု အပေါ် DGTR ဌာနက ၂၀၁၉ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်လျက် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံသို့ စားအုန်းဆီများ တင်ပို့လျက်ရှိသည့် မလေးရှားနိုင်ငံရှိ ကုမ္ပဏီ ၁၂ ခုထံ မေးခွန်းလွှာများပေးပို့၍ လေ့လာဆန်းစစ်မှုများ ပြုလုပ်ပြီးနောက် DGTR သည် မလေးရှားနိုင်ငံထုတ် စားအုန်းဆီနှစ်မျိုးအပေါ် ပြည်တွင်းလုပ်ငန်းရှင်များ အကာအကွယ်ပေးရေး အခွန် (Safeguard duty) ကို ငါးရာခိုင်နှုန်း တိုးမြှင့်ကောက်ခံရန် ထောက်ခံ တင်ပြချက်ပါရှိသည့် အစီရင်ခံစာကိုထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

လက်ရှိကာလတွင် အိန္ဒိယအစိုးရသည် စားအုန်းဆီကြမ်း (Crude palm oil) တင်သွင်းမှုအပေါ် သွင်းကုန်အခွန် ၄၀ရာခိုင်နှုန်းနှင့် စားအုန်းဆီချော (Refined palm oil) တင်သွင်းခြင်း အပေါ် သွင်းကုန်အခွန် ၅၀ရာခိုင်နှုန်း ကောက်ခံရန် သတ်မှတ်ထားသည်။ သို့ရာတွင် မလေးရှားနိုင်ငံနှင့် လက်မှတ်ရေးထိုးထားသည့် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (CECA) အရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်၍ စားအုန်းဆီချော တင်သွင်းမှုအား အခွန် ၄၅ ရာခိုင်နှုန်း သာကောက်ခံခဲ့ရာ ခုနစ်လတာကာလအတွင်း တင်သွင်းမှုပမာဏ တစ်ဟုန်ထိုး မြင့်တက်လာမှုကို ကြုံတွေ့လာရခြင်းဖြစ်သည်။

သို့ဖြစ်ရာ မလေးရှားနိုင်ငံထံမှ စားအုန်းဆီတင်သွင်းမှုအပေါ် လုပ်ငန်းရှင်များ အကာအကွယ်ပေးရေး အခွန် ငါးရာခိုင်နှုန်းကို ရက်ပေါင်း ၁၈၀ ကြာ ထပ်ဆောင်းကောက်ခံရန် DGTR ဌာနက အကြံပြုထားပြီး အစီရင်ခံစာပါအချက်များအပေါ် အကြံပြုချက်၊ သဘောထားမှတ်ချက်များပေးလိုပါက အစီရင်ခံစာ ထုတ်ပြန်သည့်နေ့မှ ၂၀ ရက်အတွင်း ပေးပို့ရန်ဖြစ်ကြောင်း သိရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ကိုရီးယားက ဂျပန်နိုင်ငံအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တိုင်ကြားစာ ပေးပို့သွားမည်

တောင်ကိုရီးယားနိုင်ငံ၏ အဓိကထုတ် ကုန်ပစ္စည်းများဖြစ်သော လျှပ်ကူးပစ္စည်း (Semiconductors)နှင့် ရုပ်မြင်ဖန်သားပြင် (Display panels)များထုတ်လုပ်ရာတွင် အဓိကအသုံးပြုရသည့် ကုန်ကြမ်းပစ္စည်းသုံးမျိုးနှင့် ပတ်သက်၍ တရားမျှတမှုမရှိသည့် ပို့ကုန်ဆိုင်ရာကန့် သတ်ထိန်းချုပ်မှုများအား ၂၀၁၉ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဂျပန်နိုင်ငံမှ စည်းကြပ်ချမှတ်ခဲ့သည့်အပေါ် ကိုရီးယားသမ္မတနိုင်ငံအစိုးရက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization - WTO)သို့ တိုင်ကြားစာပေးပို့သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဝန်ကြီးဖြစ်သူ YooMyung-hee က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထုတ်ဖော်ပြောကြားချက်အရ သိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဂျပန်နိုင်ငံမှ တောင်ကိုရီးယားနိုင်ငံအား ကုန်ပစ္စည်း ၁၂၀၀ ဝန်းကျင်အပေါ်တွင် ကုန်သွယ်ရေးဆိုင်ရာ အကျိုးခံစားခွင့်များရရှိနေသည့် ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ယုံကြည်ရသည့် နိုင်ငံစာရင်း (White List)မှ ပယ်ဖျက်ခဲ့ပြီးသည့် နောက်ပိုင်း၊ လက်ရှိ ရက်သတ္တပတ်များအတွင်းတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများ ဆက်လက်ဖြစ်ပေါ်လာခြင်းမရှိကြောင်း လေ့လာတွေ့ရှိရသော်လည်း၊ ယခုအခါ တောင်ကိုရီးယားနိုင်ငံမှ ဂျပန်နိုင်ငံနှင့်ပတ်သက်၍ တိုင်ကြားစာကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထံ ပေးပို့သွားမည်ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ပဋိပက္ခများမှာ ပြန်လည် တိုးမြှင့်လာဖွယ်ရာရှိနိုင်သည်။

အဆိုပါတိုင်ကြားမှုဆိုင်ရာကိစ္စရပ်သည် တောင်ကိုရီးယားနိုင်ငံမှ WTO သို့ တိုင်ကြားမှုဆိုင်ရာ စာရွက်စာတမ်းများ ပေးပို့သည်နှင့် စတင်မည်ဖြစ်ပြီး တောင်ကိုရီးယားအစိုးရဘက်မှ ဂျပန်အစိုးရ၊ WTOတို့နှင့် ဆွေးနွေးနိုင်ရန် တောင်းဆိုထားပါကြောင်း၊ ဂျပန်အစိုးရအနေဖြင့် အဆိုပါတောင်းဆိုမှုအား လက်ခံနိုင်ခြင်း ရှိ၊ မရှိ စဉ်းစားဆုံးဖြတ်ရန် ၁၀ ရက်တာ အချိန်ရရှိမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးရန် ဂျပန်ဘက်က လက်ခံခဲ့ပါက စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် ရက်ပေါင်း ၆၀ အချိန်ရရှိမည်ဖြစ်ကြောင်း၊ စေ့စပ်ညှိနှိုင်းနိုင်ခြင်း မရှိပါက WTO ၏ အငြင်းပွားမှုဆိုင်ရာဖြေရှင်းရေးခုံရုံးမှ ဝင်ရောက်ဖြေရှင်းပေးမည်ဖြစ်ကြောင်း သိရှိရသည်။

WTO မှ အဆိုပါကိစ္စရပ်အား ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် အချိန်ကာလအနေဖြင့် ၁၅ လ အထိ ကြာနိုင်မည်ဟု တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာနက ခန့်မှန်းမျှော်လင့်ထားသည်။

**ဝင်းပပသူ (စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# လီသီယမ်၊ ရှားပါးမြေကြီးနှင့် ကျောက်မီးသွေးများ အိန္ဒိယသို့တင်ပို့ရန် ဩစတြေးလျကြိုးပမ်း

ဩစတြေးလျအစိုးရသစ်သည် အပူစွမ်းအင်ထုတ် ကျောက်မီးသွေးသာမက အခြားနယ်ပယ်များတွင်လည်း အိန္ဒိယနှင့် ကုန်သွယ်မှုတိုးမြှင့်ရန် ကြိုးစားနေသည်ဟု Freight News သတင်းစာမျက်နှာ၌ ဖော်ပြထားကြောင်း သိရှိရသည်။

အိန္ဒိယသို့ လျှပ်စစ်မော်တော်ယာဉ်များတွင် အသုံးပြုသည့် လီသီယမ်ဘတ်ထရီများ တင်ပို့ရန်ကိုလည်း ကြိုးပမ်းနေပြီး၊ အဆင့်မြင့်နည်းပညာ အစိတ်အပိုင်းများအတွက် အရေးပါသည့်ရှားပါးမြေကြီး (Rare earth)နှင့် အရည်အသွေးမြင့် ကျောက်မီးသွေးများ တင်ပို့ရန်လည်း ဆောင်ရွက်နေသည်ဟု ဩစတြေးလျ သဘာဝအရင်းအမြစ်ဝန်ကြီး Matthew Canavan က ပြောကြားခဲ့ကြောင်း သိရှိရသည်။

ကျောက်မီးသွေးကဏ္ဍတွင် အိန္ဒိယနှင့်ဩစတြေးလျတို့အကြား အားကောင်းခိုင်မာသည့် ဆက်ဆံရေးတစ်ရပ်ရှိနေပြီး တွင်းထွက်နှင့် စိုက်ပျိုးရေးထွက်ကုန်ကဲ့သို့သော ကဏ္ဍများတွင်လည်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာနိုင်ဖွယ်ရှိသည်ဟု Matthew Canavan က ထည့်သွင်းပြောကြားထားသည်။

ဩစတြေးလျတွင် ရင်းနှီးမြှုပ်နှံမှုပြုမည့် ကျောက်မီးသွေးတွင်း စီမံကိန်းနှင့် ရထားလမ်းစီမံကိန်းတို့အတွက် အိန္ဒိယအခြေစိုက် Adani Enterprises သည် ဩစတြေးလျအစိုးရထံမှ လိုအပ်သည့် ခွင့်ပြုချက်များအားလုံးကို ရရှိခဲ့ပြီဖြစ်ကာ လက်ရှိတွင် အိန္ဒိယသည် ဩစတြေးလျထံမှ LNG ဓာတ်ငွေ့ကိုလည်း တင်သွင်းနေကြောင်း၊ အိန္ဒိယစားသုံးသူများမှာ ဈေးနှုန်းအထိအခိုက်မခံသည် ဖြစ်ရာ ဩစတြေးလျထံမှ ဈေးသင့်တင့်သည့် LNG တင်သွင်းမှုသည် နှစ်နိုင်ငံပူးပေါင်းမှုတိုးမြှင့်ရာတွင် အရေးကြီးသည့် အကြောင်းရင်းခံတစ်ရပ်ဖြစ်သည်ဟု အိန္ဒိယရေနံဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်**

# ချီလီထောပတ်သီး၊ ဘလူးဘယ်ရီနှင့် အခွံမာသီးများအတွက် သွင်းကုန်လုပ်ထုံးလုပ်နည်း ကန့်သတ်ချက် အိန္ဒိယအစိုးရ ဖြေလျှော့

အိန္ဒိယသို့ တင်ပို့မည့် ချီလီနိုင်ငံထွက် ထောပတ်သီး၊ ဘလူးဘယ်ရီနှင့် အခွံမာသီးများအား မတင်ပို့မီ methyl bromide ဖြင့် ပိုးသတ်မှိုင်းတိုက်ရန် ယခင်ကသတ်မှတ်ချက်ရှိခဲ့ရာ ယခုအခါ အဆိုပါသတ်မှတ်ချက်ကို အိန္ဒိယအစိုးရက ဖယ်ရှားပေးခဲ့ကြောင်း သိရှိရသည်။

ယင်း ဖြေလျှော့မှုသည် ချီလီစိုက်ပျိုးရေးသမားများအတွက် သတင်းကောင်းဖြစ်ပြီး အိန္ဒိယသို့တင်ပို့သည့် ကာလအတွင်း သစ်သီးများ ပျက်စီးမှုမဖြစ်ပေါ်စေနိုင်တော့ဟု ချီလီစိုက်ပျိုးရေးဝန်ကြီး Antonio Walker က ပြောကြားခဲ့ကြောင်း သိရှိသည်။

Methyl bromide ဖြင့် ပိုးသတ်မှိုင်းတိုက်ရန် လိုအပ်ချက်အားဖယ်ရှားမည့် လုပ်ငန်းစဉ်မှာ အချိန်ကြာမည်ဟု ထင်ထားခဲ့ကြောင်း၊ ယခုကဲ့သို့ လျင်လျင်မြန်မြန် ထုတ်ပြန်လိုက်သည့်အတွက် ပတ်ဝန်းကျင်ထိခိုက်မှုပိုနည်းသည့် အအေးခန်းစနစ်နှင့် ဖော့စ်ဖိုင်းတို့ကို အသုံးပြု၍ အိန္ဒိယဈေးကွက်သို့ တင်ပို့သွားမည်ဟု ၎င်းက ထည့်သွင်း ပြောကြားထားကြောင်း သိရှိရသည်။

ချီလီအစိုးရအနေဖြင့် ချီလီစိုက်ပျိုးရေးလုပ်ငန်း တိုးတက်လာရေးအတွက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ရည်မှန်းဆောင်ရွက်နေကြောင်း၊ ချီလီမှ အိန္ဒိယသို့ စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၁၈၀ နီးပါးသာရှိပြီး တရုတ်သို့တင်ပို့နေသည့် ပမာဏအောက် များစွာ လျော့နည်းနေကြောင်း၊ ချီလီအနေဖြင့် တရုတ်သို့ တင်ပို့နေသည့် ပမာဏလောက်ကို အိန္ဒိယသို့ တင်ပို့ချင်ကြောင်း၊ အိန္ဒိယသည် ချီလီထောပတ်သီးနှင့် ဘလူးဘယ်ရီများကို ၂၀၁၇ ခုနှစ် ဧပြီလမှစ၍ ၎င်းတို့ဈေးကွက်သို့ စတင်တင်ပို့ ခွင့်ပြုခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်နွယ်**

# ဂျပန်နိုင်ငံအား ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ယုံကြည်ရသည့် ကုန်သွယ်ဖက်နိုင်ငံစာရင်းမှ တရားဝင်ပယ်ဖျက်




ကိုရီးယားသမ္မတနိုင်ငံသည် ဂျပန်နိုင်ငံအား ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ယုံကြည်ရသည့် ကုန်သွယ်ဖက်နိုင်ငံစာရင်း (White List) မှ စက်တင်ဘာ ၁၈ ရက်တွင် တရားဝင် ပယ်ဖျက်လိုက်ပြီဖြစ်ပြီး ယင်းသည် ၁၉၆၅ ခုနှစ်တွင် စတင်ခဲ့သည့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတွင် အနိမ့်ပါးဆုံးသော အခြေအနေတစ်ခုဖြစ်သည်။

ပို့ကုန်ဆိုင်ရာ ထိန်းချုပ်မှု လိုအပ်သည့် Dual Use အသုံးပြုနိုင်သော Strategic Item များနှင့် ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန်ဆိုင်ရာထိန်းချုပ်မှုစနစ် (Export Control System) ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ပြန်လည်ပြင်ဆင်၍ တရားဝင်ထုတ်ပြန်ပြီးဖြစ်ရာ စက်တင်ဘာ ၁၈ ရက်တွင် စတင်အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့်စွမ်းအင်ဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအား တောင်ကိုရီးယားနိုင်ငံ၏ ယုံကြည်ရသည့် ကုန်သွယ်ဖက်နိုင်ငံစာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း ဩဂုတ် ၁၂ ရက်တွင် စက်မှုလုပ်ငန်းဝန်ကြီး Mr. Sung Yun-mo က ပြောကြားခဲ့ချိန်မှစ၍ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် အများပြည်သူတို့ထံမှ သဘောထားမှတ်ချက်တောင်းခံခြင်းအပါအဝင် လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပြီး စည်းမျဉ်းစည်း ကမ်းများကို ပြင်ဆင်နိုင်ရေးအတွက် ဥပဒေပြုရုံးသို့ တင်ပြခဲ့သည်။ ဝန်ကြီးဌာနအနေဖြင့် ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၃ ရက်အထိ Website နှင့် အီးမေးလ်များမှတစ်ဆင့် သဘောထားများ တောင်းခံခဲ့ရာ ရလဒ်များအရ ၉၁ ရာခိုင်နှုန်းသည် ဥပဒေစည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ရန် ထောက်ခံခဲ့ကြကြောင်း သိရှိရပြီး၊ သဘောထား တောင်းခံခဲ့သည့် အရေအတွက်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရှိရသည်။

အဆိုပါစည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ချက်သည် စက်တင်ဘာ ၁၈ ရက်တွင် စတင် အသက်ဝင်မည်ဖြစ်ရာ၊ တောင်ကိုရီးယားနိုင်ငံ၏ Export Control System တွင် ဂျပန်နိုင်ငံ၏အနေအထားသည် အဆင့်နိမ့်သို့ ပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။ ယခင်က တောင်ကိုရီးယားနိုင်ငံအနေဖြင့် Export Control System အတွက်ကုန်သွယ်ဖက်နိုင်ငံများကိုGroup (A)(B) ဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်ခဲ့ရာမှ ယခုစနစ်သစ်တွင် Group (A-2) အသစ်တိုး၍ ပါဝင်လာမည်ဖြစ်ပြီး၊ အဆိုပါ Group (A-2) သည် Group (B) အဆင့်နီးပါးကဲ့သို့ပင် ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းကန့်သတ်ချက်များကို လိုက်နာဆောင် ရွက်ရမည်ဖြစ်ကာ အချို့သော အချက်များတွင်သာ အနည်းငယ်ကွဲပြားမှုရှိမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၏ Government's Compliance Program တွင်ပါဝင်ဆောင်ရွက်နေသော ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်Group(A-1) တွင် အကျုံးဝင်သော နိုင်ငံများသို့ Strategic Items ပစ္စည်းများကို တင်ပို့နိုင်မည်ဖြစ်ပြီး၊ Group (A-2) နှင့် Group (B) တို့တွင် အကျုံးဝင်သော နိုင်ငံများသို့မူ သတ်မှတ်ချက်များနှင့်အညီသာ တင်ပို့ခွင့်ရရှိမည် ဖြစ်ပါသည်။ ဥပမာအားဖြင့်-မိမိကုန်သွယ်မှုပြုမည့်နိုင်ငံသည် မိမိနှင့် နှစ်နှစ်တာအတွင်း (၃)ကြိမ် အထက်ကုန်သွယ်မှုပြုထားသူ (သို့မဟုတ်) နှစ်နှစ်ထက်ပို၍ ကာလရှည်ကြာစွာ ကုန်သွယ်မှု ပြုခဲ့သူဖြစ်ရမည် စသဖြင့် သတ်မှတ်ချက်များနှင့် ကိုက်ညီရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

**ဝင်းပပသူ (စီးပွားရေးသံမှူး)**
**(မြန်မာသံရုံး၊ ဆိုလ်းမြို့)**

## ရေနံဈေးနှုန်းများ မြင့်တက်လာခြင်းက တောင်ကိုရီးယား၏ စီးပွားရေးကို ဝန်ထုပ်ဝန်ပိုး ပိုမိုဖြစ်လာ

ဆော်ဒီအာရေးဗျနိုင်ငံ၏ အဓိကရေနံဗဟိုဌာနအား မောင်းသူမဲ့လေယာဉ်ငယ်(Drone)များဖြင့် ၁၄-၉-၂၀၁၉ ရက်တွင် တိုက်ခိုက်ခဲ့ရသဖြင့် ရေနံထုတ်လုပ်နိုင်မှု လျော့ကျမှုကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများမှာ ပိုမို မြင့်တက်လာဖွယ်ရှိခြင်းကြောင့် ပြည်တွင်းဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများလည်း မြင့်တက်လာမည်ဖြစ်သဖြင့် တောင်ကိုရီးယားနိုင်ငံ၏ လက်ရှိစီးပွားရေး အခြေအနေအပေါ် ပိုမိုဝန်ပိဖွယ်ရာဖြစ်လာနိုင်ကြောင်း ဈေးကွက်ဆိုင်ရာ ကျွမ်းကျင်သူများက သုံးသပ်လျက်ရှိကြသည်။

ဆော်ဒီအာရေးဗျနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံသို့ လောင်စာဆီအများဆုံးတင်ပို့ပေးလျက်ရှိသည့် အဓိကနိုင်ငံဖြစ်သည့်အတွက် အရှေ့အလယ်ပိုင်းဒေသမှ တောင်ကိုရီးယားသို့ လောင်စာဆီပေးသွင်းမှု လက်ရှိအခြေအနေနှင့် ပတ်သက်၍အနီးကပ်ကြီးကြပ်စောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ကြောင်း ပညာရှင်များက အစိုးရသို့ တိုက်တွန်းပြောကြားထားပြီး၊ ၁၆-၉-၂၀၁၉ ရက်တွင် ပြုလုပ်ခဲ့သော အရေးပေါ်အစည်းအဝေး၌လည်း ယခုဖြစ်စဉ်၏ ဆက်လက်တိုးတက် ဖြစ်ပေါ်မှုများကို အနီးကပ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်းနှင့် လိုအပ်ပါက အရန်ထားရှိသည့်ဆီများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ဖော်ပြောကြားချက်အရ သိရှိရသည်။

ထိုကဲ့သို့ တိုက်ခိုက်ခံခဲ့ရမှုကြောင့် ၁၆-၉-၂၀၁၉ ရက်တွင် oilprice.com ၌ ဖော်ပြချက်အရ နိုင်ငံတကာစံဖြစ်သည့် ဘရန့်ရေနံစိမ်း၏ ဈေးကွက်အဖွင့်ဈေးနှုန်းသည် တစ်စည်လျှင် အမေရိ ကန်ဒေါ်လာ ၇၁ ဒသမ ၉၅ သို့ရောက်ရှိခဲ့ပြီး၊ ယခင်ဈေးနှုန်းထက် အမေရိကန်ဒေါ်လာ ၁၂ သို့မဟုတ် ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်သွားခဲ့သည်ကို တွေ့ရှိရသည်။

ထို့နောက်ရေနံစိမ်းဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၇၀ အောက်သို့ ပြန်လည်ကျဆင်းခဲ့သော်လည်း၊ ယခုကဲ့သို့ မြင့်တက်ခဲ့မှုသည် ၂၈ နှစ်တာကာလအတွင်း အမြင့်ဆုံးအနေဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တိုက်ခိုက်ခံရမှုသည် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၅ ရာခိုင်နှုန်းကို ထိခိုက်မှုရှိကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအတွက် အဆိုပါပမာဏသည် များပြားသည့်ပမာဏဖြစ်ပါကြောင်း၊ ထို့ပြင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထိပင် မြင့်တက်နိုင်ကြောင်း အချို့က ထင်ကြေးပေးလျက်ရှိကြကြောင်း၊ အဆိုပါဖြစ်စဉ်သည် အရှေ့အလယ်ပိုင်းဒေသ၏ပထဝီဝင်နိုင်ငံရေး အခြေအနေများကို ပိုမိုဆိုးရွားအောင် လှုံ့ဆော်ပေးသကဲ့သို့ဖြစ်သည့်အတွက် တောင်ကိုရီးယားနိုင်ငံအစိုးရအနေဖြင့်လည်း ရှေ့ဆက်၍ သေချာစွာ အနီးကပ်စောင့်ကြည့်ကြီးကြပ်ကာ ဆောင်ရွက်သင့်ကြောင်း တောင်ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးဗဟိုဌာနမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

**ဝင်းပပသူ (စီးပွားရေးသံမှူး)၊ (မြန်မာသံရုံး၊ ဆိုလ်းမြို့)**

# အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့ စီးပွားရေးဆက်ဆံမှုမြင့်တင်

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ရုရှားနိုင်ငံ၏ အရှေ့ဖျားဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေ ဒေါ်လာသန်း ၁၀၀၀ ပေးအပ်မည် ဟူသော ပြောဆိုမှုနှင့်အတူ ရုရှားနိုင်ငံနှင့် စီးပွားရေးဆက်ဆံရာတွင် အရှေ့ဖျားဒေသသို့ ရှေးရှုဆောင်ရွက်ရေး မူဝါဒကို စတင်ဖော်ဆောင်လိုက်သည်။

စက်တင်ဘာ ၅ ရက် ရုရှားနိုင်ငံ အရှေ့ပိုင်းရှိVladivostok မြို့၌ကျင်းပသည့် ပဉ္စမအကြိမ်အရှေ့ဖျားဒေသ စီးပွားရေးဖိုရမ် (Eastern Economic Forum) ၏ သဘာပတိ ဆွေးနွေးပွဲ၌ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက အိန္ဒိယသည် Vladivostok ၌ ကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်လျက် နှစ်နိုင်ငံဆက်ဆံမှုကို စတင်ဆောင်ရွက်သည့် ပထမဦးဆုံးနိုင်ငံဖြစ်ကြောင်း၊ ရုရှားနိုင်ငံ အရှေ့ဖျားဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် Act Far East ခေါ် အရှေ့ဖျားဒေသသို့ ရှေးရှုဆောင်ရွက်ရေးမူဝါဒကို ချမှတ်လျက် အိန္ဒိယ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏ အရှေ့ဖျားဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေ ဒေါ်လာသန်း ၁၀၀၀ ပေးအပ်မည်ဖြစ်ကြောင်း၊ ဤဒေသ၌ လာရောက်အခြေချနေထိုင်လျက်ရှိကြ သည့် အိန္ဒိယလူမျိုးများသည်လည်း ဒေသ ဖွံ့ဖြိုးတိုးတက်မှုတွင် တစ်တပ်တစ်အား ပါဝင်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် ဝန်ကြီးချုပ်၏ ခရီးစဉ်မတိုင်မီ တစ်လခန့်အလိုကပင် ရုရှားနိုင်ငံ အရှေ့ပိုင်းရှိ Vladivostok မြို့သို့ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Piyush Goyal ဦးဆောင်လျက် BJP ပါတီမှ ပြည်နယ်ဝန်ကြီးချုပ်လေးဦးနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၄၀ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တစ်ရပ်ကို စေလွှတ်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေကို လေ့လာဆွေးနွေးခဲ့သည်။



နှစ်နိုင်ငံအကြား စိန်အချောထည်ပြုပြင်မှု၊ မြေရှားသတ္တုထုတ်လုပ်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်မှု၊ စိုက်ပျိုးရေး၊ သစ်တော၊ ခရီးသွားလုပ်ငန်းနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိရာ အရှေ့ဖျားဒေသ စီးပွားရေးဖိုရမ်၌ ရုရှားနိုင်ငံ၏ အရှေ့ဖျားဒေသတွင် အိန္ဒိယက လက်ရှိဆောင်ရွက်လျက်ရှိသော ရေနံတူးဖော်မှုလုပ်ငန်းများအား ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးချဲ့ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

ဗုဒ္ဓံ ဓမ္မံ သံဃံ

ကိုအောင်ငွေ + မခင်အုံးလွင် (သား) မောင်အောင်ကျော်လှိုင် မိသားစု

# သန်းသဇင်

ခါတ်မြေသြဇာ နှင့် စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေး

ဝယ်ယူအားပေးကြသော မိတ်ဆွေကြီးများ
ကြီးပွားတိုးတက်ကြပါစေ

အမှတ်(၉)ရပ်ကွက်၊ ဖောင်တော်ဦးလမ်း၊ မြစ်ခြေကားဂိတ်၊ ပခုက္ကူမြို့။
၀၉-၂၃၀၂၁၆၅၊ ၀၉-၇၉၄၄၀၂၄၉၄၊ ၀၉-၈၉၆၅၇၁၃၆၉၊ ၀၉-၄၀၁၆၇၆၆၈၀

# ESCORT

ELECTRIC HOME APPLIANCES



Life Trust International Co.,Ltd

Address : No.(22), Pwelsartan Street,Natchaung Ward,Tamwe Township, Yangon, Myanmar.
Tel : 01-544703 ,01-543680
09964544703 ,09976992791 ,09250656771
Email : escort.mm@gmail.com info.lifetrust@gmail.com
Website : www.lifetrustmyanmar.com

# မြင့်မြတ်တော်ဝင်

ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ
အထူးကုဆေးခန်း

ပိတ်ရက်မရှိဖွင့်လှစ်သည်။

G-13/15, Pyay Rd.,
Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350

# BEST

ကျပ်သိန်းပေါင်း ၅၀၀ တန်ဖိုးရှိ
ငွေသားဆုမဲများစွာ ...




STANDARD OF FUTURE CO., LTD

Add : No.(116), Ayar Road, Intustrial Zone(5), Hlaing Thar Yar Township, Yangon, Myanmar. 09-444552447, 09-444552448

# POWER NET CO., LTD.



- M & E ဒီဇိုင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများ
- HVAC တပ်ဆင်ခြင်းလုပ်ငန်းများ
- High Voltage , Low Voltage Line တည်ဆောက်ခြင်းလုပ်ငန်း
- Transformer တည်ဆောက်ခြင်းလုပ်ငန်းများနှင့်
- ကျေးရွာမီးလင်းရေးလုပ်ငန်းများအား လူကြီးမင်းတို့ စိတ်တိုင်းကျ တာဝန်ယူဆောင်ရွက်ပေးနေပါသည်

Add : No.521, Room 402, Thumingalar Rd, Thumingalar Condo, 11 Quarter South Okkalapa Township, Yangon, Myanmar.
Ph : 09799872320, 09422341207, 09422523563
Email : powernet770@gmail.com

# SOE MYINT & SONS

## Stainless Steel Trading Co., Ltd.



- Stainless Steel Trading
- Stainless Steel Decoration
- Stainless Steel Installations
- Stainless Steel Furniture
- Stainless Steel Kitchen Equipments

09 5073133

- စတီးလ်ဝရန်တာလက်ရန်း၊ လှေခါးလက်ရန်းပုံစံအမျိုးမျိုး
- စတီးလ်ဂိတ်တံခါးပုံစံအမျိုးမျိုး
- ဟိုတယ်နှင့် စားသောက်ဆိုင်သုံးစတီးလ်စားပွဲအမျိုးမျိုး
- ဟိုတယ်သုံးစတီးလ်မီးဖိုအမျိုးမျိုး
- အသားခုတ်စတီးလ်စားပွဲပုံစံအမျိုးမျိုး
- စတီးလ်တွန်းလှည်းအမျိုးမျိုး
- စတီးလ်ပေါင်းအိုးမျိုးစုံသုံး
- စတီးလ် Stand အမျိုးမျိုး
- စတီးလ်ဘွိုင်လာ
- ဆေးရုံသုံးစတီးလ်ကုတင်အမျိုးမျိုး
- အိမ်သုံးစက်ရုံသုံးစတီးလ်ရေတိုင်ကီအမျိုးမျိုး
- ကြက်ကြော်ကြက်ကင်စတီးလ်လှည်းအမျိုးမျိုး

- စတီးလ်ပြားဆိုဒ်စုံ
- စတီးလ်ပိုက်ဆိုဒ်စုံ
- စတီးလ်စက္ကူယာပိုက် ဆိုဒ်စုံ
- သဘောပန်ကာသုံးဝင်ရိုးဆိုင်ဒ်စုံ
- စတီးလ်ပန်းပြားဂိတ်စုံ
- စတီးလ်ရွှေရောင်ပြားဂိတ်စုံ
- စတီးလ် 8K ပြားဂိတ်စုံ
- စတီးလ် 4B (HL) ဂိတ်စုံ
- စတီးလ်ဟာဂံလန် - ဖလက်ပြားဆိုဒ်စုံ
- စတီးလ်မူလီတိုင်နှင့်မူလီခေါင်းဆိုဒ်အမျိုးမျိုး
- စက်ရုံသုံးစတီးလ်ပိုက်ထူနှင့် ELBOW
- Tee - Union - Socket

ထိုင်းနိုင်ငံထုတ် ဂျပန်အရည်အသွေးအဆင့်မီပစ္စည်းများကိုသာ တင်သွင်းဖြန့်ဖြူးပေးပါသည်၊ Grade များ၏ Specification ကို Certificate နှင့်တကွစစ်ဆေးပြီး ယုံကြည်စိတ်ချစွာ ဝယ်ယူအားပေးနိုင်ပါသည်၊

**OFFICE SALE CENTRE - 2**
No. (81/85), Room (1,2,3) Ground Floor, Anawrahta Rd, Pazundaung Tsp, Yangon.
Tel: 293707, 297928, 297947, 09 5000483, 09 5073133, Fax : 200248

**SALE CENTRE - 1**
No. (212,213,214,215/B), Corner of Sin Tair Road & Zaungtu Road, Industrial Zone (3), South Dagon.
Tel: 590615, 590898, 590613, 590770, 09510230, 73103355, 73039073

**SALE CENTRE - 3**
No. (10), Banyardala Street, Mingalar Taung Nyunt Township, Yangon, Myanmar.
Tel: 09-5072622, 09-73154989, 09-450066714, 293707, 297928, 290748

COMMERCE
INTERNATIONAL

# ဗီယက်နမ်ဖွံ့ဖြိုးရေး မဟာဗျူဟာတွင် ဈေးကွက်စီးပွားရေးနှင့် နည်းပညာကိုဦးစားပေး

၂၀၂၁-၃၀ ခုနှစ် ဖွံ့ဖြိုးရေးမဟာဗျူဟာတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှု၊ လူမှုရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုကို အထူးအလေးပေးထားကြောင်း ဗီယက်နမ်နယူးအေဂျင်စီသတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ခေတ်မီဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းရေးသိပ္ပံနှင့် နည်းပညာတိုးတက်အောင် ဆောင်ရွက်ရေး ပုဂ္ဂလိကကဏ္ဍ အလားအလာများ တိုးတက်အောင်ဆောင်ရွက်ရေးနှင့် လူငယ်မျိုးဆက်များအတွက် ပညာရေးတွင် မြှုပ်နှံရေးတို့ဖြစ်ကြောင်း စက်တင်ဘာ ၂၀ရက်က ဟန္ဓိုင်းမြို့၌ကျင်းပသော ဗီယက်နမ်ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ်တွင် ဝန်ကြီးချုပ် ငုယင်ဇွမ်ဖတ်က ပြောသည်။

၂၀၂၁- ၃၀ ခုနှစ်အတွက် ဗီယက်နမ်နိုင်ငံ၏ ဖွံ့ဖြိုးရေးမဟာဗျူဟာမူကြမ်းသည် ကမ္ဘာပေါ်၌ မရေရာမှုများ တိုးတက်ဖြစ်ပွားနေချိန်တွင်ရေးဆွဲခဲ့ရသော အစီအစဉ်တစ်ခုဖြစ်သည်။ ဤကာလမှာ ပထဝီနိုင်ငံရေးပြဿနာများ၊ ကုန်သွယ်ရေးစစ်ပွဲများ၊ ကိုယ်ကျိုးစီးပွားကာကွယ်မှုများ၊ စီးပွားရေးကျဆင်းမှုများနှင့် ရာသီဥတုပြောင်းလဲမှု စသည့်တင်းမာမှုများ ပြင်းထန်နေသည့်ကာလဖြစ်သည်။

နိုင်ငံစီးပွားရေးသည် ပြောင်းလဲမှုများကို ကြံ့ကြံ့ခံနိုင်သော စွမ်းရည်နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်သည့် စွမ်းရည်ရှိရန်လိုကြောင်း ဝန်ကြီးချုပ်က ပြောသည်။ ဗီယက်နမ်သည် ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းရေးကို အရှိန်မြင့်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လက်မှတ်ရေးထိုးထားသော လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်များကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ၎င်းက ကတိပေးထားသည်။



# မိုးရွာသွန်းမှုအခြေအနေ ကောင်းမွန်လာသဖြင့် အိန္ဒိယပဲမျိုးစုံ အထွက်ကောင်းနိုင်

အိန္ဒိယနိုင်ငံ၏နွေသီးနှံသည် တာထွက်ညံ့ခဲ့သော်လည်း ယခုအခါ အခြေအနေမှာ ပြန်လည်နာလန်ထူလာပြီဖြစ်ကြောင်းနှင့် အကောင်းဘက်သို့ဦးတည်လာနေပြီဖြစ်ကြောင်း လေ့လာဆန်းစစ်သူတို့၏ ပြောကြားချက်ကို ကိုးကား၍ Producer.com ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

မုတ်သုံမိုးရွာသွန်းမှုသည် ဇွန် ၁ ရက်မှဇူလိုင် ၁၉ ရက်အထိ ကာလအတွင်း ပုံမှန်ရွာသွန်းမြဲအောက် ၁၈ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ဇွန် ၁ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိကာလကို ကြည့်ပါက ပျမ်းမျှရွာသွန်းမှုအထက် ၁၉ ရာခိုင်နှုန်း မြင့်မားခဲ့သည်။ ဇူလိုင် ၁၉ ရက်အထိ ပဲသီးနှံစိုက်ပျိုးမှု အခြေအနေမှာ ယခင်နှစ်ကထက် ဧကခုနစ်သန်းကျော်ပိုမိုခဲ့ပြီး စက်တင်ဘာ ၁၃ ရက်အထိ အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိသည်။

'အလားအလာအရ သီးနှံအထွက်ကောင်းပါမယ်'ဟု ကိုစတယ်အက် အတိုင်ပင်ခံအဖွဲ့ဥက္ကဋ္ဌ ဂရက်ကိုစတယ်ကပြောသည်။ နွေစိုက်သီးနှံ အခြေအနေမှာ ကျဆင်းနိုင်မည့်အလားအလာမရှိကြောင်းနှင့် မုတ်သုံမိုးကြောင့် တာတမံများရေပိုပြည့်လာပြီး ဆောင်းရာသီသီးနှံအထွက်ကောင်းအောင် အထောက်အကူပေးလိမ့်မည်ဟု သူကပြောသည်။ ဤအခြေအနေက ကနေဒါနိုင်ငံမှ ပဲစိုက်တောင်သူများ၊ ကြိတ်ခွဲပြုပြင်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် စိုးရိမ်စရာဖြစ်ရသည်။

အိန္ဒိယအစိုးရ၏ လက်ထဲတွင် ကြားခံသိုလှောင်ထားသော ပဲကမာဏမှာ အမြောက်အမြားရှိပြီး တန်ချိန် ၃ ဒသမ ၅ သန်းခန့်ရှိနိုင်ကြောင်း အိန္ဒိယကုန်စည်ပွဲရုံလုပ်ငန်း JLV Agro ၏ ဒါရိုက်တာဖြစ်သူ ဗီဗစ်အက်ဂရာဝါကပြောသည်။



# စင်ကာပူတွင် မော်ဒယ်သစ် အိုင်ဖုန်းများ စတင်ရောင်းချ

အက်ပဲအိုင်ဖုန်းသုံးမျိုးဖြစ်သော iPhone 11, iPhone 11 Pro နဲ့ iPhone 11 Pro Maxတို့ကို စင်ကာပူတွင် စက်တင်ဘာ ၂၀ ရက်က စတင်ရောင်းချခဲ့ကြောင်း channelnewsasia သတင်းတွင် ဖော်ပြသည်။ အိုင်ဖုန်းများကို ရောင်းချရန် မူလသတ်မှတ်ထားသောရက်ထက် တစ်ရက်စော၍ ရောင်းချခြင်းဖြစ်ပြီး အောချတ်လမ်းရှိ အက်ပဲစတိုးဆိုင်အပြင်ဘက်တွင် လူအများအပြား တန်းစီစောင့်ဆိုင်းနေကြသည်။ မိုဒယ်အမျိုးအစား သုံးခုစလုံးကို စင်ကာပူတွင် စက်တင်ဘာ ၁၃ ရက်ကတည်းက ကြိုတင်မှာယူထား ခြင်းဖြစ်သည်။

အိုင်ဖုန်းများတွင် ပြိုင်ဘက်စမတ်ဖုန်းများကဲ့သို့ 5G ဆက်သွယ်မှုမပါရှိသကဲ့သို့ ခေါက်နိုင်သော အမျိုးအစားလည်းမဟုတ်ပေ။ သို့သော်လည်း အက်ပဲ၏နောက်ဆုံးပေါ်ဖုန်းကို စိတ်ဝင်စားမှု ကျဆင်းသွားသည်ကို မတွေ့ရပေ။ ဖုန်းသစ်တွင်ပါရှိသော ပရိဆက်ဆာနှင့်ပတ်သက်၍ အလွန်တရာစိတ်လှုပ်ရှားရကြောင်း CNA Lifestyle အဖွဲ့ဝင်တို့က ပြောသည်။ iPhone 11 နှင့် 11 Pro နှစ်ခုစလုံးတွင် A13 Bionic ပါရှိသည်။ ကုမ္ပဏီ၏ အဆိုအရ စမတ်ဖုန်းများတွင် သုံးသော ချစ်ပ်များအနက် အမြန်ဆုံးချစ်ပ်တစ်မျိုးဖြစ်ကြောင်းသိရသည်။

ဖုန်းဘက်ထရီအားသွင်းပြီး အသုံးပြုနိုင်သော သက်တမ်းမှာအဆမတန်ကြာရှည်ခံသည်။ iPhone 11 Pro နှင့် iPhone 11 Pro Max တို့၏ ဘက်ထရီအားသွင်းပြီး အသုံးပြုနိုင်သောသက်တမ်းမှာ iPhone XS ထက် လေးနာရီနှင့် ငါးနာရီ အသီးသီးပိုမိုရှည်ကြာစွာအသုံးခံသည်။

အထင်ရှားဆုံး အပြောင်းအလဲမှာ ကင်မရာကို အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။ iPhone 11 Pro နှင့် Pro Max တို့တွင် ကင်မရာကိုအဆင့်သုံးဆင့်ဖြင့်သုံးနိုင်သည်။ ကင်မရာမှန်ဘီလူးကို အကျယ်ဆုံး၊ စံချိန်မီအကျယ်နှင့် အဝေးဆွဲတယ်လီဖိုတိုဟူ၍ သုံးမျိုးခွဲတပ်ဆင်ထားသည်။ iPhone 11 တွင်မှန်ဘီလူးနှစ်ဆင့်စနစ် dual-lens system ကို သုံးထားသည်။ အက်ပဲလက်လီဆိုင်များတွင် 64GB iPhone 11 အတွက် စင်ကာပူဒေါ်လာ ၁၁၄၉၊ 256GB iPhone 11 Pro အတွက် စင်ကာပူဒေါ်လာ ၂၃၄၉ နှင့် 512GB iPhone 11 Pro Max အတွက် စင်ကာပူဒေါ်လာ ၂၃၄၉ ဖြင့် ရောင်းချသည်။

# တိုက်ဖွန်းမုန်တိုင်း ဖက်စီကြောင့် ဂျပန်လယ်ယာစိုက်ပျိုးရေး အကြီးအကျယ်ပျက်စီး

တိုက်ဖွန်းမုန်တိုင်း ဖက်စီကြောင့် ဂျပန်လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းများတွင် ပျက်စီးမှုတန်ဖိုးမှာ စက်တင်ဘာ ၁၉ ရက်အထိ အမေရိကန်ဒေါ်လာ သန်း ၂၉၀ ကျော်ရှိခဲ့ကြောင်း NHK သတင်းတွင် ဖော်ပြသည်။ ယခုပျက်စီးမှုများမှာ အဓိကအားဖြင့် ဂျပန်နိုင်ငံ အရှေ့ပိုင်းဒေသတွင်ဖြစ်ပြီး ပျက်စီးမှုပမာဏမှာ ဆက်လက်မြင့်တက်ဖွယ်ရှိသည်။

ဩဂုတ် ၁၉ ရက်အထိ ရရှိထားသော စာရင်းများအရ အဓိကအားဖြင့် ဂျပန်နိုင်ငံ အရှေ့ပိုင်းဒေသရှိ ချီဘာ၊ အီဘာရာကီနှင့် အခြားစီရင်စုနယ်ခြောက်ခုတွင် အပျက်အစီး များပြားခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့ကပြောသည်။

ဆန်စပါး၊ ပဲနှင့် မုန်လာဥနီကဲ့သို့သောလယ်ယာထွက်ကုန်များ၏ပျက်စီးမှုမှာ အမေရိကန်ဒေါ်လာ ၈၇ သန်းထိ ရောက်ရှိနိုင်သည်။ ဖန်လုံအိမ်များအတွက်ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၁၇၇ သန်းထိ ရှိနိုင်သည်။

ချီဘာ၊ အီဘာရာကီနှင့် အခြားစီရင်စု သုံးခုတွင် တိုက်ဖွန်းမုန်တိုင်းကြောင့် ငါးဖမ်းလှေ ၃၂၄ စင်း ပျက်စီးခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းရှိမည်ဟု အရာရှိများကပြောသည်။

ချီဘာရှိနွားမွေးမြူသူအများစုမှာ အချို့က နွားများကို နို့မညှစ်နိုင်ဘဲ ညှစ်ထားသော နို့များမှာလည်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ရေခဲသေတ္တာများ အသုံးပြုမရသဖြင့် ပျက်စီးကုန်သည်။

အချို့သောဒေသများ အထူးသဖြင့် ချီဘာတောင်ပိုင်းတွင် တိုက်ဖွန်းမုန်တိုင်း၏ဒဏ်ကို လေ့လာအကဲခတ်နိုင်ခြင်းမရှိသေးကြောင်းနှင့် ပျက်စီးမှုတန်ဖိုးမှာ မြင့်တက်လာနိုင်ကြောင်း အရာရှိများက ပြောသည်။

**စံမီအောင် စုစည်းသည်**

Don't use plastic and Be fantastic
ပတ်ဝန်းကျင် သာယာလှပစေရေး
ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။